၁၀၀၇

ကမ္ဗူမြို့၊

ရေခဲတောင်ဆရာတော်

# ရှင်ဉာဏာစာရ-မထေရ်မြတ်

သည်

စီရင်တော်မူအပ်သော

# ကိုယ်ကျွင်း-မုဒ္ဒဘာသိတ

# ရုပ်နာမ်အဘိဓမ္မာ

နှင့်

# ဝိပဿနာစက္ခုကျမ်း၊

16 AUG 1963

အလင်းရောင်စာပုံနှိပ်တိုက်၊ ကြီးစုလမ်း-ပြည်မြို့။
၁၃၂၅-ခု၊ ဝါခေါင်လတွင် ပုံနှိပ်ပြီးသည်။
စာအုပ်ရေ-၂၀၀၀။

၉၈၃၄

ကမ္မမြို့။

ရေခဲတောင်ဆရာတော်

# ရှင်ဉာဏာစာရ-မထေရ်မြတ်

သည်

စီရင်တော်မူအပ်သော

## ကိုယ်တွင်း-ဗုဒ္ဓဘာသိတ

# ရုပ်နာမ်အဘိဓမ္မာ

နှင့်

# ဝိပဿနာစက္ခုကျမ်း။

အသင်းရောင်စာပုံနှိပ်တိုက်၊ ထီးစုလမ်း-ပြည်မြို့၊
၁၃၂၅-ခု၊ ဝါခေါင်လတွင်ပုံနှိပ်ပြီးသည်။
စာအုပ်ရေ-၂၀၀၀။

| စဉ် | ပြဿနာစကားကျမ်း မာတိကာ။ | စာမျက်နှာ အစ | စာမျက်နှာ အဆုံး |
|---|---|---|---|
| ၁ | အဘိယာစက-ဥခေသျာဇဉ်-နိဒါန်း .... | က | [illegible] |
| ၂ | ကိုယ်၌ရအပ်ကုန်သောရုပ်ခြောက်ပါး တို့ကိုပြခြင်း.... | ၂ | [illegible] |
| ၃ | အာရုံခြောက်ပါးတို့ကိုပြခြင်း .... | ၅ | [illegible] |
| ၄ | မျက်စိရုပ်-ရူပါရုံ-အဆင်းသိစိတ် နာမ်ကလာပ်စသည်ကိုပြခြင်း.... | ၈ | ၃၃ |
| ၅ | နားရုပ်-သဒ္ဒါရုံ-အသံသိစိတ် နာမ်ကလာပ်စသည်ကိုပြခြင်း.... | ၃၃ | ၃[illegible] |
| ၆ | နှာခေါင်းရုပ်-ဂန္ဓာရုံ-အနံ့သိစိတ် နာမ်ကလာပ်စသည်ကိုပြခြင်း.... | ၃၈ | ၄၂ |
| ၇ | လျှာရုပ်-ရသာရုံ-အရသာသိစိတ် နာမ်ကလာပ်စသည်ကိုပြခြင်း.... | ၄၂ | ၄[illegible] |
| ၈ | ကိုယ်ရုပ်-ဖောဋ္ဌဗ္ဗာရုံ-ထိသိစိတ် နာမ်ကလာပ်စသည်ကိုပြခြင်း.... | ၄၅ | ၅[illegible] |
| ၉ | နှလုံးရုပ်-မနောဒွါရ-ဓမ္မာရုံတွေးသိစိတ် နာမ်ကလာပ်စသည်ကိုပြခြင်း.... | ၅၅ | ၆၁ |
| ၁၀ | နိဂုံးကိုပြခြင်း .... .... | ၆၉ | |

# နိဒါန်း။

ကမ္ဘာ့မြို့ ရေခဲတောင်ဆရာတော်ဘုရား ပို့ချသင်ကြားအပ်တဲ့ ကိုယ်တွင်းအဘိဓမ္မာ သင်တန်း တရားတော်ကို၊ နှုတ် တက် ရ သင်ယူကြတဲ့၊ကမ္ဘာ့မြို့နယ် ဝေါ်ပင်တောင်ရွာနေ၊ တပည့် ဒါယကာ-ဒါယိကာမအပေါင်းတို့က၊ မိမိတို့ကိုယ်တွင်းမှထွက်ကြတဲ့ ဗုဒ္ဓဘာသိတရုပ်နာမ် အဘိဓမ္မာ တရားတော်တို့ကို အခြေပြု၍၊ ဝိပဿနာ ဘာဝနာ ပွါးများနည်းကို တရားနှလုံး သွင်းကြသူ များ သိလွယ်စေခြင်းငှါ၊အကျဉ်းအားဖြင့်ရေးသားဟောပြော တော် မူပါမည့်အကြောင်း, ရိုသေ ညွတ်ပြောင်း တောင်းပန် လျှောက်ထားကြသဖြင့် တရားကိုနှလုံးသွင်းလိုသူတို့အား၊သုတမယ-စိန္တာမယ-ဘာဝနာမယ-ဉာဏ်ဖြစ်ကြစေခြင်းငှါ၊ ကိုယ် တွင်း ဗုဒ္ဓဘာသိတ ရုပ်-နာမ် အဘိဓမ္မာနှင့် ဝိပဿနာစကြ ကုမ်းကို၊ စာတွေ-ဉာဏ်တွေ နည်းအားဖြင့် ရေးသား ဟော ကြားပေအံ့။

ဟောကြားပေအံ့လိုဂန်ခံတဲ့ ပဋိညာဉ်နဲ့ အညီ၊ဝန်ခံအပ်တဲ့ ပဋိညာတဗွကျမ်း၌၊ နှုတ်တက်ရကျက်ရှုမည့်အစဉ်-ကျင့်စဉ်က တော့၊ (၁) ကိုယ်ကောင်ရဲ့အခြေခံရုပ်ခြောက်ပါး။ (၂)အဲဒီ အကျိုးရုပ်ခြောက်ပါးတို့ရဲ့အကြောင်းတရား။ (၃) စက္ခုဒွါရ ရူပါရုံ-စိတ် စေတသိက်။ (၄) သောတ ဒွါရ-သဒ္ဒါရုံ-စိတ် စေတသိက်။ (၅) ဃာနဒွါရ-ဂန္ဓာရုံ-စိတ် စေ တ သိက်။ (၆) ဇိဝှါဒွါရ-ရသာရုံ-စိတ် စေ တ သိက်။ (၇) ကာယ ဒွါရ-ဖေါဋ္ဌဗ္ဗာရုံ-စိတ် စေတသိက်။ (၈) နှလုံးရုပ်-မနောဒွါရ ဓမ္မာရုံ - တွေးသိ ကုသိုလ်စိတ် - အကုသိုလ် စိတ် - မနောဒွါရ အာမည်ရတဲ့ ဘဝင် စိတ်-မနောဒွါရာ ဝဇ္ဇန်းစိတ်-စေတသိက်။ (၉) အကျိုးဆဒွါရိက-စိတ် စေတသိက်တို့ရဲ့အကြောင်းတရား

(၁၀) ဆဋ္ဌါရ-ဆဉ္ဇာရုံ စိတ်စေတသိက် တို့ကဖြစ်ကြတဲ့ ခန္ဓာငါးပါး။ (၁၁) ခန္ဓာငါးပါးတို့ရဲ့ အဖြစ်အပျက်၊ အဲဒီအဖြစ်အပျက်ကိုသိတဲ့ဥဒယဗ္ဗယဉာဏ်။ (၁၂) ခန္ဓာတို့ရဲ့ ဖြစ်တာပျက်တာကို လက္ခဏာရေးသုံးပါးသို့တင်နည်း။ လောကီဉာဏ်ဖြင့် သစ္စာလေးပါးထင်လာနည်း၊ မောဟဒိဋ္ဌိတို့ကိုဆိတ်ပယ်ပုံ အပါယ်ဘေးတို့မှ လွတ်မြောက်ပုံ။ ။ဒီအစဉ်ဟာ-ဒီကျမ်းစာမှာပါဝင်တဲ့-ကျက်ရွတ်စဉ်-ကျင့်စဉ်တို့ပါဘဲ။

ရှေးဦးစွာစာကို နုတ်တက်ရွရွရအောင် ကျက်ရွတ် ရတယ်။ ဒါဟာနုတ်တက်ရပြီးသားရှိမှ၊ တရားကိုနှလုံးသွင်းယင် လွယ်ကူတယ်၊ ယခုကာလ ယောကျ်ား,မိန်းမ, လူကြီး, လူငယ်တွေရဲ့ ဘတ်အစဉ်မှာ၊ သူများ ဟော တဲ့ တရားတော်ကို နာကြားရုံ သူများရေးတဲ့ ကျမ်းစာကိုကြည့်ရုံ ဖတ်ရုံနဲ့၊ နာတရား-ဖတ်တရားတို့ကို ထိုးထွင်းသိတဲ့ ဉာဏ်ဟာ၊ များသော အားဖြင့် မရှိကြဘူး။ အဲဒီလူတွေထဲမှာ၊ ဒီကျမ်းစာကိုရေးတဲ့ငါတယောက်လဲ အပါအဝင်ဘဲ။ ငါ့ကိုယ်တိုင် သူများဟောကြားတဲ့ တရားတော်ကိုနာကြားရုံ၊ သူများရေးတဲ့ကျမ်းစာကို ကြည့်ရုံ ရွတ်ဖတ်ရုံနဲ့ ထိုးထွင်းသိဘို့ကိုမဆိုထားနဲ့၊ မှတ်တောင်မမှတ်မိဘူး စာကိုနုတ်ပူတိုက်ပီးရအောင်ကျက်ရတယ်။ နုတ်တက်ရထားတဲ့ စာရှိလို့ တရားကို နှလုံးသွင်းတော့မှ၊ ထိုးထွင်းဉာဏ်ဟာ ဖြစ်လာပါတော့တယ်။ ဒီလောက်အထိ ငါလဲဉာဏ်နုံသူ တယောက်ပါဘဲ။ ဒီလိုစာပေအရအမိရှိနှင့်မှ ပဋိပတ္တိ ကျင့်စဉ်ကို ကျင့်လို့ လွယ်ကူတာကို။ ငါကိုယ်တိုင်တွေ့ခဲ့ရလို့ ကိုယ်ချင်းစာပြီး စာကို နုတ်တက်ရအောင်ကျက်ကြ ရွတ်ကြလို့ တိုက်တွန်းရတာ။ စာကို နုတ်တက်ရပြီးဖြစ်ယင် တရားကို နှလုံးသွင်းရေးနဲ့ ပတ်သက်က အခက်အခဲနဲ့ ရင်ဆိုင်မတွေ့ရဘူး။

အိမ်ထောင်ရှင် စီးပွါးရေးသမားများအတွက်၊ စာရွတ်ချိန် ဘုရားနှလုံးသွင်းချိန်တို့ကတော့၊ တနေ့တညဥ့်အချိန်ဟာ စက် နှစ်ဆယ့်လေးနာရီရှိရာတွင်၊ နေ့အခါမှာ-ဆယ်နာရီ ပတ်လုံး စီးပွါးရေး ကြီးပွါးရေးအလုပ်အကိုင်တို့ကို မနေမနားကြိုးစား လုပ်ကိုင်ရှာဖွေရယင်၊အားရတင်းတိမ်သင့်ပါတယ်။ ညဥ့်အချိန်မှာတော့ ညဥ့်ဦးယာမ်ကုန်ဆုံးတဲ့ ဆယ်နာရီထိုးချိန်က စပြီး သန်းခေါင်ကျော်နာရီပြန်လေးချက်ထိုးသည်တိုင်အောင် နာရီ ခြောက်ပတ်လုံးလုံး အိပ်ပျော်ရယင်တော့-အိပ်ရေး ဝလောက် ပါတယ်။ သည်အောက် အိပ်ချိန်ကိုလျှော့ပြီး နာရီငါး ပတ် လောက်သာအိပ်နိုင်ရင်ပိုကောင်းပါတယ်။ အဲဒီအလုပ်လုပ်ချိန် အိပ်ချိန်တို့မှ ကြွင်းကျန်တဲ့ရှစ်နာရီလုံးလုံးကတော့၊ မိမိ-မိမိ တို့ ရဲ့ ကိုယ်ကျိုးဖြစ်တဲ့ဘဝဒုက္ခမှ လွတ်မြောက်ရေးကို မျှော်လင့်ပြီး၊ ကုသိုလ်ဖြစ်အောင် စာပေကို ကြိုးစား ရွတ်အံတဲ့အချိန် ဘုရားကိုနှလုံးသွင်းတဲ့အချိန်တို့သာဖြစ်ကောင်းပါတယ်။

စာပေကိုကျက်အံလို့နှုတ်တက်ရယင်၊အားလပ်ခွင့်အချိန်၌ သလောက် လျောင်းနေဆဲ-ထိုင်နေဆဲ-ရပ်နေဆဲ-သွား နေဆဲ ဣရိယာပုထ်တို့မှာ၊ အဆင်းအာရုံတွေကို ကြည့်ရှုရင်း၊ အသံအာရုံတွေကိုနားထောင်ရင်း၊ အနံ့အာရုံတွေကို နမ်းရှုရင်း၊ ထမင်း-ဟင်း-မုန့် စားဘွယ် - ခဲဘွယ် သောက်ဘွယ် - အဖျော် ယာမကာ-အရသာအာရုံတွေကို၊ စား သောက် ခဲ လျက် ရင်း ပုဆိုး အင်္ကျီ အစရှိတဲ့ အဝတ် အထည် တွေကို ဝတ်ရုံ ခြုံလွှမ်း ရင်း၊ထိုထိုကြံစရာရှိသမျှဖမ္ဗာရုံတွေကို ကြံစည်တွေးတော စိတ် ကူးရင်း၊နှုတ်တက်ရထားတဲ့ သုတမယ ကိုယ်ပိုင်ဥာဏ်ကို၊ မိမိ တို့ ကိုယ် တွင်း သွင်း၍ ဥာနဖုသန နည်းနဲ့ အဘန် တလဲလဲ

တွေ့ထိကာ-တွေ့ထိကာ ကြည့်ရှုယင်း၊ ဒီစာမှာ ဆိုသလောက် ကိုယ်တွင်း ရုပ် နာမ် အဘိဓမ္မာ ပညာကိုလဲ ကောင်း ကောင်း တတ်မယ်၊မိမိတို့ရဲ့ကြိုးစားတဲ့ဖွဲနဲ့ဘဲ၊ ကလျာဏပုထုဇဉ်အစစ် စူဠသောတာပန်အစစ် ကောန်ဖြစ်ပြီး၊အပါယ်လေးပါးတံခါးလဲ မှချပိတ်ပါတယ်။

ဒါကြောင့်–ဒီကျမ်းစာစောင်ဟာ၊ အပြောသမားနဲ့လဲ လျော်ကန်ပါတယ်၊ အလုပ်သမားနဲ့လဲလျော်ကန်ပါတယ်၊ အပြောသမား အလုပ်သမားနှစ်ဘက်ရပုဂ္ဂိုလ်ဆိုရင်တော့ ပြောစရာမရှိဘူး အလျော်ကန်ဆုံးပါဘဲ၊ အပြော သမားနဲ့ လျော်ကန်တယ်လို့ ဆိုတာကတော့၊ အပြော သမားဟာ ဒီ စာကို ရအောင်ကျက်ပြီး၊ပဋ္ဌမတော့သူများတွေအား ဟောပြော ဦးမယ်၊ နောက်ဟောပြောဘန်များယင်၊ စာရဲ့သဘောကို ထိုးထွင်းသိမြင်ပြီး၊တချိန်ချိန်မှာ-အလုပ်သမားဘက်သို့ကူးပြောင်း ရန် အကြောင်းရှိပါတယ်။ဒါကြောင့်-အပြောသမားနဲ့ လျော်ကန်တယ်လို့ ဆိုလိုက်ပါတယ်။ ၊ဒီကျမ်းစာစောင်မှာ ပြတဲ့ နည်းက-သီလကိုပညာနဲ့သုတ်သင်တဲ့နည်းပါဘဲ။

သုမင်္ဂလဝိလာသိနီအဋ္ဌကထာ သောဏဒဏ္ဍသုတ်အဖွင့်မှာ ပညာကို သီလဖြင့် ဖွပ်လျှော် သုတ်သင်ယင်၊ ပညာတရားဟာ စင်ကြယ်ကြောင်း၊သီလကို ပညာဖြင့် ဖွပ်လျှော် သုတ်သင်ယင် လဲ၊သီလတရားဟာစင်ကြယ်ကြောင်းဖွင့်ဆိုတော်မူ၍၊ ပညာကို သီလဖြင့် ဖွပ်လျှော်တဲ့ ပုဂ္ဂိုလ်မြတ်ဟာ၊ ကန္ဒရသာလပရိဝုဏ်မှာ သီတင်းသုံးတော်မူတဲ့ မဟာသင်္ဃဝသ မထေရ် မြတ်ကြီး ဖြစ်ကြောင်း၊ သီလကို ပညာဖြင့် ဖွပ်လျှော်တဲ့ ပုဂ္ဂိုလ်မြတ်

ကတော့၊ သန္တတိအမတ်ကြီးဖြစ်ကြောင်း သကာခလ သာမဟော်
အဋ္ဌကထာဆရာမြတ်ကြီး ထုတ်ပြတော်မူပါတယ်။ ။အဲဒီ
ပုဂ္ဂိုလ်မြတ်ကြီးနှစ်ဦးတို့တွင်၊ သန္တတိအမတ်ကြီးကဲ့သို့ သီလသံ
ပညာဖြင့်ဖွပ်လျှော်သုတ်သင်လိုကြတဲ့ အမျိုးကောင်းသား-အမျိုးကောင်းသမီးတို့အား၊ ဒီစာစောင်ကို နှုတ်တက်ရကျက်ပြီး၊ မိမိ
ကိုယ်တွင်းက ရုပ် နာမ် အဘိဓမ္မာတရားတို့ကို အခြေခံထား၍၊
ဝိပဿနာဉာဏ် ဖြစ်ပေါ်လာသည်တိုင်အောင်၊ ခန္ဓာ ငါး ပါး
တို့ရဲ့ အဖြစ် အပျက် ကို မှီ၍၊ ပွါးများ နှလုံးသွင်း ကြစေရန်၊
နှိုးဆော်တိုက်တွန်းအပ်ပါတယ်။ ။

## ဗုဒ္ဓဘာသိတ ရုပ်နာမ် အဘိဓမ္မာ

## ဝိပဿနာစက္ခု၊

နမောတဿဘဂဝတောအရဟတောသမ္မာသမ္ဗုဒ္ဓဿ၊

ဗုဒ္ဓေါ၊အနန္တမတိမာဘဝပါရဒဿီ
ဒေသေတိဓမ္မမမလံတိဘဝေဇနာနံ
သန္တာဝတာ-ခိလကိလေသဝိဓံသကာယော
ဝန္ဒာမိမာနိတမနေကဂုဏာကရန္တံ ။ ။

အနန္တမတိမာ၊အဆုံးအပိုင်းအခြားမရှိသော ဉာဏ်တော် ရှိတော်မူထသော။ဘဝပါရဒဿီ ဘဝသုံးပါး၏ ကမ်းတဘက် ဖြစ်သော နိဗ္ဗာန်ကို မြင်တော်မူ တတ်ထသော။ ယောဗုဒ္ဓေါ၊ အကြင်မြတ်စွာဘုရားသည်၊ တိဘဝေ၊ဘုံသုံးပါး၌၊ သန္တာဝတာ၊ ကျင်လည် ပြေးသွားရကုန်သော။ ဇနာနံ၊ သတ္တဝါအပေါင်းတို့ အား။ အခိလ-ကိလေသဝိဓံသကာ၊ အလုံးစုံသော ကိလေသာ တို့ကို ဖျက်ဆီးတတ်ထသော။ အမလံ၊ အညစ်အကြေးကင်းထ သော၊ ဓမ္မံ၊မဂ်လေးပါး-ဖိုလ်လေးပါး-နိဗ္ဗာန်ပရိယတ် ဆယ်ပါး သော တရားတော်မြတ်ကို။ဒေသေတိ ဟောတော်မူ၏။မာနိတံ မြတ်နိုးအပ်ထသော။အနေကဂုဏာကရံ၊အနန္တဂုဏ်တော်တို့၏ တည်ရာ ဖြစ်တော်မူထသော။ တံဗုဒ္ဓံ၊ ထို မြတ်စွာဘုရားကို။ အဟံ၊ အကျွန်ုပ်သည်။ ဝန္ဒာမိ၊ ရှိခိုးပါ၏၊ ဝါ၊ ချီးမွမ်းပါ၏။

# ရုပ်စဉ်။

(၁) ဒို့ကိုယ်မှာ—မျက်စိ-နား-နှာခေါင်း-လျှာ-ကိုယ်-နှလုံး ဒီရုပ်ခြောက်ခုသာ ပရမတ္ထ အားဖြင့်ထင်ရှား ရှိကြပါတယ်။

ဒီရုပ်တို့တွင်၊ မျက်ဖြူဝန်းနဲ့ ခြံရံတဲ့ မျက်နက် ဝန်း ရဲ့ အလယ်မှာ၊ သန်း ဦးခေါင်းခန့် ရှိတဲ့ မျက်လွှာ ခုနစ် လွှာမှာ။ အပျံ့အနှံ့တည်တဲ့ အကြည်ရုပ်ဟာ မျက်စိမည်ပါတယ်၊

နားပေါက်အတွင်း ကြေးနီအဆင်းရှိတဲ့ အမွေးနုတွေ အစီအရီပေါက်နေလို့ လက်စွပ်ကွင်းသဏ္ဍာန်ရှိတဲ့ အကြည်ရုပ် ဟာ နားမည်ပါတယ်။

နှာခေါင်းပေါက် အတွင်းမှာ ဆိတ်ခွါ သဏ္ဍာန် ရှိတဲ့ နှာနုအကြည်ရုပ်ဟာ နှာခေါင်းမည်ပါတယ်။

လျှာရဲ့အလယ်အပေါ်ဘက်မှ ကြာပွင့်ချပ် အဖျားပြတ် သဏ္ဍာန်ရှိတဲ့ အကြည်ရုပ်ဟာ လျှာမည်ပါတယ်။

အသားအရေက-ပေါ်ပေါက် လွတ်ထွက်နေတဲ့ ဆံပင် ဖျား-မွေးညှင်းဖျား-ခြေသည်းလက်သည်းဖျား ခြောက် ကပ် နေတဲ့ အရေတို့ကို လွတ်ခဲ့၍၊ ဥပါဒိန္နကရုပ်တွေ ရှိသလောက် တကိုယ်ကောင်လုံးမှာ၊ဆီဟာ-ဝါဂွမ်းလွှာမှာ အပျံ့အနှံ့တည် သလို၊အပျံ့အနှံ့တည်တဲ့ အကြည်ရုပ်ဟာ ကိုယ်မည်ပါတယ်။

နှလုံးသားအတွင်း ပုန်းညက်စေ့ခန့်တွင်းခေါင်းထဲမှာ၊ လက်ဆွမ်းတဝက်ခန့်ရှိတဲ့ နှလုံးသွေးရုပ်ဟာ နှလုံးမည်ပါတယ်။

ဒီရုပ်တို့တွင် ကိုယ်ရုပ်-နှလုံးရုပ်တို့ဟာ မိခင်ရဲ့ဝမ်းတွင်း က သားအိမ်ထဲမှာ ပဋိသန္ဓေ တည်နေရတဲ့ အချိန်က စပြီး၊

ဖြစ်ပေါ်ရကြပါတယ်။ မျက်စိ-နား-နှာခေါင်း-လျှာ-ဒိရုပ် လေးပါးတို့ကတော့။ ပဋိသန္ဓေ တည်ခနပြီးတဲ့နောက်။ ရက်ပေါင်း ခုနစ်ဆယ့် ခုနစ်ရက်မြောက်ရက်ရဲ့ ညဉ့် အချိန်မှာ ဖြစ် ပေါ် ကြပါတယ်။

## ပစ္စယပဋိဂ္ဂဟဉာဏ်။

(၂) ဒီ ရုပ် ခြောက်ပါးတို့ဟာ။ အဝိဇ္ဇာ-တဏှာ-ကံ-ဒီ အကြောင်းတရား သုံးပါးတို့ ကြောင့်သာ ဖြစ်ရကြပါတယ်။ ဒီ အကြောင်းတရားတို့တွင်၊ ခန္ဓ-အာယတနစတဲ့ သဘောတရားတို့ကို၊ဟုတ်တိုင်းမှန်စွာမသိတတ်တဲ့ မောဟတရားဟာအဝိဇ္ဇာ မည်ပါတယ်။အာရုံတရားတို့ကိုတပ်စွဲမက်မောတတ်တဲ့လောဘ တရားဟာ၊တဏှာမည်ပါတယ်၊ရှေးရှေးဘဝတို့က ပြုစုဆည်းပူး ခဲ့တဲ့စေတနာကတော့ ကံမည်ပါတယ်။

ဒီရုပ်ကို ဖြစ်စေတတ်ကြတဲ့ ရူပဇနက အကြောင်းတရား သုံးပါးတို့ဟာ။ ရှေးလွန်လေပြီးတဲ့ အတိတ်ဘဝတုန်းက ထင် ရှားရှိကြယင်၊ ယခုဘဝမှာ မျက်စိအစ နှလုံး အဆုံး ရှိကြတဲ့ ရုပ်တွေဟာ ထင်ရှားဖြစ်ပေါ်ရကြပါတယ်။ဒါကြောင့်-ဒီမျက်ဒိ အစရှိတဲ့ရုပ်တို့ဟာ၊ ကမ္မဇရုပ်တို့မည်ကြပါတယ်။ ဒီကမ္မဇရုပ် တို့ကို-ပဝတ္တိအခါမှာ-စိတ်-ဉတု-အာဟာရ ဆိုတဲ့ ဉပတ္ထမ္ဘက အကြောင်းတရားတို့ဟာ-အမြဲထောက်ပံ့ရကြပါတယ်။

ရုပ်တို့ကိုဖြစ်စေတတ်ကြတဲ့-အဝိဇ္ဇာ-တဏှာ ကံတို့ဟာ အကြောင်းတရားပစ္စည်းတရားများဖြစ်ကြပါတယ်။အကြောင်း တရားတို့ကြောင့် ဖြစ်ရကြတဲ့ မျက်စိစတဲ့ရုပ်တို့ကတော့၊ အကျိုးတရားပစ္စယုပ္ပန် တရားများ ဖြစ်ကြပါတယ်။ ။ဒီသို့

အကြောင်းတရား အကျိုးတရား,ပစ္စည်းတရား ပစ္စယုပ္ပန်တရား တို့ကို ခွဲခြမ်းဝေဘန်၍ သိတဲ့ဉာဏ်ဟာ ပစ္စယပရိဂ္ဂဟ ဉာဏ် မည်ပါတယ်။ ဒီဉာဏ်ဟာဖြစ်ပေါ်လာယင်၊ဒီဉာဏ်နဲ့ဘဲ ရုပ် နာမ်တရားတွေဟာ အလိုအလျောက် အကြောင်းမရှိဘဲ ဖြစ် ကြတယ်လို့ အမှားအားဖြင့် မြင်နေတဲ့ အဟေတုက ဒိဋ္ဌိ ကို ပယ်သတ်နိုင်ပါတယ်။ ရုပ်နာမ် တရားတွေဟာ ပရမိဿရနတ် တွေ့ နတ်များဖန်ဆင်းလို့သာဖြစ်ကြတယ်လို့ အမှားအားဖြင့် မြင်နေတဲ့ ဝိသမဟေတုဒိဋ္ဌိကိုလဲ ပယ်သတ် နိုင်ပါတယ်။ ဒါ ကြောင့်-ရုပ်နာမ်ဆိုတဲ့ အကျိုးပစ္စယုပ္ပန် တရားတို့ရဲ့ အဝိဇ္ဇာ အစရှိတဲ့အကြောင်း ပစ္စည်းတရားတွေကို ဟုတ်တိုင်း မှန်စွာ သိတတ်တဲ့ပစ္စယပရိဂ္ဂဟဉာဏ်ကို၊ မိမိတို့ရဲ့မနောဒွါရိက၊ စိတ် အစဉ်မှာ ဖြစ်စေအပ်ပါတယ်၊ ဉာဏ်ဆိုတာ ဟုတ်မှန်သော သဘောအားဖြင့်သိခြင်းကိုဆိုတာဘဲ။

(၃) ဒီကမ္မဇရုပ်တို့ဟာ သူတို့ ဖြစ်ပေါ်ရတဲ့ အချိန်ကစပြီး၊ ယခုဘဝတလျောက်လုံးမှာ၊စုတိစိတ်မှပြန်၍ရေသော်၊တဆယ့် ခုနစ်ခုမြောက်စိတ်ရဲ့ ဉပါဒ်ခဏတိုင်အောင်၊စိတ်တွေရဲ့ ဥပါဒ် ခဏတိုင်း-ဋ္ဌီခဏတိုင်း-ဘင်ခဏတိုင်းမှာလဲ၊အသစ်အသစ် ဖြစ် ရကြပါတယ်၊ အာရုံခြောက်ပါးတို့နဲ့ရင်ဆိုင်ဆုံမိတိုင်းလဲ၊ အ သစ်အသစ် ဖြစ်ရကြပါတယ်၊ အဲ-ဖြစ်ရသမျှ-ကမ္မဇရုပ်တို့ဟာ စိတ္တက္ခဏတဆယ့်ခုနစ်ချက်သို့ ရောက်တိုင်းရောက်တိုင်း ချုပ် ပျက်ကြပါတယ်။

(၄) ဒီရုပ်တွေဟာ-ဗုဒ္ဓဘာသိတ-ရုပ်အဘိဓမ္မာ-ရုပ် ပရမတ် စစ်စစ်တွေပါဘဲ။ဒီရုပ်တို့ဟာ အအေးအပူအစရှိတဲ့ ဆန့်ကျင် ဘက်အကြောင်းတို့နဲ့ ပေါင်းဆုံမိယင်၊ရှေ့ရုပ်စဉ်အဟောင်းနဲ့

မတူတဲ့၊နောက်ရုပ်စဉ်အသစ်ဖြစ်ပေါ်ပြီး၊ ဖေါက်ပြန်တတ်တဲ့သဘောတို့ရဲ့အစုအပုံဖြစ်သောကြောင့်၊ရူပက္ခန္ဓာများ မည်ကြပါတယ်။ ။ဒီကမ္မဇရုပ်တွေထဲမှာ၊ စိတ္တဇရုပ်တွေ-ဥတုဇရုပ်တွေ-အဟာရဇရုပ်တွေက ရောနှောပြီး ဖြစ်ကြတာနဲ့။ ဒို့ကိုယ်ကောင်ရဲ့ အရှည့်အမြင့်ဟာ-ဒို့အလံနဲ့ တလံလောက်အရပ်မြင့်ရပါတယ်။

(၅) ဒီရုပ်တို့ရဲ့အပေါင်းအစုကို-နတ်ဘဲ-လူဘဲ ယောက်ျားဘဲ-မိန်းမဘဲလို့ သူငါကစ လူအများဘဲ ခေါ်ဝေါ်နေရကြပါတယ်၊ ဒီရုပ်တို့ကို တပါးစီ တပါးစီ ဉာဏ်နဲ့ ထုတ်နှုတ်ယူလိုက်ရင်တော့၊ နတ် လူ ယောက်ျား မိန္မဆိုတဲ့ အခေါ်အဝေါ်ပညတ်တို့ဟာ၊ယူစရာ ရစရာမရှိအောင် ပျောက်ကွယ်၍၊ မျက်စိ နား အစရှိတဲ့ အသားအနှစ် ပရမတ္ထတရား အစစ်တို့လောက်သာ ဉာဏ်နဲ့ ယူစရာ ရစရာ ကျန်ပါတော့တယ်။

(၆) အဲဒီ မျက်စိ နား အစရှိဘဲ့တရားတို့ကို ဖောက်ပြန်မှုသဘောရှိတဲ့ရုပ်တို့ဘဲလို့ ပိုင်းခြားပြီး သိတဲ့ဉာဏ်ဟာ၊ ရူပပရိစ္ဆေဒဉာဏ်မည်ပါတယ်။အဲဒီဉာဏ်နဲ့ ဒို့ကိုယ်မှာ ရှိကြတဲ့ မျက်စိ နား အစရှိတဲ့ ရုပ်ဓမ္မာရုံတို့ကိုအာရုံပြု၍၊ရုပ် တပါးစီ တပါးစီ ဉာဏဖုံသနနည်းနဲ့ မြင်အောင် ဖြည်းဖြည်း ဖြည်းဖြည်း ဆင်ခြင်ကြည့်ရှုရပါတယ်။

## အာရုံ

(၇) အားအင်ကင်းမဲ့ ချည့်နဲ့တဲ့ ယောက်ျားဟာ၊ တောင်ဝှေးကို ဆွဲကိုင် ထောက်မှီရသလို၊စိတ် စေတသိက် နာမ်တရား

တွေရဲ့ ဆွဲကိုင် ထောက်မှီရာ တရားဟာ အာရုံ မည်ပါတယ်။ ဒီအာရုံဟာ၊ရူပါရုံ-သဒ္ဒါရုံ-ဂန္ဓာရုံ-ရသာရုံ-ဖောဋ္ဌဗ္ဗာရုံ-ဓမ္မာရုံ အားဖြင့် ခြောက်ပါးရှိပါတယ်။ ဒီအာရုံတို့တွင်၊ရူပါရုံ-ဂန္ဓာရုံ ရသာရုံ-ဖောဋ္ဌဗ္ဗာရုံ ဒီ အာရုံရုပ် လေးပါးတို့ဟာ၊ကံ-စိတ်-ဥတု အာဟာရ ဒီအကြောင်း လေးပါးတို့ကြောင့် ဖြစ်ကြ ပါတယ်။ သဒ္ဒါရုံကတော့၊ စိတ်-ဥတု ဒီအကြောင်းနှစ်ပါးတို့ကြောင့်သာ ဖြစ်ရပါတယ်။

(ဂ) ဒီ အာရုံတို့တွင် ကံအကြောင်းကြောင့် ဖြစ်ရကြတဲ့ အာရုံလေးပါးတို့ဟာ စိတ်တို့ရဲ့ ဥပါဒ်ခဏတိုင်း ဌီခဏတိုင်း ဘင်ခဏတိုင်းတို့မှာဖြစ်ကြ၍၊ စိတ္တက္ခဏ တဆယ့်ခုနစ်ချက်သို့ ရောက်တိုင်းရောက်တိုင် ချုပ်ပျက်ကြရပါတယ်။

စိတ်အကြောင်းကြောင့်ဖြစ်ကြတဲ့ အာရုံရုပ် လေးပါးတို့နဲ့ စိတ္တဇသဒ္ဒါရုံရုပ်တို့ဟာ၊စိတ်တို့ရဲ့ ဥပါဒ်ခဏတို့မှာသာ ဖြစ်ကြ၍၊တဆယ့်ခုနစ်ခုမြောက်စိတ်ရဲ့ ဘင်ခဏမှာ ချုပ်ပျက်ကြရပါတယ်။

ဥတုအကြောင်းကြောင့်ဖြစ်ကြတဲ့ အာရုံရုပ် လေး ပါးတို့နဲ့ ဥတုဇ သဒ္ဒါရုံ ရုပ် တို့ ဟာ အအေးဥတု အပူ ဥတု တို့ရဲ့ ဌီခဏမှာဖြစ်ကြ၍၊စိတ္တက္ခဏ တဆယ့်ခုနစ်ချက်တို့ရောက်တိုင်း ရောက်တိုင်း ချုပ်ပျက်ကြရပါတယ်။

အာဟာရအကြောင်းကြောင့်ဖြစ်ကြတဲ့ အာရုံရုပ်လေးပါးတို့ကတော့ ဩဇာဓါတ်လို့ခေါ်ရတဲ့ အစာသိရဲ့ ဌီခဏမှာ ဖြစ်ကြ၍။စိတ္တက္ခဏ တဆယ့်ခုနစ်ချက်သို့ ရောက်တိုင်း ရောက်တိုင်း ချုပ်ပျက်ကြရပါတယ်။

ဒီအာရုံငါးပါးတို့ဟာဘဲ၊ ဣဋ္ဌာရုံ-အနိဋ္ဌာရုံ အားဖြင့် နှစ်ပါးစီရှိကြပါတယ်။ဒီနှစ်ပါးတို့တွင်၊ အလိုရှိအပ်, နှစ်သက်အပ်တဲ့အာရုံတို့ဟာ ဣဋ္ဌာရုံများမည်ကြပါတယ်၊ အလိုမရှိအပ် မနှစ်သက်အပ်တဲ့ အာရုံတို့ကတော့၊ အနိဋ္ဌာရုံများ မည်ကြပါတယ်၊ ဒီဣဋ္ဌာနိဋ္ဌအာရုံတို့ရဲ့အထူးကို အထက်မှာ သဲ ပြပါလိမ့်မယ်။

အာရုံရုပ်တို့ရဲ့ အကြောင်းတရား အကျိုးတရား တို့တွင် ကံ စိတ် ဥတုအာဟာရ တရား လေးပါးတို့ဟာ၊ အကြောင်းတရား ပစ္စည်းတရား များဖြစ်ကြပါတယ်။အာရုံရုပ်ငါးပါး တို့ကတော့၊အကျိုးတရားပစ္စယုပ္ပန်တရားဘွေသာဖြစ်ကြပါတယ်။

(၉) ဓမ္မာရုံ ဆိုတာကတော့၊ ယိုက်သင့်သည် အားလျော်စွာ အတိတ် အနာဂတ် ပစ္စုပ္ပန် ကာလ သုံးပါး တို့မှာ ရကောင်းကြတဲ့ အာရုံကာလသုံးပါးတို့မှ လွတ်တဲ့အာရုံ, ပသာဒရုပ်၊ သုခုမရုပ်, စိတ် စေတသိက် နိဗ္ဗာန် ပညတ် ဒီ တရား တို့ကို ဆိုတာပါဘဲ၊ အဲဒီ ဓမ္မာရုံတို့တွင်၊ နိဗ္ဗာန်ဓမ္မာရုံ ကြဉ်ရတဲ့ ဓမ္မာရုံတို့ဟာ ဣဋ္ဌာရုံ-ဣဋ္ဌမဇ္ဈတ္တာရုံ-အနိဋ္ဌာရုံ-အနိဋ္ဌမဇ္ဈတ္တာရုံ ဒီလိုလေးပါးရှိကြပါတယ် ဒီလေးပါးတို့တွင်၊ ဣဋ္ဌာရုံအနိဋ္ဌာရုံ တို့ရဲ့သဘောကို အောက်မှာ ဆိုခဲ့ပါပြီ၊ အလယ် အလတ် မျှ လောက်သာ လိုချင်နှစ်သက်တဲ့ဓမ္မာရုံဟာ၊ ဣဋ္ဌမဇ္ဈတ္တာရုံမည် ပါတယ်၊အလယ်အလတ်မျှလောက်သာ မလိုချင် မနှစ်သက်တဲ့ ဓမ္မာရုံကတော့ အနိဋ္ဌမဇ္ဈတ္တာရုံမည်ပါတယ်။

၁၀။ ဒီအာရုံ ခြောက်ပါး တို့တွင်၊ ရူပါရုံ အစ ဖေါဋ္ဌဗ္ဗာရုံ အဆုံးရှိကြတဲ့ အာရုံရုပ်တို့ဟာ၊ဗုဒ္ဓဘာသိတရုပ်,အဘိဓမ္မာရုပ်

ပရမတ်စစ်စစ်တွေချည်းဖြစ်ကြပါတယ်၊ ဓမ္မာရုံတွေက ရုပ်အဘိဓမ္မာ ရုပ်ပရမတ်တို့လဲရှိကြပါတယ်။ နာမ် အဘိဓမ္မာ နာမ်ပရမတ်တို့လဲရှိကြပါတယ်။ပညတ်တရားတို့လဲရှိကြပါသတယ်။

ဒီအာရုံတို့တွင်၊ ရုပ်တရားလို့ဆိုရသမျှ အာရုံတို့ဟာ ဖောက်ပြန် တတ်တဲ့ သဘော တွေ ရဲ့ အစုအပုံ ဖြစ်ကြလို့၊ ရူပက္ခန္ဓာတို့ချည်းဘဲ ဖြစ်ကြ ပါတယ်။ စိတ် စေတသိက် နိဗ္ဗာန် ဓမ္မာရုံတို့ကတော့၊အာရုံသို့ရှေးရှုညွတ်ကြဘဲ့ သဘော ရှိကြလို့ နိဗ္ဗာန်ဓမ္မာရုံမှတပါး၊ နာမက္ခန္ဓာများသာ ဖြစ်ကြ ပါ တယ်၊ နိဗ္ဗာန်ဓမ္မာရုံကတော့ နာမ်တရားလို့ ဆိုရသော်လဲ၊ခန္ဓာဆိုတဲ့ အရေအတွက်က လွတ်သောကြောင့်၊ နာမက္ခန္ဓာမဖြစ်ပါဘူး၊ အဲဒီနာမက္ခန္ဓာတို့ရဲ့ရုံခါအာရုံဖြစ်၍ ရုံခါ အာရမဏိက ဖြစ်ရကြတာကိုလဲ ဉာဏ်နဲ့သိထားနှင့်ရပါသေးတယ်၊

## မျက်စိရုပ်

(၁) ဒို့ကိုယ်မှာ ပရမတ္ထအားဖြင့်ထင်ရှားရှိတဲ့မျက်စိရုပ်ဟာ ဒို့မျက်နှာက လက်ဝဲ လက်ျာ မျက်မှောင်ရိုးတွေရဲ့အကြားမှာ ရှိတယ်။ ဒီရုပ်ဟာ ရူပါရုံထိခတ်တာကို ခံရယင် ကြည်တတ်တဲ့သဘောရှိတယ်။ ဒီလိုကြည်တတ်တဲ့သဘောရှိလို့ ဒီရုပ်ဟာ-စက္ခုပသာဒရုပ်မည်ပါတယ်။ဒီရုပ်ဟာကြည်တဲ့သဘော ဖြစ်ပေါ်လာယင်၊ရူပါရုံတွေကို ကြည့်တတ်ရှုတတ်တော့တာဘဲ။ ဒီရုပ်ဟာ စက္ခုဒွါရိက စိတ်စေတသိက်တွေရဲ့ မှီရာဖြစ်သော ကြောင့်။ စက္ခုဝတ္ထုလဲမည်ပါတယ်၊ ရူပါရုံတို့ရဲ့ ဝင်ရာ စက္ခုဒွါရိက စိတ်စေတသိက်တွေရဲ့ ထွက်လာရာတံခါးသဘွယ် ဖြစ်သောကြောင့်၊စက္ခုဒွါရလဲမည်ပါတယ်။

## ရူပါရုံ

(၂) မျက်စိနဲ့ကြည့်ကောင်းရုကောင်းတဲ့ အရောင်အဆင်း တွေဟာ၊ ဖြူတဲ့အဆင်း, နီတဲ့အဆင်း,ဝါတဲ့အဆင်း,ပြာတဲ့အ ဆင်း, စိမ်းတဲ့အဆင်း, ကြောင်တဲ့အဆင်း, ကျားတဲ့ အဆင်း, မည်းတဲ့အဆင်း,ညိုတဲ့အဆင်း,အရောင်အမျိုးမျိုးတွေရောတဲ့အ ဆင်းအစရှိသည်ဖြင့် အမျိုးမျိုးရှိကြပါတယ်၊ ဒီအဆင်းတွေထဲက အရောင်အဆင်းတခုတခုဟာ ရူပါရုံ တပါးစီတပါးစီဘဲဖြစ်ကြ ပါတယ်၊ ဒီရူပါရုံတွေဟာ သက်ရှိ သတ္တဝါတွေရဲ့ရူပါရုံဆိုပေမင့် စတုဇရူပါရုံတို့ကိုသာယူရပါမယ်၊ အဝတ်ပုဆိုးအစရှိတဲ့ သက်မဲ့ ဝတ္ထုတွေရဲ့ ရူပါရုံ ဆိုယင်တော့ ဥတုဇ ရူပါရုံ ဘဲလို့သာ မှတ် ယူရပါတယ်။

(၃) ဒီရူပါရုံ တို့ဟာ မျက်စိနဲ့ ကြည့်ယင် မြင် နိုင် အောင် ဝေးရာအရပ်ကနေပြီး၊စက္ခုဝတ္ထု စက္ခုဒွါရရုပ်ကို ထိခတ်ခြင်း သဘောရှိကြပါတယ်၊ထိခတ်တယ်လို့ဆိုတာဟာ၊ ရူပါရုံ စက္ခု ဒွါရတို့ဟာ ပင့်ကူချည်တမျှင်ခန့်ကစ၍၊ ကြည့်ရှုယင် မြင် နိုင် အောင် ဝေးဝေးကအချင်းချင်း ရှေးရှုတည်ကြတာကို၊ ထိခတ် တယ်လို့ဆိုရပါတယ်၊ဒါကြောင့်၊ မျက်စိရုပ်ဟာ အာရုံ ကလဲ မျက်စိသို့မရောက်၊မျက်စိကလဲအာရုံသို့မရောက်ဘဲနဲ့၊ အာရုံကို ယူ တတ် သော ကြောင့်၊ အသမ္ပတ္တဂေါစရဂ္ဂါဟကရုပ် မည်ပါ တယ်။နားရုပ်ဟာလဲ မျက်စိရုပ်နဲ့တသဘောထဲပါဘဲ၊ ဒီရုပ် နှစ်ပါးဟာ သဘောမထူးကြပါဘူး။ ။နှာခေါင်း-လျှာ ကိုယ်ရုပ်တို့ကတော့၊အာရုံတွေကလဲ နှာခေါင်း,လျှာ, ကိုယ်ရုပ် တို့သို့ရောက်မှ၊ နှာခေါင်း,လျှာ,ကိုယ်ရုပ်တို့ကလဲ အာရုံ တို့ သို့

ရောက်မှ အာရုံတို့ကို ယူတတ်ကုန်သောကြောင့်၊ သမ္ပတ္တဂေါစရဂ္ဂါဟကရုပ်များမည်ကြပါတယ်။

(၄) ဒွိရုပါရုံဟာ-ဣဋ္ဌရုပါရုံ-အနိဋ္ဌ ရုပါရုံ အားဖြင့်၊ နှစ်ပါးရှိပါတယ်၊ဒွိနှစ်ပါးတို့မှာ၊ ဒို့မျက်စိက ကြည့်ချင်တဲ့ သက်ရှိ သတ္တဝါ-သက်မဲ့ဝတ္ထုတို့ရဲ့ ရုပါရုံဟာ၊ဣဋ္ဌရုပါရုံမည်ပါတယ် ဒို့မျက်စိကကို မကြည့်ချင်တဲ့ သက် ရှိ သတ္တဝါ-သက် မဲ့ ဝတ္ထုတွေရဲ့ ရုပါရုံတွေကတော့၊အနိဋ္ဌရုပါရုံတွေမည်ပါတယ်။

## စိတ်စေတသိက်

(၅) လတ်လတ်ဆတ်ဆတ်ရှေးရှု အသစ်ယခု ဖြစ်ဆဲ ပစ္စုပ္ပန်ရုပါရုံဟာ၊စက္ခုဒွါရကို ထိခတ်ခဲ့သော်၊ ဌီခဏသို့ ရောက်နေတဲ့ စက္ခုဒွါရရုပ်ထဲက ဖဿဥပေက္ခာဝေဒနာ သညာ-စေတနာဆိုတဲ့ သမ္ပယုတ်စေတသိက်လေးပါးတို့နဲ့အတူ အ ဆင်း ရုပါရုံကို သိတတ်တဲ့ အဆင်းသိစိတ်ဟာ၊ ဘွားကနဲ ပြေးထွက်လာသလို ဖြစ်လာရပါတယ်။ ။ဒီစေတသိက်စိတ်ငါးပါးဟာ၊အဆင်းသိစိတ်နာမ်ကလာပ်မည်ပါတယ်၊ (တနည်း) ဖဿပဉ္စက နာမ်ကလာပ် မည်ပါတယ်။ စိတ် နာမ် - စေတသိက် နာမ် တွေ ရဲ့ အပေါင်းအစည်း အထုံးအလှိုင်းကို နာမ်ကလာပ်လို့ ဆိုရပါတယ်။ ဒီနာမ်ကလာပ်ကို အဘိဓမ္မာအဋ္ဌကထာနည်းအားဖြင့် စိတ္တုပ္ပါဒ်လို့လဲသိအပ်ပါတယ်။

## အဆင်းသိစိတ်

(၆) အဲဒီနာမ်ကလာပ်ထဲမှာ၊ရှေ့ဆောင်ရှေးသွားအဖြစ်နဲ့ ပါလာတဲ့အဆင်းသိစိတ်ဟာ၊ စက္ခုဒွါရမှာမှီ၍ ဖြစ်တတ်သော

ကြောင့်၊ စက္ခုဒွါရိကစိတ်လဲခည်ပါတယ်။ ရူပါရုံကိုအာရုံပြု၍ ဖြစ်တတ်သောကြောင့်၊ ရူပါရမ္မဏိကစိတ်လဲမည်ပါတယ်။ ဒီစိတ်ဟာ စက္ခုဒွါရကိုပိုင်ဆိုင်တဲ့ ဒွါရရှင်ဝိပါက်စိတ် ဖြစ်ပါတယ်။ ဒီစိတ်ဟာ-ဗုဒ္ဓဘာသိတ-စိတ်အဘိဓမ္မာ - စိတ်ပရမတ် စစ်စစ်ပါဘဲ။

စက္ခုဒွါရဟာ-ရုပ်တရားဖြစ်လို့၊ရူပါရုံကို ကြည့်ရုံကြည့်တတ်တာဘဲရှိပါတယ်၊ရူပါရုံကိုတော့မသိတတ်ပါဘူး။အဲဒီ မသိတတ်တဲ့မျက်စိကကို ရူပါရုံကို သိတာဘဲ။ ဒီလို လူအများကဘဲ မှတ်ယူကြပါတယ်၊ ဒီလိုလူတွေမှတ်ယူကြသလို မဟုတ်ပါဘူး။ ရူပါရုံထိခတ်လို့ စက္ခုဒွါရရုပ်ထဲက ပြေးထွက် လာသလို၊ ဖြစ်ပေါ်လာတဲ့ အဆင်းသိစိတ်ကသာ အာရုံရှိမှ ဖြစ်တတ်တဲ့ သာရမ္မဏနာမ်တရားဖြစ်လို့ ရူပါရုံကိုမြင်တတ်သိတတ်ပါတယ် ဒါကြောင့်-ဒီစိတ်ကိုအဆင်းသိစိတ်လို့ ခေါ်ရပါတယ်။ စာပေလောကမှာတော့၊ ဒီစိတ်ကို စက္ခုဝိညာဏ်လို့ သုံးစွဲခေါ်ဝေါ်ရပါတယ်။

## ပစ္စယပရိဂ္ဂဟဉာဏ်

(၇) အာရုံ - ဒွါရ - အကြောင်း နှစ်ပါး ဆုံမိခဲ့သော်၊ စက္ခုဒွါရရုပ်က အဆင်းသိစိတ်နာမ်ကလာပ်ဆိုတဲ့ အကျိုး တရား ဟာ ထင်ရှား ဖြစ် ရ ပါ တယ်။ ဒီ အ ကြောင်း နှစ် ပါး မဆုံမိယင်တော့၊ အကျိုးနာမ်ကလာပ်ဟာမဖြစ်နိုင်ပါဘူး။ ဒါကြောင့်။ အာရုံ ဒွါရ ဟာ အကြောင်း တ ရား ဖြစ်ပါ တယ်။ အဆင်းသိစိတ် နာမ်ကလာပ် ကတော့၊ အကျိုးတရား ပါဘဲ။

ဒ်အကြောင်းအကျိုး ယူနည်းကတော့၊ နာမ်ကလာပ်ရဲ့ အကြောင်းအကျိုးကိုယူနည်းဖြစ်ပါတယ်။

(ဂ) အဝိဇ္ဇာ-တဏှာ-ကံ-နာမ်ရုပ် ဒ်အကြောင်း လေးပါးတို့ ပေါင်းဆုံစည်းဝေးခဲ့သော်၊အဆင်းသိစိတ်ဆိုတဲ့ အကျိုးတရားဟာ ထင်ရှားဖြစ်ရပါတယ် ဒ်အကြောင်းများ မဆုံမိယင် စိတ်နာမ်အကျိုးဟာမဖြစ်နိုင်ပါဘူး၊ဒါကြောင့်၊အဝိဇ္ဇာ တဏှာ ကံ-နာမ်ရုပ်-ဒ်လေးပါးဟာ အကြောင်းတရား ဖြစ်ပါ တယ်။ အဆင်းသိစိတ်ကတော့-အကျိုးတရားပါဘဲ။ ။ဒီအကြောင်း လေးပါးတွေထဲက အဝိဇ္ဇာ-တဏှာကံတွေရဲ့ သဘော သကန် တို့ကို အောက်မှာဆိုခဲ့ပြီ။ ။နာမ်ရုပ်ဆိုတဲ့ အကြောင်းတရား တွေမှာ၊ နာမ်ဟာ-ဝေဒနက္ခန္ဓာ - သညာက္ခန္ဓာ - သင်္ခါရက္ခန္ဓာ ဒ်နာမက္ခန္ဓာ သုံးပါးသာ ဖြစ်ပါတယ်။ ရုပ်ဆိုတာကတော့၊ အာရုံရုပ်-ဒွါရရုပ် နှစ်ပါးပါဘဲ။ ။ဒ်လိုအကြောင်းအကျိုး တွေကို ခွဲခြမ်းဝေဘန်၍သိရပါတယ်။ ။

## အဆင်းသိစိတ်ရဲ့သဘော

(ဃ) အဆင်းရူပါရုံကို သိတတ်လို့ အဆင်းသိစိတ်လို့ ခေါ်ရတဲ့ စက္ခုဝိညာဏ်စိတ်ဟာ-ရူပါရုံကိုကြည်ညိုရုံလဲ မကြည်ညိုတတ်ဘူး။ချစ်ရုံလဲမချစ်တတ်ဘူး၊မုန်းရုံလဲမမုန်းတတ်ဘူး၊ တွေဝေရုံလဲမတွေဝေတတ်ဘူး။ရူပါရုံကိုသိရုံမျှသာ သိတတ်ပါတယ် ရူပါရုံကိုသိတာကလွဲလို့ ဘာရုပ်ကိုမှလဲ ဖြစ်အောင်လုပ်မပေးနိုင်ပါဘူး၊ ဒဿနကိစ္စ တပ်တဲ့အလုပ်ပဲ သူ့ရဲ့ကိစ္စ ရှိပါတယ်။ စက္ခုဒွါရမှာ ဖြစ်ကြတဲ့ ဝိသိစိတ် ခုနစ်ပါး-ခြောက်ပါး-ငါးပါး

ခတွေထဲမှာလဲ-ဒေါစိတ်ဟာအားအငယ်ဆုံး အားအနည်းဆုံးစိတ်ပါဘဲ၊ဒါကြောင့်-ဒေါစိတ်ကို-သဗ္ဗဒုဗ္ဗလစိတ်လို့-အဋ္ဌကထာကြီးတွေမှာ မိန့်ဆိုကြပါတယ်။

ဒိစိတ်ရဲ့ ရှေးဌာနနောက်ဌာနတို့မှာဖြစ်ကြတဲ့ စိတ်တွေကတော့၊စက္ခုဒွါရိကစိတ်ချင်းတူသော်လဲ၊ အဆင်းသိစိတ် ထက်တော့အားကောင်းကြတယ်။ စိတ္တဇရုပ်တွေကိုလဲ ဖြစ်အောင်လုပ်ပေးနိုင်ကြတယ် အဲဒိစိတ်တို့ဟာ-အဆင်းသိစိတ်နဲ့ တဆက်ထဲ စက္ခုဒွါရမှာ ဖြစ်ကြယင်၊သူတို့ကြောင့်ဖြစ်ကြတဲ့ စိတ္တဇရုပ်တွေနဲ့ အတူ စတုဇရုပ်တွေကိုမှီပြီးဖြစ်ကြရတယ်၊အဆင်းသိစိတ်ကတော့ ရုပ်ကိုဖြစ်အောင်လုပ်ပေးနိုင်တဲ့ အင်အား မရှိရှာလို့ သူပိုင်ဆိုင်တဲ့ စက္ခုဒွါရမှာ ဖြစ်ရတာတောင် တိဇရုပ်လောက်ကိုသာမှီပီ.ဖြစ်ရပါတယ်။ ။ဒိစိတ်ဟာ၊ စက္ခုဒွါရိက-စိတ်လောကမှာသာ-အားအနည်းဆုံးဖြစ်သော်လဲ၊ သူ့ကို အထင်အမြင်မသေးပါနဲ့ဦး၊ စကြာယတနရှိကြတဲ့ သတ္တလောကမှာတော့၊သူဟာအသုံးအဝင်ဆုံးစိတ်ဖြစ်ပါတယ်၊ သူမပါယင် ဖြစ်ကိုမဖြစ်နိုင်ဘူး၊သူရှိမှအဆင်းကိုသိနိုင်ပါတယ်၊သူမရှိရင် သတ္တလောကတခုလုံးအကန်းချည်းဘဲဖြစ်ကြရမယ်၊ သူနဲ့ဘဲ,သွားမှု,လာမှု,စတဲ့ကိစ္စအဝဝကိုပြီးစီးကြရပါတယ်။

## စေတသိက်

၁၀။ အဆင်းသိစိတ်ဟာ ရူပါရုံကိုအာရုံပြု၍ စက္ခုငွဏ္ဏရုပ်စက္ခုဒွါရရုပ်က အထင်အရှားဖြစ်ပေါ်ခဲ့သော်၊ အဆင်းသိစိတ်ရဲ့ ဥပါဒ်ခဏနဲ့ပြိုင်တူ-ဖဿဥပေက္ခာ ဝေဒနာ အစရှိတဲ့ စေတသိက်လေးပါးတို့ဟာ၊စိတ်ရဲ့နောက်လိုက်နောက်ပါ အခြံ

အရုံအဖြစ်ဖြင့် အဆင်းသိစိတ်အာရုံပြုတဲ့ ရူပါရုံကို အာရုံပြုပြီး အဆင်းသိစိတ် ကိုယ်တိုင်ထွက်လာခဲ့တဲ့ စက္ခုဝညာဏ်ရုပ် ကဘဲ ဖြစ်ထွက်လာကြပါတယ်။

အဲဒီ စေတသိက်တွေဟာ-စိတ်နဲ့အတူ ဖြစ်ခြင်း, အတူ ပျက်ခြင်း,တူတဲ့အာရုံရှိခြင်း,တူတဲ့ဝတ္ထုရှိခြင်းသဘောရှိကြလို့ လဲ စေတသိက်မည်ကြပါတယ်၊ စိတ်နဲ့ယှဉ်စပ်ပြီး ဖြစ်တတ်ကြ လို့လဲ စေတသိက်မည်ကြပါတယ်။ ။ဒီစေတသိက်တွေကို အဆင်းသိစိတ်နဲ့အတူ-စက္ခုဒွါရိက စေတသိက်-ရူပါ ရမ္မဏိက စေတသိက်တွေလို့မှတ်ယူရပါတယ်။

အဘိဓမ္မာကျမ်းဂန်တို့မှာ၊စေတသိက် ငါးဆယ့် နှစ်ပါး တို့ကို၊အညသမာန်းရာသီ, သောဘဏရာသီ, အကုသလရာသီ, ဒီလိုရာသီသုံးမျိုးခွဲ၍ပြခဲ့သော်လဲ၊ စေတသိက်တရားတွေရဲ့ ယှဉ် ဖေါ်ယှဉ်ဘက် ရှေ့ဆောင် ရှေ့သွား စိတ်တွေကို အမှီပြုပြီး၊ ကုသိုလ်စိတ်တွေနဲ့ယှဉ်တဲ့စေသိက်တို့ကို ကုသိုလ် စေ တ သိက် အကုသိုလ်စိတ်တွေဉ်နဲ့ယှတဲ့စေတသိက်တို့ကို။အကုသိုလ် စေတ သိက်။ဝိဘက်ကိရိယာအဗျာကကစိတ်တွေနဲ့ယှဉ်တဲ့ စေတသိက် တို့ကို၊ဝိဘက်ကိရိယာအဗျာကတ စေတသိက်တွေလို့ဆိုရသလို။ ဒီစာစောင်မှာလဲ ယထာဝုတ္တစေတသိက်လေးပါးတို့ကို အဟိတ် ဝိပါက်အဆင်းသိစိတ်နဲ့ယှဉ်ကြလို့၊ဝိပါက် စေတသိက် တွေလို့ ဆိုရပါတယ်၊ ဒီစေတသိက် တွေလဲ-ဗုဒ္ဓဘာသိတ-စေတသိက် အဘိဓမ္မာစေတသိက်-ပရမတ်စစ်စစ်တွေပါဘဲ။

## စေတသိက်သဘော

၁၁၊ ဒီစေတသိက်တို့တွင်။အာရုံစိတ်တွေရဲ့ တွေ့ထိခြင်း သ

ဘောဟာ၊ဖဿမည်ပါတယ်၊အာရုံရဲ့အရသာကိုလျစ်လျူခံစား ခြင်းသဘောဟာ ဥပေက္ခာဝေဒနာမည်ပါတယ်၊အာရုံကို မှတ် သားခြင်းသဘောဟာ သညာမည်ပါတယ်၊အာရုံမှာ-သမ္ပယုတ် စိတ်စေတသိက်တို့ကို တိုက်တွန်းနှိုးဆော်ခြင်း၊ပြုစုဆည်းပူးခြင်း သဘောကတော့ စေတနာမည်ပါတယ်။

၁၂။ အဆင်းသိစိတ်နဲ့ သမ္ပယုတ် ဖြစ်ကြတဲ့ စေ တ သိက် လေးပါးတို့တွင်။ရူပါရုံနဲ့အဆင်းသိစိတ်များတွေ့ထိခဲ့ယင်၊ဖဿ စေတသိက်ဟာ၊ အဇ္ဈတ္တနိယသဘာဝဆိုတဲ့ မထိခတ် တတ်တဲ့ သဘောရှိတဲ့နာမ်တရားပင်ဖြစ်ပါသော်လဲ၊တွေ့ထိတဲ့ အမူအရာ တွေ့ထိတဲ့အခြင်းအရာနဲ့ဖြစ်ပါတယ်။ ။ဒီဖဿစေတသိက် ဟာ-အဆင်းသိစိတ်,အသံသိစိတ်,အနံ့သိစိတ်,အရသာသိစိတ် တွေနဲ့ယှဉ်၍ဖြစ်ယင်တော့၊ဣဋ္ဌာရုံမှာ သုခသမ္ဖဿအစွန်းဘက် သို့၊ အနိဋ္ဌာရုံ မှာတော့ ဒုက္ခသမ္ဖဿ အစွန်းဘက်သို့ ခပ် ယိမ်း ယိမ်းဖြစ်တတ်တယ်။

အဆင်းသိစိတ်,အသံသိစိတ်, အနံ့သိစိတ်, အရသာ သိ စိတ်တွေနဲ့ယှဉ်တဲ့ဥပေက္ခာဝေဒနာဟာ၊ရူပါရုံ-သဒ္ဒါရုံ-ဂန္ဓာရုံ ရသာရုံတွေရဲ့အရသာကို လျစ်လျူခံစားတဲ့ အမူအရာနဲ့ ဖြစ် ပါတယ်။ ။လျစ်လျူခံစားတယ်ဆိုတာ၊ သာတဲ့ဘက်သို့လဲ လုံးလုံးမရောက်တတ်၊နာတဲ့ဘက်သို့လဲ လုံးလုံး မရောက်တတ်၊ အလယ်အလတ်ဘက်ခလိုက် သာယာတာကိုဆိုတာပါဘဲ။ ဒါ ကြောင့်၊ ဥပေက္ခာဝေဒနာဟာ၊အာရုံရဲ့အရသာကို လျစ်လျူ ခံစားပါတယ်လို့ဆိုသော်လဲ၊ ဣဋ္ဌာရုံမှာ-သုခ အစွန်း ဘက်ကို အနိဋ္ဌာရုံမှာတော့ ဒုက္ခအစွန်းဘက်ကိုခပ်ပါပါ ဖြစ်တတ်တယ်။

ရူပအစရှိတဲ့ အာရုံလေးပါးတို့က၊ စက္ခုအစရှိတဲ့ ဒွါရလေးပါး တို့ကို ထိခတ်ယှဉ် အနာအကျဉ်မရှိဘဲ သက်သာတဲ့သဘောဟာ ဥပေက္ခာဝေဒနာဖြစ်တာ ဘဲလို့ မှတ်ယူရပါတယ်။

ဒီစာစောင်မှာ ပြဆိုခဲ့ပြီး ပြဆိုလတံ့ စိတ်ကိုးပါးတို့နဲ့ ယှဉ်တဲ့ သညာစေတသိက်ကတော့၊ အာရုံ ခြောက်ပါး တွေကို မှတ်သားတဲ့ အမှုအရာနဲ့ ချည်းဘဲဖြစ်ပါတယ်။ ။ရူပါရုံကို ဒီအဆင်းဟာဖြူတယ်၊ ဒီအဆင်းဟာ ညိုတယ် စသည် ဖြင့် မှတ်သားတာ၊ သဒ္ဒါရုံကို ဒီအသံဟာ ယောက်ျားရဲ့ အသံဘဲ ဒီအသံဟာ မိန်းမရဲ့ အသံဘဲ စသည်ဖြင့်မှတ်သားတာ၊ ဂန္ဓာရုံကို၊ ဒီအနံ့ဟာမွှေးတယ်၊ ဒီအနံ့ဟာ ပုပ်တယ် စ သည် ဖြင့် မှတ်သားတာ၊ ရသာရုံကို ဒီအရသာဟာချိုတာဘဲ ဒီအရသာ ဟာ ချဉ်တာဘဲ စသည်ဖြင့် မှတ်သားတာ၊ ဖေါဋ္ဌဗ္ဗာရုံကို ဒီ အတွေ့ဟာကြမ်းတမ်းတယ်၊ ဒီအတွေ့ ကတော့ နူးညံ့ လိုက် တာ စသည်ဖြင့်မှတ်သားတာ၊ ဓမ္မာရုံကို-ဒီဟာမျက်စိဘဲ-နားဘဲ-နှာခေါင်းဘဲ-လျှာဘဲ-ကိုယ်ဘဲ-နှလုံးဘဲ စသည်ဖြင့် ရုပ်ဓမ္မာရုံကိုမှတ်သားတာ၊ ဒီစိတ်ဟာဘာစိတ်ပဲ၊ ဒီစိတ်ဟာ ဘယ် ဝတ္ထုရုပ်ကိုမှီဖြစ်တာဘဲ၊ ဒီစေတသိက် ကတော့-ဖဿစေတသိက်ပဲ စသည်ဖြင့် မှတ်သားတာ-အဲဒီ မှတ်သား စရာ အာရုံတွေကိုမှတ်သားတာဟာ-သညာစေတသိက်ဖြစ်တာပါဘဲ။

သညာနဲ့အတူ စေတနာ စေတသိက် ဟာလဲ အာရုံ ခြောက်ပါးတို့မှာ သူ့နဲ့သမ္ပယုတ် ဖြစ်ကြတဲ့ ဝေဒနာ-သညာ စိတ် တရား တွေကို ခံစားပါ-မှတ်သားပါ-အာရုံကို သိပါ-ဒီလို တိုက်တွန်းနှိုးဆော်တဲ့အမှုအရာနဲ့ ဖြစ်ပါတယ်။

အဲဒီလို စိတ်နာမ်-စေတသိက်နာမ်တွေရဲ့သဘောတခုစီ တခုစီကို ဟုတ်တိုင်းမှန်စွာ ပိုင်းခြား၍ သိတဲ့ဉာဏ်ဟာ နာမ ပရိစ္ဆေဒဉာဏ်မည်ပါတယ်။

## ပစ္စယပရိဂ္ဂဟဉာဏ်

၁၃။ အဲဒီစေတသိက်တို့တွင်၊ဒွါရ-အာရုံ-စိတ် ဒီအကြောင်း သုံးပါး ညီညွတ်ရင်၊ ဖဿစေတသိက်ဟာ ကေန် ဖြစ်ပါတယ်။ ဒီအကြောင်း သုံးပါး တို့တွင်၊ အကြောင်းတပါးပါး မပါလို့ အကြောင်းသုံးပါးမညီညွတ်ခဲ့ယင်၊ဖဿဟာ ဘယ်အခါမှ မဖြစ် ဘူး။ ဒွါရကလဲထင်ရှားဖြစ်တယ်၊ အာရုံကလဲ ထိခတ် တယ်။ စိတ်ကလဲသိတယ်၊ ဒီလိုအကြောင်းသုံးပါးစလုံး ပြိုင်တူဆုံမိ ဆိုင်မိတာကို၊ အကြောင်းသုံးပါးညီညွတ်တာလို့ ဆိုရ ပါတယ်။ ဒွါရ-အာရုံ-စိတ်-ဒီသုံးပါးဟာ အကြောင်းပစ္စည်းတရား မည် ပါတယ် ဖဿစေတသိက်ကတော့၊ အကျိုးပစ္စယုပ္ပန်တရား မည် ပါတယ်။

အဝိဇ္ဇာ-တဏှာ-ကံ-ဖဿ ဒီအကြောင်းတရား လေး ပါးတွေ ပေါင်းဆုံညီညွတ်ကြယင်၊ ဝေဒနာ-သညာ-စေတနာ စေတသိက်သုံးပါးတို့ဟာ၊ မုချဖြစ်ကြပါတယ်။ ဒီအကြောင်း လေးပါးထဲက အကြောင်း တပါးပါးမပါလာဘဲ ကျန်ခဲ့ ယင် တော့။ ဒီစေတသိက်တွေဟာ မဖြစ်ကြ ပါဘူး။ ဒါကြောင့်၊ အဝိဇ္ဇာ-တဏှာ-ကံ-ဖဿ တရားတွေဟာ၊ အကြောင်းပစ္စည်း တရားတွေမည်ကြပါတယ်။ ဝေဒနာ-သညာ-စေတနာ စေ တ သိက်တို့ကတော့၊အကျိုးပစ္စယုပ္ပန်တရားများမည်ပါတယ်။

ဒီအကြောင်းတရားလေးပါးထဲက၊ အဝိဇ္ဇာ-တဏှာ-ကံ အကြောင်းတွေဟာ၊ ရှေးအတိတ်ဘဝက-ဖုံးလွှမ်းမှုတ်သိပ် ဘောင့်တ-ပြုစုဆည်းပူးခဲ့ကြတဲ့အကြောင်းတရားများဖြစ်ကြလို့ ဝေဒနာ-သညာ-စေတနာစေတသိက်တို့ရဲ့ ဝေးတဲ့အကြောင်း ပစ္စည်းများဖြစ်ကြပါတယ်။ ဖဿဆိုတဲ့ အကြောင်းတပါး ကတော့၊ အဲဒီစေတသိက်တို့ရဲ့အနီးကပ်ဆုံး အကြောင်းတခုဖြစ်ပါတယ်။ အဘယ်ကြောင့်ဆိုယင်၊ အာရုံကြောင့် ဒွါရမှာစိတ်ဖြစ်ဘယ်၊ စိတ်ဖြစ်ယင်-ဖဿဖြစ်တယ်။ ယခုတဘဝပတ်လုံး ဘယ်စိတ်ပဲ ဖြစ်ဖြစ် ဖဿ စေတသိက်ဟာ မဖြစ်မရှိဘူး။ ဖြစ်ရတဲ့ အခါချည်းဘဲ။ အဲအနီးကပ်ဆုံး ဖဿစေတသိက် အကြောင်းဖြစ်ယင်တော့၊ အကျိုးတရားလို့ဆိုရတဲ့-ဝေဒနာ-သညာ-စေတနာ စေတသိက်များ ဖြစ်ကြရတာ ထင်ရှားတာကြောင့်။ ဖဿစေတသိက်ကို-ဝေဒနာစတဲ့ စေတသိက်တွေရဲ့အနီးကပ်ဆုံး အကြောင်းဘဲလို့ဆိုရပါတယ်။

## ဝေဒနာအထူး

၁၄။ စေတသိက်တွေထဲက ဝဏ္ဏအာရုံ စိတ်တွေ ထူးထွေကြလို့ ဝေဒနာများ ထူးထူးထွေထွေ ဖြစ်ကြတာကို အနည်းငယ်ပြဦးမယ်၊ ကုသလဝိပါက်-အကုသလဝိပါက် ဖြစ်ကြတဲ့ အဆင်းသိစိတ်၊ အသံသိစိတ်၊ အနံ့သိစိတ်၊ အရသာသိစိတ်တို့ဟာ။ ဝဏ္ဏရုပ်တို့ကို အာရုံရုပ်တွေရဲ့ ထိခတ်တာဟာ အားနည်းတာကြောင့်။ ဣဋ္ဌာရုံမှာဖြစ်စေ၊ အနိဋ္ဌာရုံမှာဖြစ်စေ၊ ဥပေက္ခာဝေဒနာတို့နဲ့သာ ယှဉ်ကြရပါတယ်။ ။ဒီစကားဟာ မထင်ရှားတတ်လို့ ထင်ရှားအောင် ပြပါမယ်။ အဲဒီအဆင်း

သိစိတ်အစရှိတဲ့ စိတ်လေးပါးတို့ရဲ့ မှီရာ စက္ခုဝတ္ထု-သောတဝတ္ထု-ဃာနဝတ္ထု-ဇိဝှါဝတ္ထုရုပ် တွေဟာ-ဘူတ ရုပ်တို့ကို အမှီရမှဖြစ်တတ်ကြလို့၊ဥပါဒါရုပ်ဒွါရတို့သာဖြစ်ကြပါတယ်။ ဒီဝတ္ထုရုပ်တွေနဲ့အတူဘဲ၊ စိတ်လေးပါးတို့ရဲ့အာရုံပြုရာဖြစ်တဲ့၊ ရူပါရုံသဒ္ဒါရုံ-ဂန္ဓာရုံ-ရသာရုံတွေကလဲ၊ ဥပါဒါရုပ်အာရုံတွေသာဖြစ်ကြပါတယ်။ ဥပါဒါရုပ်အာရုံက-ဥပါဒါရုပ်ဒွါရကို ထိခတ် တာဟာ၊ ဂွမ်းပေါက်တခုနဲ့ဂွမ်းပေါက်တခုကိုထုတာဟာ၊ အလွန်အားနည်းသလိုဘဲ၊ အလွန်အားနည်းလှပါတယ်။ ဒါကြောင့်၊ အဆင်းသိစိတ်အစရှိတဲ့ စိတ်လေးပါးတို့ဟာ၊ဥပေက္ခာဝေဒနာနဲ့ ယှဉ်၍ချည်းသာ ဖြစ်ကြရပါတယ်။ ။ကုသလ ဝိပါက်ဥပေက္ခာကို ဣဋ္ဌဖြစ်လို့ သုခထဲမှာ-အကုသလဝိပါက် ဥပေက္ခာကိုတော့ အနိဋ္ဌဖြစ်လို့၊ ဒုက္ခထဲမှာသွင်းရမယ်။ ဒီဥပေက္ခာဟာသုခဝေဒနာလို-ဒုက္ခဝေဒနာလို တကျာ တရားရဲ့ ဥပနိဿယပစ္စည်းဖြစ်ပါတယ်လို့ဆိုခြင်းငှါစွမ်းနိုင်ပါတယ်။ ဒီလို-ဝိသုဒ္ဓိမဂ်ဋီကာပညာဘူမိနိဒ္ဒေသအဖွင့်မှာပြဆိုပါတယ်။

ထိသိစိတ်ရဲ့အာရုံကတော့၊ ဘူတရုပ်လို့ဆိုရတဲ့ ပထဝီဖေါဋ္ဌဗ္ဗာရုံ၊တေဇောဖေါဋ္ဌဗ္ဗာရုံ၊ဝါယောဖေါဋ္ဌဗ္ဗာရုံသုံးပါးတွေထဲက ဖေါဋ္ဌဗ္ဗာရုံတခုခုဘဲဖြစ်ပါတယ်။ဒီဖေါဋ္ဌဗ္ဗာရုံဟာ-ကိုယ်အာကြည်ရုပ်ကိုသာထိခတ်သော်လဲ၊ကိုယ်အကြည်ရုပ်ကိုလွန်သွား၍ကိုယ်အကြည်ရုပ်ရဲ့မှီရာ ဘူတရုပ်မှာ ထိခတ်ပါတယ်။ ဘူတရုပ်တို့နဲ့ ဘူတရုပ်တို့ရဲ့ထိခတ်တာဟာ၊ သံနဲ့သွန်းလုပ်တဲ့ သံပေရဲ့ထိပ်ပေါ်မှာ ဂွမ်းပေါက်ကိုတင်ပြီး သံတူနဲ့ထုယင် သံတူဟာဂွမ်းပေါက်ကို ကျော်ပြီး ပေရဲ့ထိပ်ကို ထိခတ် တာလို အလွန်အားကြီးတယ်။ကာယဝတ္ထုရုပ်ကို ဖေါဋ္ဌဗ္ဗာရုံ ထိခတ် တာဟာ၊

အလွန် အားကြီးလို့ ထိသိစိတ်ခေါ် ကာယဝိညာဏ် စိတ်ဟာ ဣဋ္ဌာရုံမှာ သက်သာတဲ့ ခံစားမှု-သာယာမှု သုခ ဝေဒနာ နဲ့ အနိဋ္ဌာရုံမှာတော့ မသက်သာတဲ့ ခံစားမှု သာယာမှု ဒုက္ခဝေဒ နာနဲ့ ယှဉ်၍ဖြစ်ရပါတယ်။

ဝေဒနာဆိုတာဟာ-အာရုံရဲ့အရသာကိုခံစားတာပါဘဲ အာရုံရဲ့အရသာကိုခံစားတယ်ဆိုတာလဲ၊ အာရုံရဲ့ အရသာကို နှစ်သက်သာယာတာဘဲလို့ ဆိုလိုပါတယ်။ဒါဖြင့် သုခကိုဖြစ်စေ ဥပေက္ခာကိုဖြစ်စေ၊ နှစ်သက်သာယာတယ်လို့ ဆိုယင် ဆိုပါ တော့။ဒုက္ခကို ဘယ်လိုနှစ်သက်သာယာတယ်လို့ဆိုမလဲလို့မေး အပ်ံဒုက္ခိတောငါဟာဆင်းရဲတာရောက်နေဘိ၊ မမဒုက္ခံ၊ ငါရဲ့ ဆင်းရဲ ပါဘဲ၊ဒီလိုယူတာသိတာဟာ၊ဒုက္ခကို နှစ်သက်သာယာ တာပါဘဲလို့ဖြေ။သံယုတ်ဋီကာဆရာကြီးကတော့၊ဆင်းရဲခြင်းရဲ့ အကြောင်းဖြစ်တဲ့ ဒုက္ခဟောတုကို နှစ်သက်သာယာတဲ့ ပုဂ္ဂိုလ် ဟာ ဒုက္ခကိုနှစ်သက်သာယာတဲ့သူဘဲလို့မိန့်တော်မူတယ်။

မနောဝိညာဏ်ခေါ် တွေးသိစိတ်တွေရဲ့အာရုံပြု၍ဖြစ်ရာ ဓမ္မာရုံတွေကတော့၊မနောဒွါရမှာမထိခတ်ဘူး ထင်ရုံသာ ထင် တတ်ကြလို့၊ တွေးသိစိတ်တွေဟာ၊ ဣဋ္ဌဓမ္မာရုံမှာ ဝမ်းသာတဲ့ သောမနဿနဲ့၊အနိဋ္ဌဓမ္မာရုံမှာ-နှလုံးမသာယာတဲ့ ဒေါမနဿ နဲ့။မဇ္ဈတ္တဓမ္မာရုံမှာ ဥပေက္ခာနဲ့ယှဉ်ပြီးဖြစ်ကြပါတယ်။

အဲဒီလို ဝတ္ထု၊အာရုံစိတ်တွေထူးခြွေကြလို့၊ဝေဒနာများ ထူးထူးထွေထွေ ဖြစ်ကြရတာကိုသိအပ်ပါတယ်။ ။ဒီလို ဝေဒနာတွေ အထူးဖြစ်ကြတာကိုမှီပြီး၊ အ ဆင်း သိ စိတ် နဲ့ သမ္ပယုတ် ဖြစ် တဲ့ ဝေဒနာကို ဝေဒနာလို့သာ-သာမည မဆို ဘဲ။ဥပေက္ခာဝေဒနာလို့ ဝိသေသ-မပီးဆိုလိုက်ရပါတယ်။

၁၅။ တခါတရံ ရူပါရုံထိလာတာကိုစောင့်မနေဘဲ၊ရူပါရုံကို ကြည့်ချင်တဲ့ ရူပတဏှာအကြောင်းကတိုက်တွန်းလို့ မျက်စိက ရူပါရုံကိုရှာဖွေကြည့်တာလဲရှိပါတယ်။ ။ရူပါရုံက မျက်စိရဲ့ အကြည့်ကို စောင့်မနေဘဲ၊ မျက်စိကို အဆောင်သင့် ကြည့်ဖြစ် အောင်ထိခတ်လို့ မျက်စိကကြည့်ရတာလဲရှိတယ်။

တခါတရံ၊အဆင်းကမျက်စိကိုကြည့်စေချင်လို့ မျက်စိနဲ့ ကြည့်နိုင်အောင် ခပ်ဝေးဝေးရှေ့တည့်တည့်အရပ်ကစောင့်နေ နှင့်သော်လဲ၊မျက်စိကကိုအဲဒီအဆင်းကိုမကြည့်ချင်လို့ တမောင့် တမင်မျက်နှာလွှဲလိုက်ပြီး၊ တခြားအဆင်းကိုဘဲမျက်စိက ကြည့် တာလဲရှိတယ်။ အဲဒီလိုအခါမျိုးမှာ၊ စက္ခုဝိညာဏ်-စက္ခုဒွါရိက စိတ်စေတသိက်တွေ ဖြစ်ပေါ်လာတာတွေကိုလဲ ရှေးက ပြခဲ့တဲ့ နည်းနဲ့အတူဝေဘန်တတ်ကြစေ။

## ဥပမာ

၁၆။ စည်ဟာ-စည်သံရဲ့မှီရာဖြစ်သော်လဲ၊လက်ခတ်နဲ့ မတီး ခတ်ယင် စည်သံဟာအလိုလိုမမြည်ဘူး။စည်ကိုလက်ခတ်နဲ့တီး ခတ်ယင်တော့၊ စည်က စည်သံဟာဒိုန်းကနဲ မြည်လာ သလို။ ဒီဥပမာနဲ့အတူ၊ စက္ခုဝိညာဏ်ရုပ်ဟာ-စက္ခုဒွါရိက စိတ်စေတ သိက်တွေရဲ့မှီရာဖြစ်သော်လဲ။ရူပါရုံနဲ့မထိခတ်ယင်၊ စက္ခုဝိညာဏ် ရုပ်က စိတ်စေတသိက်တွေဟာ အလိုလိုဖြစ်တယ်လို့ မရှိဘူး။ စက္ခုဝိညာဏ်ရုပ်ကို ရူပါရုံကထိခတ်ယင်တော့၊ စက္ခုဝိညာဏ်ရုပ်က စိတ်စေတသိက်တွေဟာဖြစ်ကြပါတယ်။

အဲဒီစကားရပ်မှာ။ မျက်စိရုပ်ဟာ စည်နဲ့ တူပါတယ်။ ရူပါရုံဟာ လက်ခတ်နဲ့တူပါတယ်။စိတ်စေတသိက်တွေကတော့

ည်သံနဲ့တူပါတယ်၊စည်ဟာစည်သံရဲ့မှီရာဖြစ်သော်လဲ၊စည်ကို လက်ခပ်နဲ့မတီးမချင်း စည်သံဟာ မမြည်သလို၊ ဒါနဲ့ အတူ မျက်စိရုပ်ဟာ စိတ်စေတသိက်တွေရဲ့မှီရာဖြစ်သော်လဲ၊ မျက်စိ ရုပ်ကို ရူပါရုံကမထိမချင်း မျက်စိရုပ်က စိတ် စေတသိက် များ မဖြစ်ကြဘူး၊ စည်ကိုလက်ခတ်နဲ့ ရိုက်တီးယင် စည်က စည်သံ မြည်လာသလို၊ဒါနဲ့အတူ၊မျက်စိရုပ်ကို ရူပါရုံထိခတ်ယင်၊ မျက် စိရုပ်က စိတ်စေတသိက်တွေဟာဖြစ်ကြရတယ်။ ဒီလို ဥပမာ ဥပမေယျကိုဟပ်ပြီး စဉ်းစားဆင်ခြင်ယင် ပို၍ သိလွယ်ပါတယ်။

ဒီဥပမာကို-ရူပါရုံက မျက်စိကိုထိခတ်လို့ မျက်စိရုပ်က စိတ်စေတသိက်များဖြစ်ပေါ်တာမှာသာဆောင်နိုင်တာမဟုတ် ပါသေး။သဒ္ဒါရုံစတဲ့အာရုံတွေက နားအစရှိတဲ့ ကျန်ဝတ္ထုရုပ် ငါးပါးတို့ကိုထိခတ်ကြယင်၊ နားစတဲ့ရုပ်တွေက စိတ် စေတ သိက်တွေဖြစ်ပေါ်ကြတာမှာလဲ ဒီဥပမာကိုဘဲဆောင်ရမှာဘဲ။

## ခန္ဓာငါးပါးသရုပ်

၁၇။ ခန္ဓာတွေဟာ ငါးပါးသာရှိကြပါတယ်။ ဒီ ခန္ဓာတွေက တော့၊ ရူပက္ခန္ဓာ - ဝေဒနက္ခန္ဓာ - သညက္ခန္ဓာ - သင်္ခါရက္ခန္ဓာ ဝိညာဏက္ခန္ဓာ ဒီငါးပါးသာ ရှိကြပါတယ်။ ဒီ ငါးပါးထက် အလွန် ဒီငါးပါးအောက်အယုတ်ခန္ဓာတွေမရှိကြပါဘူး။ ။ဒီ ခန္ဓာတို့တွင်၊ ဖေါက်ပြန်တဲ့သဘောအစုဟာ ရူပက္ခန္ဓာမည်ပါ တယ်၊ခံစားတဲ့သဘောအစုဟာ ဝေဒနက္ခန္ဓာ မည်ပါတယ်။ မှတ်သားတဲ့ သဘောအစုဟာ သညက္ခန္ဓာ မည်ပါတယ်။ နှိုးဆော်တဲ့သဘောအစုဟာ သင်္ခါရက္ခန္ဓာမည်ပါတယ်။ အာရုံ ကိုသိတဲ့သဘောအစုဟာ ဝိညာဏက္ခန္ဓာမည်ပါတယ်။

၁၈။ စက္ခုဒွါရရူပါရုံ အဆင်းသိစိတ် နာမ်ကလာပ် တွေကို ခန္ဓာဖွဲ့ယူယင်၊ စက္ခုဒွါရ-ရူပါရုံနှစ်ပါးကို၊ ရူပက္ခန္ဓာ ဖွဲ့ရတယ်။ ဝေဒနာ စေတသိက်ကို ဝေဒနက္ခန္ဓာ၊ သညာ စေတသိက်ကို သညက္ခန္ဓာ၊ ဖဿ စေတနာ စေတသိက် တို့ကို သင်္ခါရက္ခန္ဓာ၊ အဆင်းသိစိတ်ကိုတော့ ဝိညာဏက္ခန္ဓာဖွဲ့ရတယ်။

ဒီခန္ဓာတို့တွင်၊ ရူပက္ခန္ဓာကို ရှေးဦးစွာ မြတ်စွာ ဘုရား ဟောဒေသနာမူတာဟာ၊ အာရုံဖြစ်သောကြောင့်၊ နိဿယဖြစ်သောကြောင့်၊ရူပက္ခန္ဓာကို ရှေးဦးစွာ ဟောတော်မူရပါတယ်။ နာမက္ခန္ဓာလေးပါးတို့ကိုတော့၊အာရမ္မဏိကဖြစ်သောကြောင့်၊ နိဿိတဖြစ်သောကြောင့်၊ နောက်မှ ဟောတော်မူပါတယ်။

တနည်း။ ။ရုပ်နဲ့နာမ်ကိုပယ်သတ်ယင်၊ရုပ်တရားက ထင်လွယ်ပါတယ်၊ နာမ်တရားက ထင်ခဲလို့ နာမက္ခန္ဓာကို နောက်ထားပြီးဟောတော်မူပါတယ်။ ။ဒီမျှသာမဟုတ်သေးပါဘူး၊ခန္ဓာတရားတွေရဲ့ရှေ့နောက်အစဉ်နဲ့ တရားနာသူ သုဏန္တပုဂ္ဂိုလ်တွေရဲ့ဉာဏ်အား အသုဘ-ဒုက္ခ-အနတ္တ-အနိစ္စ တရားတွေကို ထင်မြင်စေပါတယ်။ထင်စေဟန်ကတော့၊ ရူပက္ခန္ဓာနဲ့ မတင့်တယ်တဲ့ အသုဘကို ဝေဒနက္ခန္ဓာနဲ့၊ ဆင်းရဲတဲ့ ဒုက္ခကို သညက္ခန္ဓာ-သင်္ခါရက္ခန္ဓာတို့နဲ့။ အလိုမလိုက်တဲ့ အနတ္တကို၊ ဝိညာဏက္ခန္ဓာနဲ့၊မမြဲတဲ့အနိစ္စကို ထင်မြင်စေတော်မူပါတယ်။

## ရုပ်နာမ်

၁၉။ ဒီခန္ဓာငါးပါးတို့တွင်၊ ရူပက္ခန္ဓာဟာဖေါက်ပြန်တဲ့ သဘောထင်ရှားရှိလို့ရုပ်၊ဝေဒနက္ခန္ဓာ-သညက္ခန္ဓာ - သင်္ခါရက္ခန္ဓာ ဝိညာဏက္ခန္ဓာဆိုတဲ့ နာမက္ခန္ဓာတွေကတော့၊ အာရုံသို့ ရှေးရှု

ညွှတ်တတ်တဲ့ သဘောထင်ရှားရှိလို့နာမ်၊ ဒီရုပ်နာမ်နှစ်ပါးသာ ထင်ရှားရှိပါတယ်။ လက်ခတ်နဲ့ တီးခတ်ရတဲ့ စည်ကိုမှီပြီး၊ စည်ရဲ့ ဒိုင်းကနဲမြည်သံဟာ ထွက်လာယင်၊ စည်ကတခြား-စည်သံကတခြား၊ စည်နဲ့ စည်သံတို့ဟာ၊ အချင်းချင်းမရောကြဘူး။ စည်ဟာစည်သံမဟုတ်ဘူး-စည်သံမှဆိတ်တယ်။ စည်သံဟာလဲ-စည်မဟုတ်ဘူး-စည်မှဆိတ်သလို၊ ရုပ်နာမ်နှစ်ပါးတို့မှာလဲ၊ ဝဏ္ဏ၊ ဒွါရ အာရုံဆိုတဲ့ ရုပ်တရားတွေကိုမှီရမှ၊ စိတ်စေတသိက် နာမ်တရားတွေဟာ အာရုံကိုသိ၍ဖြစ်ပေါ်လာကြယင်၊ ရုပ်ကတခြား နာမ်ကတခြား၊ ရုပ်နဲ့ နာမ်တွေဟာအချင်းချင်းမရောကြဘူး၊ ရုပ်ဟာရုပ်သာဖြစ်တယ်-နာမ်မဟုတ်ဘူး၊ နာမ်မှဆိတ်တယ်၊ နာမ်ဟာလဲနာမ်သာဖြစ်တယ်-ရုပ်မဟုတ်ဘူး၊ ရုပ်မှဆိတ်တယ်၊ စင်စစ်ကတော့၊ စည်ကိုမှီ၍ စည်သံဟာ ဖြစ်ပေါ်ရသလို။ ရုပ်ကို မှီ၍ နာမ်ဟာဖြစ်ပေါ်ရပါတယ်။

၂၀။ ခန္ဓာတရားတွေဟာ ထင်ရှားရှိကြယင်၊ ပုဂ္ဂိုလ် သတ္တဝါလို့ ခေါ်ရုံသာ ခေါ်ရတဲ့ ပညတ်တရားဟာ ဖြစ်ရပါတယ်။ ပရမတ္ထအားဖြင့် ခန္ဓာငါးပါးကို ဉာဏ်နဲ့ ဆင်ခြင်စူးစမ်းယင် (ငါဟာဖြစ်ပြီ) (ငါ)ဒီလိုအယူမှားရဲ့ မှီရာ ပုဂ္ဂိုလ်သတ္တဝါကို မတွေ့မမြင်ပါဘူး။ ပရမတ္ထအားဖြင့်ထင်ရှားမုချရှိတဲ့၊ ရုပ်နာမ်မျှကိုသာ၊ ဉာဏ်တွေ့ ဉာဏ်မြင်နဲ့ တွေ့မြင် သိရှိပါတော့တယ်။ ဒီလိုသိတဲ့ ဉာဏ်ဟာ ဟုတ်တိုင်းမှန်စွာ ပရမတ္ထတရားတို့ကိုတွေ့မြင်လို့ ယထာဘူတ ဉာဏဒဿနမည်ပါတယ်။

## ဉာဏ်စဉ်

၂၁။ ဒို့ မျက်စိရုပ်ကဖြစ်ပေါ်တဲ့ အဆင်းသိစိတ်ဟာ၊ ရူပါရုံကို အဖြူဘဲ-အညိုဘဲ-စသည်ဖြင့်သိယင်၊ ဒီအသိဟာ မျက်စိ

ရုပ်မှာ ခန္ဓာငါးပါးဖြစ်ပေါ်လို့သာ သိတာဘဲ။ ခန္ဓာငါးပါး မဖြစ်ယင်ဒီအသိဟာမဖြစ်ဘူး။ဒီလိုခန္ဓာငါးပါးကိုဖြစ်စေ။ခန္ဓာငါးပါးပေါ်လာတာကိုဖြစ်စေ၊ဟုတ်တိုင်းမှန်စွာသိယင်၊ဒို့နှလုံးရုပ်မှာ ခန္ဓဉာဏ်ဖြစ်တော့တာဘဲ။

တဘန် ခန္ဓာငါးပါးထဲမှာပါတဲ့ရူပက္ခန္ဓာကို ရုပ္ပနသဘော ရှိတဲ့ရုပ်ပဲ၊ နာမက္ခန္ဓာလေးပါးကိုတော့ နမနသဘောရှိတဲ့ ရုပ်ဘဲလို့ပိုင်းခြားသိယင် ရူပါရူပပရိစ္ဆေဒဉာဏ်ဟာဖြစ်ပြန်တယ်။

တဘန်-ဒီခန္ဓာငါးပါးတွေဟာ ဒုက္ခအစရှိတဲ့ အရိယာသစ္စာတို့အတွင်၊ မအောင့်နိုင်တဲ့ အမှန်သဘောရှိလို့ ဒုက္ခသစ္စာသာဖြစ်တယ်၊ သမုဒယစတဲ့ သစ္စာတွေမဟုတ်ကြဘူး။ ဒီလိုသိယင် ဒုက္ခသစ္စဉာဏ် ဖြစ်ပြန်တာဘဲ။

## ခန္ဓာငါးပါးရဲ့အဖြစ်အပျက်

၂၂။ မျက်စိရုပ်ကဖြစ်ကြတဲ့ ခန္ဓာတို့ရဲ့ သဘောအသီးသီးတွေဟာ အချင်းချင်း ဆုံမိခဲ့သော်။ (၁) ရှေ့တူရူ အရပ်ကို တည့်တည့်ကြည့်ခြင်း။ (၂)အထောင့်အရပ်ကိုမျက်စောင်းထိုးကြည့်ခြင်း၊ (၃) အပေါ်ကိုမော်၍ကြည့်ခြင်း။ (၄)အောက်ကိုငုံ့၍ကြည့်ခြင်း။ (၅) နောက်ကို ပြန်ကြည့်ခြင်း။ ဒီကြည့်ခြင်းငါးပါးထဲက ကြည့်ခြင်းတပါးပါးဟာဖြစ်ရပါတယ်၊ခန္ဓာတွေရဲ့ သဘောတို့ဟာ အချင်းချင်းမဆုံမိယင်တော့၊ကြည့်ခြင်းငါးပါးထဲက ဘယ်အကြည့်မှမဖြစ်ပါဘူး။

မျက်စိရုပ်မှာ-ခန္ဓာငါးပါးဟာ အထင် အရှား ဖြင်ယင်၊ ကြည့်ခြင်းငါးပါးတို့တွင် ကြည့်ခြင်းတပါးပါးဖြစ်တာဘဲ။ ကြည့်

ခြင်းငါးပါထဲက ကြည့်ခြင်းတပါးပါးဖြစ်ယင်လဲ၊ မျက်စိရုပ်မှာ ခန္ဓာငါးပါးအကောင်အရှားဖြစ်တာဘဲ။

ဒို့မျက်စိဟာ ရှေ့တည့်တည့်ကို ကြည့်လိုက်ယင်၊မျက်စိ ရုပ်မှာ ခန္ဓာငါးပါးဟာအသစ်ဖြစ်ပေါ်လာတာဘဲ၊ အဲဒါနဲ့အတူ၊ မျက်စောင်းထိုး ကြည့် လိုက်ယင်လဲ၊ မော်ကြည့်-ငုံ့ကြည့် နောက်ပြန်ကြည့် ကြည့်လိုက်ရင်လဲ မျက်စိရုပ်မှာ ခန္ဓာ ငါးပါး ဟာအသစ်အသစ်ဖြစ်ပေါ်ရတာချည်းပါဘဲ။

ဒို့မျက်စိဟာရှေ့တည့်တည့်ကိုကြည့်နေတာကမျက်စောင်း ထိုးကြည့်သို့ပြောင်းပြီး ကြည့်ချင်ယင် ကြည့်လိုက်တာဘဲ။ ရှေ့တည့်တည့်ကြည့်နေတာကဘဲ၊မော်ကြည့်သို့-ငုံ့ကြည့်သို့-နောက် ပြန်ကြည့်သို့ပြောင်းပြီး ကြည့်ချင်လဲကြည့်လိုက်ကြမှာဘဲ။

အဲဒီအကြည့်မျိုးတို့တွင်၊ရှေ့တည့်တည့်ကြည့်နေတာက၊ မျက်စောင်းထိုးကြည့်သို့ ပြောင်းလိုက်ယင်၊ ရှေ့တည့်တည့် ကြည့်စဉ်က-မျက်စိရုပ်မှာဖြစ်ပေါ်တဲ့ အဟောင်းခန္ဓာ ငါးပါး ဟာ ချုပ်ပျက်ရပါတယ်။ အဲဒီအဟောင်းခန္ဓာ ချုပ်ပျက်ပြီးတဲ့ အခြားမဲ့မှာ၊ မျက်စောင်းထိုးကြည့်လိုက်တာနဲ့ တပြိုင်နက်ထဲ မျက်စိရုပ်မှာအသစ်စက်စက် ခန္ဓာငါးပါးဟာ ဆက်လက် ဖြစ် ပေါ်ရပါတယ်၊အဲဒီလိုချည်းဘဲ၊ မျက်စောင်း ထိုးကြည့် တာက မော်ကြည့်သို့ပြောင်းကြည့်ယင်လဲ၊ မျက်စောင်းထိုး ကြည့် စဉ်ကမျက်စိရုပ်မှာ-ဖြစ်ပေါ်နေတဲ့ အဟောင်းခန္ဓာဟာ ချုပ် ပျက်ရပါတယ်၊ အဲဒီအဟောင်းခန္ဓာချုပ်ပျက်ပြီးတဲ့ အခြားမဲ့ မှာဘဲ မော်၍ကြည့်လိုက်တာနဲ့ တပြိုင်နက်ထဲ၊ မျက်စိရုပ်မှာ အသစ်စက်စက်ခန္ဓာငါးပါးဟာဆက်လက်ဖြစ်ပေါ်ရပြန်တာဘဲ

ခေါ်ကြည့်က ငုံ့ကြည့်သို့၊ ငုံ့ကြည့်က နောက်ပြန်ကြည့်သို့၊နောက်ပြန်ကြည့်ကတဘက် သည့်ပြင်အကြည့်တခုခုသို့ ပြောင်းကြည့် လိုက်ပြန်ရင်လဲ၊ မျက်စိရုပ်မှာ-ရှေးရှေးအခိုက်အတန့်ခဏတို့ကဖြစ်ပေါ်ကြတဲ့ အဟောင်း ခန္ဓာတွေဟာချုပ်ပျက်ကြရတာချည်းပါဘဲ။ အဲ-အဟောင်းအဟောင်းခန္ဓာတွေ တသုတ်စီတသုတ်စီချုပ်ပျက်ပြီးတဲ့အခြားမဲ့မှာတော့ အသစ်အသစ် ခန္ဓာတွေဟာတသုတ်စီတသုတ်စီ ဆက်လက်ပီးဖြ်ပေါ်ကြရပြန်တာဘဲတခဏမျှရပ်နားနေချိန်ကိုမရကြဘူး။

ခန္ဓာငါးပါးသည်သာဖြစ်သူရှိပါတယ်။ခန္ဓာငါးပါးသည်သာပျက်သူ ရှိပါတယ်။ ခန္ဓာငါးပါး ထင်ရှားရှိနေလို့ ဖြစ်မှုပျက်မှုရှိရပါတယ်။ခန္ဓာငါးပါးထင်ရှားမရှိရင်တော့၊ ဖြစ်မှုပျက်မှုမရှိပါဘူး။ခန္ဓာငါးပါးမှတပါးဖြစ်တတ်သူပျက်တတ်သူ ပုဂ္ဂိုလ်သတ္တဝါ ငါ သူ တပါး၊ယောက်ျား-မိန်းမ-အတ္တ-ဇီဝ လဲမရှိပါဘူး။ခန္ဓာငါးပါးသည်သာ ခဏမစဲဖြစ်ရပျက်ရတာဘဲ။

အဲဒီပြခဲ့တဲ့နည်းကတော့၊မျက်စိရုပ်ကကြည့်ခြင်း ငါးပါးနဲ့မှတ်ပြီး၊ခန္ဓာငါးပါးတို့ရဲ့ ဖြစ်တာ ပျက်တာကို ဉာဏ်နဲ့မြင်အောင်ရှုတဲ့နည်းပါဘဲ။

၂၃။ အဆင်းသိစိတ် ဖြစ်တာ ပျက်တာနဲ့မှတ်ပြီး မျက်စိရုပ်က ခန္ဓာငါးပါးရဲ့ အဖြစ်အပျက်ရှုပုံကို တနည်းပြဦးမယ်။

ဒို့မျက်စိနဲ့ရူပါရုံတို့ကြည့်ယင်-အဆင်းသိစိတ်ဟာ-ရူပါရုံတို့ဖြူတယ်-ညိုတယ်-မည်းတယ်လို့ သိ သိနေလိမ့်မယ်၊ ဒီလို အဆင်းသိစိတ်ဟာ ရူပါရုံ ကို သိနေသေးသရွေ့ကာလပတ်လုံး ဒို့မျက်စိရုပ်မှာ ခန္ဓာငါးပါးတို့ဟာဖြစ်နေတာဘဲရှိသေးတယ်၊

ကဲ-ဒို့မျက်စိကိုမှိတ်လိုက်ကြစို့၊ ဒီလို မျက်စိ မှိတ် လိုက်တာနဲ့တပြိုင်နက်ထဲ၊အဆင်းသိစိတ်ရဲ့အသိဟာမရှိဘူး။ ချုပ်ပျက်သွားပြီ၊ အဆင်းသိစိတ်ရဲ့ အသိဟာ ချုပ်ပျက်တာနဲ့ တပြိုင်နက်ထဲ၊မျက်စိရုပ်မှာဖြစ်ပေါ်ကြတဲ့-ခန္ဓာငါးပါးတို့ဟာလဲ မရှိကြဘူး၊ချုပ်ပျက်ကုန်ကြပြီ။

မှိတ်ထားတဲ့ဒို့မျက်စိကိုဖွင့်လိုက်ကြစို့။မှိတ်ထားတဲ့မျက်စိကိုဖွင့်လိုက်ယင်၊အသစ်စက်စက်ဖြစ်ပေါ်တဲ့ရူပါရုံက၊ အသစ်စက်စက်စက္ခုဒွါရကိုထိခတ်လို့ဖြစ်ပေါ်လာတဲ့ အသစ်စက်စက်အဆင်းသိစိတ်ဟာ အသစ်ရူပါရုံကို အာရုံပြုပြီး သိပြန်ပါရော။ အဆင်းသိစိတ်အသစ်က ရူပါရုံအသစ်ကိုသိတာနဲ့ တပြိုင်နက်မျက်စိ ရုပ်မှာ-ရူပဝေဒနာ-သညာ-သင်္ခါရ-ဝိညာဏ ဆိုတဲ့ အသစ်ကျပ်ချွတ် ခန္ဓာငါးပါးတွေဟာဖြစ်ကြပြန်ပါရော၊ တဘန်မျက်စိကိုမှိတ်လိုက်ပြီး ခန္ဓာတို့ရဲ့ပျက်တာကို ရှေးနည်းနဲ့အတူဝေဘန်ပါတော့၊သိနိုင်လောက်ပါပြီ။

၂၄။ ရူပါရုံတခုက - ရူပါရုံတခုသို့ ပြောင်း ကြည့် တာ နဲ့ မှတ်ပြီး မျက်စိရုပ်က ခန္ဓာငါးပါးရဲ့ အဖြစ်အပျက် ရှုဟန်ကို တနည်းပြပါဦးမယ်။

ဒို့မျက်စိနဲ့ ဖြူတဲ့အဆင်းရူပါရုံကိုကြည့်ယင်။အဆင်းသိစိတ်ဟာ ရူပါရုံကို ဖြူတယ်လို့သိနေလိမ့်မယ်။ ဒီလို သိနေသေးသရွေ့ကာလပတ်လုံး ဒို့မျက်စိရုပ်မှာ ခန္ဓာငါးပါးတို့ဟာဖြစ်နေကြတာဘဲ။

တဘန်၊ညိုတဲ့အဆင်းရူပါရုံကိုဖြစ်စေ၊ မည်းတဲ့အဆင်းရူပါရုံစတဲ့အာရုံကိုဖြစ်စေ။မျက်စိကပြောင်းလွဲကြည့်လိုက်ယင်

အဖြူရုပ်ရုံထိခတ်လို့ မျက်စိရုပ်မှာဖြစ်ပေါ်နေတဲ့ အဟောင်းခန္ဓာငါးပါးဟာချုပ်ပျက်၍၊ အညိုရုပ်ရုံအသစ်က မျက်စိရုပ်အသစ်ကိုထိခတ်လို့ဖြစ်ပေါ်တဲ့ အသစ်အဆင်းသိစိတ်က ရုပ်ရုံကို ညိုတယ်လို့သိတာနဲ့ တပြိုင်နက်ထဲ မျက်စိရင်မှာ ခန္ဓာငါးပါးတွေဟာ အသစ်ကျပ်ချွတ်ဖြစ်ကြပြန်တာဘဲ။

၂၅။ အကြောင်းတရားတွေဝိုင်းဝန်းပြုပြင်ကြလို့ ဖြစ်ပေါ်ရတဲ့ခန္ဓာတရားဟာ၊ မပျက်ရတယ်လို့ မရှိပါဘူး၊ ကောန်ပျက်ရပါတယ်။အဲဒီပျက်ကြတဲ့ခန္ဓာတွေကို ဉာဏ်နဲ့ သုတ်သင် ရှင်းလင်းပြီး ဒီလိုသိရတယ်။

ရုပ်နာမ်နှစ်ပါးတို့တွင်။ရုပ်ဟာနာမ်ကိုမှီရမှ တည်နိုင်ပါတယ်၊နာမ်ဟာလဲရုပ်ကိုမှီရမှဘဲတည်နိုင်ပါတယ်။ပရမတ္ထ အားဖြင့် ခန္ဓာငါးပါးသာမှုချထင်ရှားရှိကြတဲ့ ပဥ္စဝေါကာရသတ္တဝါတွေရဲ့ သန္တာန်မှာ၊ရုပ်ကတခြား-နာမ်ကတခြား ခွဲတည်တယ်လို့မရှိဘူး။ခုတ်ဖြတ်ပြီးစည်းထားတဲ့ ကျူရိုးလှိုင်းနှစ်စည်းတို့ကို အချင်းချင်းမှီ၍ ထောင်ထားယင်၊ တစည်းဟာ တစည်းရဲ့ အထောက်အပံ့ဖြစ်ပါတယ်။ တစည်းစည်းဟာအကယ်၍ လဲကျခဲ့ယင်၊ကျန်တစည်းဟာလဲတပါထဲလဲကျရသလို။ ဒီဥပမာနဲ့အတူ ခန္ဓာငါးပါး ထင်ရှား ရှိကြတဲ့ သတ္တဝါ တွေရဲ့ သန္တာန်က။ ရုပက္ခန္ဓာ-နာမက္ခန္ဓာတို့ဟာလဲ၊ တပါးက တပါးကို အချင်းချင်း မှီရမှတည်နိုင်ကြပါတယ်၊တပါးဟာတပါးရဲ့ အထောက်အပံ့ဖြစ်ပါတယ်။ရုပ်ပဲဖြစ်စေ၊ နာမ်ဘဲဖြစ်စေ။ တပါးပါးဟာ ချုပ်ပျက်ခဲ့ယင်။ကျန်တပါးဟာလဲချုပ်ပျက်ရတော့တာဘဲ။

ရုပ်ရုံ စက္ခုဝတ္ထုဆိုတဲ့ ရုပက္ခန္ဓာအကြောင်းတရားတွေ

ချုပ်ပျက်ကြယာင်။ နာမက္ခန္ဓာတွေဟာ ရုပ်နဲ့ပြိုင်တူ ချုပ် ပျက်တာကြလို့ နာမက္ခန္ဓာအကျိုးတရားတွေကိုပါ-အတူပါအောင် ခေါ်ဆောင်၍ ချုပ်ရကြတယ်၊ ဒီလိုဉာဏ်နဲ့ သုတ်သင်ရှင်းလင်း၍ သိရမယ်။

## လက္ခဏာရေးမွှေးကဝိပဿနာ လက္ခဏာရေးတင်ပုံ၊

၂၆။ ခန္ဓာတရားတွေရဲ့သဘောလက္ခဏာများ အသီးအသီး ပေါ်လာရလာဒါတွေဟာ။ခန္ဓာငါးပါးတို့ရဲ့ ဖြစ်တဲ့လက္ခဏာတို့ပါဘဲ။အဲဒီ ပေါ်လာပြီး ရလာပြီးဖြစ်တဲ့သဘောတွေ အားလုံး ပျောက်ကွယ်သွားတာဟာ။ ခန္ဓာငါးပါးတို့ရဲ့ ပျက်တဲ့လက္ခဏာပါဘဲ။ခန္ဓာတွေရဲ့ဖြစ်တဲ့လက္ခဏာ-ပျက်တဲ့လက္ခဏာ အာရုံတွေကို-အာရုံပြု၍ သိတဲ့ ဉာဏ်ဟာ။ ဉဒယဗ္ဗယဉာဏ် မည်ပါတယ်။

ခန္ဓာတို့ရဲ့အနိစ္စလက္ခဏာဟာ။ ခန္ဓာတရား ထင်ရှားရှိယင်ဖြစ်ရပါတယ်။ခန္ဓာမရှိယင်တော့မဖြစ်ပါဘူး။ ဒါကြောင့်၊ ဒီဆိုခဲ့တဲ့နည်းအားဖြင့် အနိစ္စလက္ခဏာဟာ ခန္ဓာတွေနဲ့အတူ ဖြစ်၍ အတူဘဲပျက်ရပါတယ်။

မျက်စိရုပ်မှာ အခကြောင်း တရားတွေ ဖြစ်ပေါ် ကြလို့ ခန္ဓာငါးပါးအကျိုးတရားတွေဟာဖြစ်ကြရပါတယ်။ခန္ဓာငါးပါးတို့ဟာ ဖြစ်ရကြလို့မမြဲကြဘူး။ မမြဲလို့သာ ဖြစ်ရကြ ပါတယ်။ ဒါကြောင့်-ခန္ဓာတရားဟာဖြစ်ရတဲ့ သဘောရှိလို့။ အမြဲ မရှိ အနိစ္စသာတည်း။

မျက်စိရပ်မှာ အကြောင်းတရားတွေ ချုပ်ပျက်ကြလို့ ခန္ဓာငါးပါးအကျိုးတရားတွေဟာ ချုပ်ပျက်ကြရပါတယ်။ ခန္ဓာငါးပါးတို့ဟာ ပျက်ရကြလို့ မမြဲကြဘူး၊ မမြဲလို့သာ ပျက်ရကြပါတယ်။ ဒါကြောင့်-ခန္ဓာတရားဟာ ပျက်ရတဲ့သဘောရှိလို့ အမြဲမရှိ အနိစ္စသာတည်း။

အမြဲမရှိတဲ့တရားဟာ-ချမ်းသာတာမရှိဘူး၊ ဆင်းရဲတာချည်းဘဲ။ ခန္ဓာတရားတွေဟာ ဖြစ်လို့လဲ ဆင်းရဲရတာဘဲ။ ပျက်လို့လဲ ဆင်းရဲရတာဘဲ။ ဒါကြောင့်-ခန္ဓာတွေဟာ ဖြစ်ပျက်ကြတဲ့ သဘောတွေနဲ့ ဆင်းရဲအောင် မပြတ် နှိပ်စက်ကြလို့ ဆင်းရဲတဲ့ ဒုက္ခသာတည်း။

ဆင်းရဲရတဲ့ ဒုက္ခရှိတဲ့တရားဟာ၊ အလိုလိုက်တယ်၊ အစိုးရတယ်လို့ မရှိဘူး။ အလိုမလိုက်တဲ့သဘော-အစိုးမရတဲ့ သဘောသာရှိပါတယ်။ ခန္ဓာတွေဟာ ဖြစ်တဲ့သဘော မုချရှိနေလို့လဲ အလိုမလိုက်နိုင် အစိုးမရနိုင်ပါဘူး။ ပျက်တဲ့သဘော မုချရှိနေလို့လဲ အလိုမလိုက်နိုင် အစိုးမရနိုင်ကြဘူး။ ဒါကြောင့်-ခန္ဓာတွေဟာ အလိုမလိုက် အစိုးမရကြတဲ့-အနတ္တသာတည်း။

အဲဒီ-အနိစ္စ-ဒုက္ခ-အနတ္တ-ဆိုတဲ့ လက္ခဏာရေး သုံးပါးဓမ္မာရုံကို အာရုံပြု၍၊ ဟုတ်တိုင်းမှန်စွာ လက္ခဏာရေးတို့ကို သိတဲ့ ဝိပဿနာဉာဏ်ဟာ။ လက္ခဏာရေးမွဏ်က ဝိပဿနာ ဉာဏ်မည်ပါတယ်။ အဲဒီဉာဏ် ထင်ရှားဖြစ်လာအောင်၊ လက္ခဏာရေး အာရုံကိုသာ အာရုံပြု၍၊ ဉာဏသမ္ပယုတ်စိတ်နဲ့သာ ရှေးဦးစွာ အဘန်ဘန်ပွါးများရကြောင်း။ ဉာဏသမ္ပယုတ်စိတ်နဲ့ လေ့လာပွါးများဘန်များခဲ့သော်။ အခလ အကျက်ရဲ့ အစွမ်းအား

ဖြင့်။ဥာဏဝိပ္ပယုတ်စိတ်နဲ့ ပွါးများယင်လဲ လက္ခဏာ ရမ္မဏိက ဝိပဿနာဟာ ဖြစ်နိုင်ကြောင်းကို။ ဝိသုဒ္ဓိမဂ်ဋီကာအစရှိတဲ့ ထိုထိုဋီကာကျမ်းကြီးတို့မှာပြဆိုကြပါတယ်။

## လောကီဥာဏ်ဖြင့်
## သစ္စာလေးပါးသိပုံကိုပြခြင်း။

၂၇။ အကြောင်း,ခဏ နှစ်ပါးအားဖြင့်၊ခန္ဓာတွေရဲ့အဖြစ်အပျက်ကို ဉာဏ်နဲ့ရှုတဲ့ပုဂ္ဂိုလ်ရဲ့ အကြောင်း တရား ကြောင့်၊ ခန္ဓာတွေဖြစ်ရတာကိုမြင်တဲ့-ဉဒယဒဿနဉာဏ်ဖြင့်၊ သမုဒယသစ္စာဟာပေါ်လွင်ထင်ရှားနိုင်ပါတယ်။ အဘယ်ကြောင့်လဲ ဆိုယင်၊ခန္ဓာတို့ကိုဖြစ်စေတတ်တဲ့-ဇနကအကြောင်းတွေကို၊ ထိုးထွင်းသိမြင်တာကြောင့်-သမုဒယသစ္စာဟာ ထင်ရှားတယ်လို့ ဆိုနိုင်ပါတယ်။ ။ခဏအားဖြင့် ခန္ဓာတွေရဲ့ ဖြစ်တာပျက်တာကိုမြင်တဲ့ ဉဒယဗ္ဗယဒဿနဉာဏ်နဲ့ ဒုက္ခသစ္စာဟာ ပေါ်လွင်ထင်ရှားနိုင်ပါတယ်။ အဘယ်ကြောင့်လဲဆိုယင်၊ ခန္ဓာတွေဖြစ်ရပျက်ရလို့ ဆင်းရဲတဲ့ ဇာတိဒုက္ခ-မရဏဒုက္ခကို ထိုးထွင်းသိမြင်တာကြောင့်၊ ဒုက္ခသစ္စာဟာ ထင်ရှားတယ်လို့ဆိုနိုင်ပါတယ်။ ။အကြောင်းတရားတွေကြောင့်-ခန္ဓာတွေပျက်တာကိုမြင်တဲ့ ဝယဒဿနဉာဏ်နဲ့-နိရောဓသစ္စာဟာ ပေါ်လွင် ထင်ရှားနိုင်ပါတယ်။ အဘယ်ကြောင့်လဲဆိုယင်၊ အကြောင်းတရားတွေပျက်ကြတာနဲ့၊အကြောင်းတရားရှိကြတဲ့ ခန္ဓာတွေရဲ့ ပျက်တာကို ထိုးထွင်းသိတာကြောင့်။ နိရောဓသစ္စာဟာ ထင်ရှားတယ်လို့ဆိုနိုင်ပါတယ်။

အဲဒီပုဂ္ဂိုလ်ရဲ့ ခန္ဓာတွေရဲ့ အဖြစ် အပျက်ကို သိမြင်တဲ့ ဉဒယဗ္ဗယဒဿနဉာဏ်ဟာ၊ လောကီမဂ်တရားဘဲလို့ မဂ္ဂသစ္စာဟာပေါ်လွင်ထင်ရှားနိုင်ပါတယ်။ အဘယ် ကြောင့်လဲ ဆိုယင် ခန္ဓာတို့ရဲ့ ဖြစ်တာ ပျက်တာကို ရှုဆင်ခြင်ရာမှာ၊ မသိ မမြင်အောင်ဖုံးလွှမ်းတဲ့ ပြင်းထန်တဲ့ မောဟကို ပယ်သတ် နိုင်တာကြောင့်။မဂ္ဂသစ္စာဟာထင်ရှားတယ်လို့ဆိုနိုင်ပါတယ်။ ဒီလို ခန္ဓာတို့ရဲ့ အဖြစ်အပျက်ကိုမြင်တာနဲ့၊ လောကီ ဉာဏ်နဲ့ဘဲ သစ္စာလေးပါး တရားများ ပေါ်လွင် ထင်ရှားဟန်ကို သိအပ်ပါတယ်။

အမှာ။ ။အထက်အထက် နားရုပ်-နှာခေါင်းရုပ် စတဲ့ ရုပ်နာမ်တို့ကိုဆိုရာအပိုင်းအခဏ်းတို့မှာ။ အောက်မျက်စိရုပ်မှာ ဆိုခဲ့တဲ့စကားနဲ့တူတဲ့ စကားတို့ကို။မပြဆိုဘဲ ချန်ထားခဲ့မယ်။ ထူးထွေတဲ့စကားတွေလောက်ကိုသာပြဆိုတော့မယ်၊ မျက်စိရုပ်မှာ ပြဆိုခဲ့တဲ့နည်းတွေကို နှုတ်ငုံရယင်လဲ၊ နား-နှာခေါင်း စတဲ့ ရုပ်တို့မှာမပြဆိုဘဲချန်ထားခဲ့တဲ့စကားရပ်များကိုဖြည့်စွက် ရွတ်ဆိုပါယင်၊ ဉာဏ်ရဲ့အသိဟာ လုံလုံလောက်လောက် ပြည့် စုံအောင်သိပါလိမ့်မယ်။

## နားရုပ်

၁။ ဒို့ကိုယ်မှာ ပရမတ္ထအားဖြင့် ထင်ရှားရှိတဲ့ နားရုပ်ဟာ ဒို့ဦးခေါင်းမှာရှိတယ်။ဒီရုပ်ဟာ သဒ္ဒါရုံထိခတ်တာကိုခံရယင် ကြည်တတ်တဲ့သဘောရှိတယ်။ ဒီလို ကြည်တတ်တဲ့ သဘောရှိလို့ ဒီရုပ်ဟာ သောတပသာဒရုပ်မည်ပါတယ်၊ ဒီရုပ်ဟာ ကြည်တဲ့သဘောဖြစ်ပေါ်လာယင်၊ သဒ္ဒါရုံတွေကို နားထောင်

တတ်-ကြားနာတတ်တော့တာဘဲ။ ဒီရုပ်ဟာ သောတဒွါရိက စိတ်စေတသိက်တွေရဲ့မှီရာဖြစ်သောကြောင့် သောတဝတ္ထုရုပ်လဲမည်ပါတယ်။သဒ္ဒါရုံတို့ရဲ့ဝင်ရာ သောတဒွါရိက စိတ်စေတသိက်တွေရဲ့ ထွက်လာရာ တံခါးသဘွယ် ဖြစ်သော ကြောင့်။ သောတဒွါရရုပ်လဲမည်ပါတယ်။

## သဒ္ဒါရုံ

၂။ နားနဲ့ကြားကောင်းတဲ့အသံဟာ၊ ယောကျ်ားသံ-မိန်းမသံ-လူကြီးသံ-ကလေးသံ-ခေါ်သံ-အော်သံ-သံချင်းဆိုသံ-ငိုသံ လက်ခုပ်တီးသံ-လက်ဖျောက်တီးသံ-ဝမ်းဗိုက်မြည်သံ - အသံစုံ ရောတဲ့အသံ အစရှိသည်ဖြင့် အမျိုးမျိုးရှိကြပါတယ်။ ဒီအသံတို့တွင်၊အသံတခုတခုဟာ သဒ္ဒါရုံတပါးစီတပါးစီဘဲ ဖြစ်ကြပါတယ်။ ။ဒီသဒ္ဒါရုံတို့ဟာ၊သက်ရှိသတ္တဝါတွေရဲ့ နှုတ်ကဖြစ်ယင်၊စိတ္တဇသဒ္ဒါရုံတို့မည်ကြပါတယ်။သက်မဲ့ဝတ္ထုတို့က ဖြစ်ကြတဲ့ မိုးချုန်းသံ-လေတိုက်သံ-ရေစီးသံ လက်နက်ပစ်သံ စတဲ့ အသံတွေကတော့၊ဥတုဇသဒ္ဒါရုံတို့မည်ကြပါတယ်။ ။ဒီသဒ္ဒါရုံဟာ-ဣဋ္ဌသဒ္ဒါရုံ, အနိဋ္ဌ သဒ္ဒါရုံ အားဖြင့် နှစ်ပါးရှိပါတယ်၊ ဒီနှစ်ပါးတို့တွင် ဒို့နားနဲ့ကြားချင်-နားထောင်ချင်တဲ့သက်ရှိသတ္တဝါ,သက်မဲ့ဝတ္ထုတို့ရဲ့သဒ္ဒါရုံဟာ၊ဣဋ္ဌသဒ္ဒါရုံမည်ပါတယ် ဒို့နားက မကြားချင်-နားမထောင်ချင်တဲ့-သက်ရှိ သ တ္တ ဝါ သက်မဲ့ဝတ္ထုတို့ရဲ့ သဒ္ဒါရုံကတော့၊ အနိဋ္ဌသဒ္ဒါရုံမည်ပါတယ်။ အဲဒီသဒ္ဒါရုံတို့ဟာ-နားနဲ့ကြားနိုင်အောင် ဝေး ရာ အ ရပ် က သောတဝတ္ထု-သောတဒွါရရုပ်ကို ထိခတ်ခြင်း သဘော ရှိပါတယ်။

## စိတ်စေတသိက်

၃။ လတ်လတ် ဆတ်ဆတ် ရှေးရှုအသစ်ယခုဖြစ်ဆဲ ပစ္စုပ္ပန် သင်္ခါရံဟာ သောတဒွါရကိုထိခတ်ခဲ့သော်။ဒွိခဏသို့ရောက်နေ တဲ့ သောတဒွါရရုပ်ထဲက ဖဿဥပေက္ခာဝေဒနာသညာဆိုတဲ့ သမ္ပယုတ် စေတသိက် လေးပါးတို့နဲ့အတူ၊ အသံသင်္ခါရံကို သိ တတ်တဲ့အသံသိစိတ်ဟာ ဘွားကနဲ ပြေးထွက်လာသလို ဖြစ်ရ ပါတယ်။အဲဒီစေတသိက်စိတ်တို့ရဲ့အပေါင်းအစည်းဟာ၊ အသံ သိစိတ်နာမ်ကလာပ်မည်ပါတယ်။

## အသံသိစိတ်

၄။ အဲဒီနာမ်ကလာပ်ထဲမှာ၊ ရှေးဆောင်ရှေးသွားအဖြစ်နဲ့ ပါလာတဲ့အသံသိစိတ်ဟာ။သောတဒွါရမှာမှီ၍ ဖြစ်တတ်သော ကြောင့်။ သောတဒွါရိကစိတ်လဲမည်ပါတယ်။ သဒ္ဒါရုံကိုအာရုံ ပြု၍ဖြစ်တတ်သောကြောင့်။သဒ္ဒါရမ္မဏိကစိတ်လဲ မည်ပါတယ်။ ဒီစိတ်ဟာ သောတဒွါရကိုပိုင်ဆိုင်တဲ့ ဒွါရရှင်ဝိပါက်စိတ် ဖြစ် ပါတယ်။ဒီစိတ်ဟာလဲ-ဗုဒ္ဓဘာသိတစိတ်အဘိဓမ္မာ-စိတ်ပရမတ် စစ်စစ်ပါဘဲ။ ဒီစိတ်ကို စာပေ လောကမှာ-သောတ ဝိညာဏ် စိတ်လို့ခေါ်ကြပါတယ်။

အသံသိစိတ်နာမ်ကလာပ်-အသံသိစိတ် စေတသိက်တို့ရဲ့ အကြောင်းအကျိုးယှဉ်နည်း ပစ္စယပရိဂ္ဂဟဉာဏ်ဟာ။ အောက် အဆင်းသိစိတ်နာမ်ကလာပ်မှာပြဆိုခဲ့တဲ့ အကြောင်း အကျိုး ယှဉ်နည်း ပစ္စယပရိဂ္ဂဟဉာဏ်နဲ့တူပါတော့တယ်။အထက်မှာလဲ ရှေးဆိုခဲ့တဲ့စကားတို့နဲ့တူတဲ့စကားတို့ကို မပြဆိုဘဲ ချန်ထား ခဲ့၍၊မတူတဲ့စကားမျှကိုသာပြဆိုပါမယ်။

## အသံသိစိတ်သဘော

၅။ အသံသဒ္ဒါရုံကိုသိတတ်လို့ အသံသိစိတ် ခေါ်တဲ့ သောဘာဝိညာဏ်စိတ်ဟာ-သဒ္ဒါရုံကို ကြည်ညိုလဲမကြည်ညိုတတ်ဘူး။ ချစ်လဲမချစ်တတ်ဘူး။ မုန်းလဲမမုန်းတတ်ဘူး။ တွေဝေလဲမတွေဝေတတ်ဘူး။သဒ္ဒါရုံကိုသိရုံသာသိတတ်ပါတယ်၊ သဒ္ဒါရုံကို သိကာကလွဲလို့ ဘယ်ရုပ်ကိုမှလဲ ဖြစ်အောင် လုပ်မပေးတတ်ဘူး။ သဝနကိစ္စတပ်တဲ့အလုပ်ပဲ သူ့ရဲ့ကိစ္စရှိပါတယ်။ သောတဒွါရမှာဖြစ်ကြတဲ့ ဝီထိစိတ်တွေထဲမှာလဲ။ ဒီစိတ်ဟာအားအယေ်ဆုံး-အားအနည်းဆုံးစိတ်ပါဘဲ။ ဒီစိတ်ရဲ့ရှေ့နောက် ဌာနတို့မှာဖြစ်ကြတဲ့စိတ်တို့ကတော့။ အသံသိစိတ်ထက် အားကောင်းကြပါတယ်။ ။ဒီစိတ်ဟာ-သောတဒွါရိက စိတ်လောကမှာ အားအနည်းဆုံးဖြစ်သော်လဲ၊ သောတာယတနရှိကြတဲ့-သတ္တလောကမှာတော့ သူရှိမှအသံတွေကိုသိနိုင်လို့။အသုံးအဝင်ဆုံးစိတ်ဖြစ်ပါတယ်။ သူရှိမှဘဲ ကောင်းသတင်းစကား-ဆိုးသတင်းစကားများကို ကြားသိရပါတယ်။

## စေတသိက်

၆။ အသံသိစိတ်ဟာ-သဒ္ဒါရုံကို အာရုံပြု၍ သောတဝတ္ထု၊ သောတဒွါရရုပ်က-အထင်အရှားဖြစ်ပေါ်ခဲ့သော်၊အသံသိစိတ်ရဲ့ဥပါဒ်ခဏနဲ့ပြိုင်တူ-ဖဿဥပေက္ခာဝေဒနာအစရှိတဲ့ စေတသိက်လေးပါးတို့ဟာ။စိတ်ရဲ့နောက်လိုက်နောက်ပါ အခြံအရံအဖြစ်ဖြင့်။အသံသိစိတ်အာရုံပြုတဲ့-သဒ္ဒါရုံကိုအာရုံပြုပြီး။ အသံသိစိတ်ထွက်လာခဲ့တဲ့ သောတဝတ္ထုရုပ်ထဲကဘဲ ဖြစ်ထွက်ကြပါတယ်။ဒီစေတသိက်တို့ဟာ၊ အဟိတ်ဝိပါက် အသံသိစိတ်နဲ့

ယှဉ်ကြရလို့ ဝိပါက်စေတသိက်တွေဘဲမည်ကြပါတယ်။ဒီစေတသိက်တို့ကိုလဲ အသံသိစိတ်နဲ့အတူ သောတဒွါရိကစေတသိက် သဒ္ဒါရမ္မဏိကစေတသိက်တွေလို့မှတ်ယူရပါတယ်။ ဒီစေတသိက်တွေဟာလဲ၊ ဗုဒ္ဓဘာသိတ-စေတသိက် အဘိဓမ္မာ-စေတသိက် ပရမတ်တွေစင်စစ်ပါဘဲ။

## ခန္ဓာဖွဲ့နည်း

၇။ သောတဒွါရသဒ္ဒါရုံ, အသံသိစိတ် နာမ် ကလာပ်တို့ကို ခန္ဓာဖွဲ့ယင်၊ဒွါရရုပ် အာရုံရုပ်တို့ကို၊ရူပက္ခန္ဓာ,ဥပေက္ခာဝေဒနာကို,ဝေဒနက္ခန္ဓာ။ သညာကို, သညက္ခန္ဓာ၊ ဖဿစေတနာတို့ကို သင်္ခါရက္ခန္ဓာ၊အသံသိစိတ်ကို,ဝိညာဏက္ခန္ဓာ။ ဒီလို ခန္ဓာငါးပါးရအောင်ဖွဲ့ရပါတယ်။ ။အထက်မှာ ခန္ဓာဖွဲ့နည်းကိုမပြတော့ဘူး။ဒီနည်းနဲ့အတူ၊ခန္ဓာငါးပါးရအောင်ဖွဲ့တတ်ကြပါစေ။

## နားရုပ်က-ခန္ဓာငါးပါးအဖြစ်အပျက်

၈။ အသံတစုံတခုကို ကြားချင်ယင်၊ ကိုယ်ကိုမလှုပ်မယှက် ငြိမ်ငြိမ်နေ၍၊ဦးခေါင်းကိုမော်၍ဖြစ်စေ၊ငုံ့၍ဖြစ်စေ၊ စူးစူးစိုက်စိုက် နားထောင်တတ်တဲ့လူချည်းပါဘဲ၊ ဒီလို အသံကိုစိုက်၍ နားထောင်တာကို။လူအများကနားစွင့်တယ်-နားစိုက်ထောင်တယ်လို့ဆိုကြပါတယ်။

လူနှစ်ယောက်ဟာ တယောက်နဲ့ တယောက်ဖြစ်စေ၊ လူအများနဲ့ဖြစ်စေ၊ အချင်းချင်းစကားပြောကြတဲ့ အသံဟာ စိတ္တဇသဒ္ဒါရုံမည်ပါတယ်။ အဲဒီသဒ္ဒါရုံဟာ၊ သောတဒွါရမှာ

ထိခတ်ယင်၊ သောတဒွါရက ဖြစ်တဲ့ အသံသိစိတ်ဟာ-အသံကို အာရုံပြု၍၊ ဒီအသံဟာဘာသံဘဲဆိုတာသိပါတယ်။ အသံသိစိတ်က အသံသဒ္ဒါရုံကို သိယင်၊ သိတိုင်းသိတိုင်း နားရုပ်မှာ ခန္ဓာငါးပါးဖြစ်ပါတယ်။ ။အသံပျောက်လို့ အသံပျောက်ယင်၊အသံသိပျောက်တိုင်းပျောက်တိုင်း နားရုပ်မှာ ဖြစ်နေတဲ့ ခန္ဓာငါးပါးဟာချုပ်ပျက်ရပါတယ်။

ဝမ်းမြည်သံ-လေလယ်သံ-ကျင်စွန့်သံအစရှိတဲ့ ဥတုဇ သဒ္ဒါရုံတွေကိုကြားရယင်လဲ၊ရှေးနည်းနဲ့အတူ နားရုပ်က ခန္ဓာငါးပါး ဖြစ်တာပျက်တာကို သတိထား၍ကြည့်ရှုရပါတယ်။

## နှာခေါင်းရုပ်

၁။ ဒို့ကိုယ်မှာ-ပရမတ္ထအားဖြင့် ထင်ရှား ရှိတဲ့ နှာခေါင်းရုပ်ဟာ၊ ဒို့ဦးခေါင်းမှာရှိပါတယ်။ နှာခေါင်း အပေါက်ဟာ အပြင်ဘက်ကအပေါက်၊ အာခေါင်ရဲ့အနီးမှာရှိတဲ့ အတွင်းဘက်ကအပေါက်-ဒီလိုနှစ်မျိုးရှိပါတယ်။ဒီနှစ်မျိုးတို့တွင်၊ အပြင်ဘက်ကအပေါက်ဟာ၊ အပြင်ဘက်ကရောက်လာကြတဲ့ အနံ့တွေကို ဝင်သက်လေများ သယ်ယူရာ အပေါက်ဖြစ်ပါတယ်။ အတွင်းဘက် အပေါက် ကတော့၊ ပစပ်ထဲ ရောက်လာ ကြတဲ့ ထမင်းနံ့-ဟင်းနံ့-အခဖျော် ယာမကာနံ့ စတဲ့ အနံ့ တွေ ကို ထွက်သက်လေများသယ်ယူရာအပေါက်ဖြစ်ပါတယ်။ နှာခေါင်းရုပ်အစစ်ကတော့၊အဲဒီအပေါက်နှစ်မျိုးတွေရဲ့ အလယ်အကြားမှာရှိပါတယ်၊ ဒီနှာခေါင်းရုပ်ဟာ၊ ဂန္ဓာရုံထိခတ်တာကို ခံရယင် ကြည်တတ်တဲ့သဘောရှိပါတယ်။ ဒီလိုကြည်တတ်တဲ့ သဘော ရှိလို့ ဒီရုပ်ဟာ-ဃာနပသာဒရုပ်မည်ပါတယ်။ဒီရုပ်ဟာ ကြည်

တဲ့ သဘော ဖြစ်လာယင်၊ ဂန္ထာရုံကို နမ်းတတ် ရှူတတ် ပါ တယ်။ဒီရုပ်ဟာ–ဃာနဒွါရိက စိတ်စေတသိက် တွေရဲ့ မှီရာဖြ သောကြောင့်။ဃာနဝတ္ထုရုပ်လဲမည်ပါတယ်။ ဂန္ထာရုံတို့ရဲ့ ဝ ရာ-ဃာနဒွါရိကစိတ်စေတသိက်တို့ရဲ့ ထွက်ရာ တံခါး သဘွယ် ဖြစ်သောကြောင့်၊ဃာနဒွါရရုပ်လဲမည်ပါတယ်။

## ဂန္ဓာရုံ

၂။ နှာခေါင်းနဲ့-နမ်းကောင်း-ရှူကောင်း တဲ့ အနံ့ ဟာ၊ မွှေးတဲ့အနံ့၊ပုပ်တဲ့အနံ့၊ညှိတဲ့အနံ့၊ညှော်တဲ့အနံ့ အစရှိ သည်ဖြင့် အမျိုးမျိုးရှိပါတယ်။ဒီအနံ့တို့တွင်၊ အနံ့တခုတခုဟာ ဂန္ထာရုံ တပါးစီ တပါးစီ ဖြစ်ပါတယ်။ ဒီဂန္ထာရုံဟာ-ဣဋ္ဌဂန္ထာရုံ အနိဋ္ဌဂန္ထာရုံအားဖြင့်၊ နှစ်ပါးရှိပါတယ်။ ဒီနှစ်မျိုး တို့တွင်၊ ဒို့နှာခေါင်းက နမ်းချင်-ရှူချင်တဲ့အနံ့ဟာ၊ ဣဋ္ဌဂန္ထာရုံမည်ပါ တယ်။ဒို့နှာခေါင်းက မနမ်းချင်-မရှူချင်တဲ့အနံ့ဟာ။ အနိဋ္ဌ ဂန္ထာရုံမည်ပါတယ်။ ဒီဂန္ထာရုံဟာ၊နှာခေါင်းရုပ်ကို ထိခတ်ခြင်း သဘောရှိပါတယ်။

## စိတ်စေတသိက်

၃။ လတ် လတ် ဆတ် ဆတ် ရှေးရှု အာ သစ် ယခု ဖြစ်ဆဲ ပစ္စုပ္ပန်ဂန္ထာရုံဟာ၊ဃာနဒွါရကိုထိခတ်ခဲ့သော်။ငှဲခဏသို့ရောက် နေတဲ့-ဃာနဒွါရရုပ်ထဲက။ ဖဿ,ဥပေက္ခာဝေဒနာ,သညာ,စေ တနာဆိုတဲ့ သမ္ပယုတ်စေတသိက် လေးပါးတို့နဲ့အတူ။ အနံ့ ဂန္ထာရုံကိုသိတတ်တဲ့အနံ့သိစိတ်ဟာ။ ဘွားကနဲပြေးထွက်လာ

သလိုဖြစ်ရပါတယ်။ အဲဒီစေတသိက်စိတ်တို့ရဲ့ အပေါင်းအစည်းဟာ-အနံ့သိစိတ်နာမ်ကလာပ်မည်ပါတယ်။

## အနံ့သိစိတ်

၄။ အဲဒီနာမ်ကလာပ်ထဲမှာ-ရှေးဆောင် ရှေးသွားအဖြစ်နဲ့ ပါလာတဲ့ အနံ့သိစိတ်ဟာ။ ဃာနဒွါရမှာမှီ၍ ဖြစ်တတ်သောကြောင့်၊ ဃာနဒွါရိကစိတ်လဲမည်ပါတယ်။ ဂန္ဓာရုံကိုအာရုံပြု၍ ဖြစ်တတ်သောကြောင့်၊ ဂန္ဓာရမဏိက စိတ်လဲ မည်ပါတယ်။ ဒီစိတ်ဟာ ဃာနဒွါရကိုပိုင်ဆိုင်တဲ့-ဒွါရရှင်ဝိပါက်စိတ် မည်ပါတယ်။ ဒီစိတ်ဟာလဲ၊ ဗုဒ္ဓဘာသိတ-စိတ်အဘိဓမ္မာ-စိတ်ပရမတ်စစ်စစ်ပါဘဲ။ ဒီစိတ်ကို စာပေလောကမှာ-ဃာနဝိညာဏ်စိတ်လို့ခေါ်ကြပါတယ်။

## အနံ့သိစိတ်သဘော

၅။ အနံ့ ဂန္ဓာရုံကို သိတတ်လို့ အနံ့သိစိတ် ခေါ်တဲ့-ဃာနဝိညာဏ်စိတ်ဟာ၊ ဂန္ဓာရုံကိုကြည်ညိုလဲမကြည်ညိုတတ်ဘူး၊ ချစ်လဲမချစ်တတ်ဘူး၊ မုန်းလဲမမုန်းတတ်ဘူး၊ တွေဝေလဲ မတွေဝေတတ်ဘူး၊ ဂန္ဓာရုံကိုသိရုံသာသိတတ်ပါတယ်။ ဂန္ဓာရုံကို သိတတ်တာကလွဲလို့၊ ဘယ်ရုပ်ကိုမှလဲဖြစ်အောင် လုပ်မပေးတတ်ဘူး။ ဃာယနကိစ္စတပ်တဲ့ အလုပ်ပဲ သူ့ရဲ့ကိစ္စ ရှိပါတယ်။ ဃာနဒွါရမှာဖြစ်ကြတဲ့ ဝီထိစိတ်တွေထဲမှာလဲ ဒီစိတ်ဟာ အားအယ်ဆုံး-အားအနည်းဆုံးစိတ်ပါဘဲ။ ဒီစိတ်ရဲ့ ရှေ့နောက်ဌာနတို့မှာဖြစ်ကြတဲ့ စိတ်တို့ကတော့၊ အနံ့သိစိတ်ထက် အားကောင်းကြပါတယ်။ ဒီစိတ်ဟာ-ဃာနဒွါရိကစိတ်လောကမှာ အားအ

နည်းဆုံးဖြစ်သော်လဲ။ဈာနာယတနရှိကြတဲ့ သတ္တ လောကမှာ တော့-သူရှိမှဘဲအနံ့တွေကိုသိနိုင်လို့၊ သူဟာအသုံးအဝင်ဆုံး စိတ်ဖြစ်ပါတယ်။

## စေတသိက်

၆။ အနံ့သိစိတ်ဟာ ဂန္ဓာရုံကိုအာရုံပြု၍။ ဃာနဝတ္ထု-ဃာန ဒွါရရုပ်က အထင်အရှားဖြစ်ပေါ်ခဲ့သော်။အနံ့သိစိတ်ရဲ့ ဥပါဒ် ခဏနဲ့ပြိုင်တူ၊ ဖဿ ဥပေက္ခာ ဝေဒနာ အစရှိတဲ့ စေတသိက် လေးပါးတို့ဟာ။စိတ်ရဲ့နောက်လိုက်နောက်ပါအခြံအရံ အဖြစ် ဖြင့် အနံ့သိစိတ်အာရုံပြုတဲ့ ဂန္ဓာရုံကိုအာရုံပြုပြီး။ အနံ့သိစိတ် ထွက်လာခဲ့တဲ့ ဃာနဝတ္ထု ရုပ်ထဲကဘဲ ဖြစ်ထွက်ကြပါတယ်။ ဒီစေတသိက်တို့ဟာ၊အဟိတ်ဝိပါက် အနံ့သိစိတ်နဲ့ ယှဉ်ကြရလို့ ဝိပါက်စေတသိက်တွေဘဲမည်ကြပါတယ်။ ဒီစေတသိက်တို့ကိုလဲ အနံ့သိစိတ်နဲ့အတူ၊ ဃာနဒွါရိကစေတသိက်-ဂန္ဓာ ရမ္မဏိက စေတသိက်တွေလို့မှတ်ယူရပါတယ်၊ ဒီ စေတသိက် တွေဟာလဲ ဗုဒ္ဓဘာသိတ-စေတသိက်၊ အဘိဓမ္မာ-စေတသိက် ပရမတ် စစ် စစ်တွေပါဘဲ။

၇။ ခန္ဓာဖွဲ့။

## နှာခေါင်းရုပ်က ခန္ဓာငါးပါးအဖြစ်အပျက်

ဒို့ကိုယ်က ထွက်လာတဲ့အနံ့ဟာ-ဓာတုဇ-ဂန္ဓာရုံပါဘဲ။ ပန်း-ထမင်း-ဟင်း-စသည်တို့ကထွက်လာတဲ့ အနံ့တွေကတော့ ဥတုဇ-အနံ့တွေပေါ့။ အဲဒီအနံ့ဂန္ဓာရုံတွေဟာ။ ဃာနဒွါရကို ထိခတ်ခဲ့သော်။ဃာနဒွါရရုပ်ကဖြစ်တဲ့အနံ့သိစိတ်ဟာ။ ဂန္ဓာရုံ

ကို အာရုံပြု၍၊ ဒီအနံ့ဟာမွှေးတတ်၊ ဒီအနံ့ဟာပုပ်တယ်စသည်ဖြင့် သိပါတယ်။ အနံ့သိစိတ်က အနံ့ဂန္ဓာရုံကိုသိယင်း သိတိုင်းသိတိုင်းနှာခေါင်းရုပ်မှာ ခန္ဓာငါးပါးဖြစ်ပါတယ်။ အနံ့ပျောက်လို့ အသိပျောက်ယင်၊ အသိ ပျောက်တိုင်း ပျောက်တိုင်း၊ နှာခေါင်းရုပ်မှာဖြစ်နေတဲ့-ခန္ဓာငါးပါးဟာ ချုပ်ချုပ် ရပါတယ်။

## လျှာရုပ်

၁။ ဒို့ကိုယ်မှာ ပရခတ္တအားဖြင့်ထင်ရှားရှိတဲ့ လျှာရုပ်ဟာ၊ ဒို့ပစပ်ထဲမှာရှိပါတယ်။ ဒီလျှာရုပ်ဟာ ရသာရုံ ထိခတ်တာကို ခံရယင် ကြည်တတ်တဲ့သဘောရှိပါတယ်။ ဒီလို ကြည်တတ်တဲ့သဘောရှိလို့၊ ဒီရုပ်ဟာ-ဇိဝှါပသာဒရုပ်မည်ပါတယ်၊ ဒီရုပ်ဟာကြည်တဲ့သဘော ဖြစ်လာယင် ရသာရုံကို လျက်တတ် သာယာတတ်ပါတယ်။ ဒီရုပ်ဟာ-ဇိဝှါဒွါရိက စိတ်စေတသိက် ခတွေရဲ့မှီရာဖြစ်သောကြောင့်။ ဇိဝှါဝတ္ထုရုပ်လဲ မည်ပါတယ်။ ရသာရုံတို့ရဲ့ဝင်ရာ ဇိဝှါဒွါရိက စိတ်စေတသိက်တို့ရဲ့ ထွက်ရာ တံခါးသဘွယ်ဖြစ်သောကြောင့်၊ ဇိဝှါဒွါရရုပ်လဲမည်ပါတယ်။

## ရသာရုံ

၂။ လျှာနဲ့ လျက်ကောင်းတဲ့ အရသာဟာ။ ချိုတဲ့အရသာ။ ချဉ်တဲ့အရသာ၊ စပ်တဲ့အရသာ၊ ငန်တဲ့အရသာ၊ ဖန်တဲ့အရသာ ခါးတဲ့အရသာ၊ ဆိမ့်တဲ့အရသာအစရှိသည်ဖြင့် အမျိုးမျိုးရှိပါတယ်။ ဒီအရသာတို့တွင်။ အရသာတခုတခုဟာ ရသာရုံ တပါးစီတပါးစီသာဖြစ်ပါတယ်။ ဒီရသာရုံဟာ၊ ဣဋ္ဌရသာရုံ-အနိဋ္ဌရသာ

ရုံအားဖြင့် နှစ်ပါးရှိပါတယ်။ ဒီနှစ်ပါးတို့တွင်၊ဒို့လျှာနဲ့ လျက်ချင်တဲ့ရသာရုံဟာ ဣဋ္ဌရသာရုံမည်ပါတယ်။ ဒို့လျှာနဲ့မလျက်ချင်တဲ့ရသာရုံဟာ-အနိဋ္ဌ ရသာရုံမည်ပါတယ်၊ ဒီ ရသာရုံဟာ လျှာရုပ်ကိုငြိ၍ ထိခတ်ခြင်းသဘောရှိပါတယ်။

## စိတ်စေတသိက်

၃။ လတ်လတ်ဆတ်ဆတ် ရှေးရှု အသစ်ယခုဖြစ်ဆဲ ပစ္စုပ္ပန် ရသာရုံဟာ၊ဇိဝှါဒွါရကိုထိခတ်ခဲ့သော်၊ ဌီခဏသို့ရောက်နေတဲ့ ဇိဝှါဒွါရ ရုပ်ထဲက ဖဿ-ဥပေက္ခာဝေဒနာ-သညာ-စေတနာ ဆိုတဲ့သမ္ပယုတ်စေတသိက်လေးပါးတို့နဲ့အတူ၊ ရသာရုံကို ထိခတ်တဲ့အရသာသိစိတ်ဟာ၊ ဘွားကနဲပြေးထွက်လာသလိုဖြစ်ရပါတယ်။ အဲဒီစေတသိက်စိတ်တို့ရဲ့အပေါင်းအစည်းဟာ၊ အရသာသိစိတ်နာမ်ကလာပ်မည်ပါတယ်။

## အရသာသိစိတ်

၄။ အဲဒီနာမ်ကလာပ်ထဲမှာ၊ ရှေးဆောင် ရှေးသွားအဖြစ်နဲ့ ပါလာတဲ့အရသာသိစိတ်ဟာ။ ဇိဝှါဒွါရမှာမှီ၍ ဖြစ်တတ်သောကြောင့်၊ဇိဝှါဒွါရိက စိတ်လဲမည်ပါတယ်။ ရသာရုံကို အာရုံပြု၍ ဖြစ်တတ်သောကြောင့်၊ ရသာရမ္မဏိက စိတ်လဲ မည်ပါတယ်၊ ဒီစိတ်ဟာ-ဇိဝှါဒွါရကို ပိုင်ဆိုင်တဲ့ ဒွါရရှင် ဝိပါက်စိတ်မည်ပါတယ်။ ဒီစိတ်ဟာလဲ-ဗုဒ္ဓဘာသိတ စိတ်အဘိဓမ္မာ-စိတ်ပရမတ်စစ်စစ်ပါဘဲ။ဒီစိတ်ကို စာပေလောကမှာ-ဇိဝှါဝိညာဏ်စိတ်လို့ ခေါ်ကြပါတယ်။

## အရူပါဝစရ သဘော

၅။ အရူပ-ရုပ်ကိုသိတဲ့လို့ အရူပါဝစရ ခေါ်ရတဲ့ ဇော်ဝိညာဏ်စိတ်ဟာ၊ရုပ်ကိုကြည်ညိုလဲမကြည်ညိုတတ်ဘူး ချစ်လဲမချစ်တတ်ဘူး။ မုန်းလဲမမုန်းတတ်ဘူး၊ တွေဝေလဲမတွေ ဝေတတ်ဘူး။ ရုပ်ကိုသိရုံသာသိတတ်ပါတယ်။ ရုပ်ကို သိတတ်တာကလွဲလို့ ဘယ်ရုပ်ကိုမှလဲ ဖြစ်အောင် လုပ်မပေး တတ်ဘူး။ သာယနက်စွတပ်တဲ့အလုပ်ပဲ သူ့ရဲ့ကိစ္စ ရှိပါတယ်။ ဇော်ဒွါရမှာဖြစ်ကြတဲ့ ဝီထိစိတ်တွေ ထဲမှာလဲ၊ ဒီစိတ်ဟာ အား အငယ်ဆုံး၊အားအနည်းဆုံးပါဘဲ။ ဒီစိတ်ရဲ့ ရှေ့နောက်မှာန တို့မှာဖြစ်ကြတဲ့ စိတ်တို့ကတော့၊ အရူပါဝစရစိတ်ထက် အား ကောင်းကြပါတယ်။ ဒီစိတ်ဟာ-ဇော်ဒွါရိက စိတ်လောကမှာ အားအနည်းဆုံးဖြစ်သော်လဲ၊ ဇော်ယတနရှိကြတဲ့ သတ္တလော ကမှာတော့။ သူ့ရှိမှအရူပါဝစရသိနိုင်လို့ သူဟာ အသုံးအဝင်ဆုံး စိတ်ဖြစ်ပါတယ်။

## စေတသိက်

၆။ အရူပါဝစရစိတ်ဟာ၊ ရုပ်ကို အာရုံပြု၍၊ ဇော်ဝဏ္ဏ ဇော်ဒွါရရုပ်က အထင်အရှားဖြစ်ပေါ်ခဲ့သော်။ အရူပါဝစရစိတ် ရဲ့ ဥပါဒ်ခဏနဲ့ ပြိုင်တူ-ဖဿ ဥပေက္ခာ ဝေဒနာ အစ ရှိတဲ့ စေတသိက်လေးပါးတို့ဟာ။စိတ်ရဲ့နောက်လိုက်နောက်ပါအခြံ အရံအဖြစ်ဖြင့်၊အရူပါဝစရစိတ်အာရုံပြုတဲ့ရုပ်ကို အာရုံပြု၍၊ အရူပါဝစရစိတ်ထွက်လာခဲ့တဲ့ ဇော်ဝဏ္ဏရုပ်ထဲကဘဲ ဖြစ်ထွက် ကြပါတယ်။ဒီစေတသိက်တို့ဟာ၊အဟိတ်ဝိပါက်အရူပါဝစရစိတ် နဲ့ယှဉ်ကြရလို့၊ ဝိပါက် စေတသိက်တွေဘဲ မည်ကြပါတယ်။

ဒီစေတသိက်တို့ကိုလဲ အရသာ သိစိတ်နဲ့ အတူ ဇိဝှါဒွါရိက စေတသိက်, ရသာရမ္မဏိက စေတသိက် တွေဘဲလို့ မှတ်ယူ ရပါတယ်။ဒီစေတသိက်တွေဟာလဲ ဗုဒ္ဓဘာသိတ စေတသိက်-အဘိဓမ္မာစေတသိက် ပရမတ်စစ်စစ်တွေပါဘဲ။

၇။ ခန္ဓာဖွဲ့။

အောက်မှာပြခဲ့တဲ့ ရသာရုံတွေထဲက၊ရသာရုံတခုခုဟာ လျှာရုပ်မှာထိခတ်လို့ လျှာရုပ်ထဲက ထွက်လာသလိုဖြစ်တဲ့ အရသာသိစိတ်ဟာ၊ ရသာရုံကို ချိုတယ်-ချဉ်တယ် အစရှိသည်ဖြင့် သိတယ်။ အဲဒီလို သိတိုင်းသိတိုင်း လျှာရုပ်မှာ-ခန္ဓာငါးပါး တို့ဟာဖြစ်ကြပါတယ်။ရသာရုံချုပ်ပျက်လို့အရသာသိစိတ်ပျောက်သွားယင်၊ အရသာသိစိတ် ပျောက်တိုင်းပျောက်တိုင်း၊ လျှာရုပ်ကဖြစ်တဲ့ ခန္ဓာငါးပါးတို့ဟာ၊ ပျက်ပျက်သွားတာဘဲဆိုတာ ဖြစ်တိုင်း ပျက်တိုင်း ဉာဏ်နဲ့ သိရပါတယ်။

## ကိုယ်ရုပ်

၁။ ဒို့ကိုယ်မှာ ပရမတ္ထအားဖြင့်ထင်ရှားရှိတဲ့ ကိုယ်ရုပ်ဟာ စက္ခုပသာဒ, သောတပသာဒ, ဃာနပသာဒ, ဇိဝှါ ပသာဒ-ဒီ လေးရုပ်တို့မှ-ကြွင်းကျန်တဲ့ ယေ်ထိပ်ကအစ၊ခြေဖဝါးပြင်အဆုံးတိုင်အောင်။တကိုယ်ကောင်လုံးရှိပါတယ်။ဒီရုပ်ဟာ ဖေါဋ္ဌဗ္ဗာရုံ ထိခတ်တာကိုခံရယင်၊ ကြည်တတ်တဲ့သဘောရှိပါတယ်။ ဒီလို ကြည်တတ်တဲ့သဘောရှိလို့ ဒီရုပ်ဟာ-ကာယပသာဒရုပ်မည်ပါတယ်။ဒီရုပ်ဟာ-ကြည်တဲ့သဘောဖြစ်လာခဲ့ယင်၊ဖေါဋ္ဌဗ္ဗာရုံကို ထိခတ်တတ်ပါတယ်။ ဒီရုပ်ဟာ-ကာယဒွါရိက စိတ် စေတသိက်တွေရဲ့ မှီရာဖြစ်သောကြောင့်၊ ကာယဝတ္ထုရုပ်လဲမည်ပါတယ်။

ဖောဋ္ဌဗ္ဗာရုံ တို့ရဲ့ဝင်ရာ၊ ကာယဒွါရိက စိတ် စေတသိက် တို့ရဲ့ ထွက်ရာ တံခါးသဘွယ် ဖြစ်သောကြောင့်၊ ကာယဒွါရ ရုပ်လဲ မည်ပါတယ်။

## ဖောဋ္ဌဗ္ဗာရုံ

၂။ ကိုယ်နဲ့ထိကောင်းတဲ့အထိဟာ၊ အေးတဲ့အထိ, ပူတဲ့အထိ နူးညံ့တဲ့အထိ, ကြမ်းတမ်းတဲ့အထိ အစ ရှိသည်ဖြင့် အမျိုး မျိုး ရှိပါတယ်။ဒီအထိတို့တွင်။အထိတခုတခုဟာ–ဖောဋ္ဌဗ္ဗာရုံ တပါး စီ တပါးစီ သာဖြစ်ပါတယ်။ ဒီဖောဋ္ဌဗ္ဗာရုံဟာ၊ ဣဋ္ဌဖောဋ္ဌဗ္ဗာရုံ အနိဋ္ဌဖောဋ္ဌဗ္ဗာရုံအားဖြင့် နှစ်ပါးရှိပါတယ်။ ဒီနှစ်ပါး တို့ တွင်။ ဒို့ကိုယ်က ထိတာကို ခံချင်တဲ့ ဖောဋ္ဌဗ္ဗာရုံဟာ။ ဣဋ္ဌဖောဋ္ဌဗ္ဗာရုံ မည်ပါတယ်။ဒို့ကိုယ်ကထိတာကိုမခံချင်တဲ့ ဖောဋ္ဌဗ္ဗာရုံကတော့ အနိဋ္ဌဖောဋ္ဌဗ္ဗာရုံမည်ပါတယ်။

တဘန်-ဒီဖောဋ္ဌဗ္ဗာရုံဟာ၊ကိုယ်တွင်း ဣဋ္ဌ အနိဋ္ဌ ဖောဋ္ဌဗ္ဗာရုံ ကိုယ်ပ ဣဋ္ဌ အနိဋ္ဌဖောဋ္ဌဗ္ဗာရုံ၊ ဒီလိုအထူးအပြားလဲ ရှိပါသေး တယ်။အဲဒီဖောဋ္ဌဗ္ဗာရုံအထူးဟာ၊ အထက်မှာ ထင်ရှားပါလိမ့် မယ်။ဒီဖောဋ္ဌဗ္ဗာရုံတွေဟာ၊ ကိုယ်ရုပ်ကို ထိခတ်ခြင်း သဘော ရှိကြပါတယ်။

## စိတ်စေတသိက်

၃။ လတ်လတ်ဆတ်ဆတ် ရှေးရှု အသစ်ယခုဖြစ်ဆဲ ပစ္စုပ္ပန် ကိုယ်တွင်းကိုယ်ပ ဣဋ္ဌ အနိဋ္ဌဖောဋ္ဌဗ္ဗာရုံတွေဟာ။ကာယဒွါရကို ထိခတ်ကြသော်။ ဋ္ဌိခဏသို့ရောက်နေတဲ့ ကာယဒွါရ ရုပ်ထဲက ဖဿ-သုခ ဝေဒနာ (တနည်း) ဒုက္ခဝေဒနာ-သညာ-စေတနာ

ဆိုတဲ့–သမ္ပယုတ် စေတသိက်လေးပါးတို့နဲ့ အတူ။ဖေါဋ္ဌဗ္ဗာရုံကို သိတတ်တဲ့ထိသိစိတ်ဟာ။ ဘွားကနဲပြေးထွက်လာသလိုဖြစ်ရပါတယ်။ အဲဒီစေတသိက်စိတ်တို့ရဲ့အပေါင်းအစည်းဟာ၊ ထိသိစိတ် နာမ်ကလာပ်မည်ပါတယ်။

## ထိသိစိတ်

၄။ အဲဒီနာမ်ကလာပ်ထဲမှာ-ရှေးဆောင် ရှေးသွားအဖြစ်နဲ့ ပါလာတဲ့ ထိသိစိတ်ဟာ။ ကာယဒွါရမှာမှီ၍ ဖြစ်တတ် သောကြောင့်။ကာယဒွါရိကစိတ်လဲမည်ပါတယ်၊ ဖေါဋ္ဌဗ္ဗာရုံကိုအာရုံပြု၍ဖြစ်တတ်သောကြောင့်။ ဖေါဋ္ဌဗ္ဗာ ရမ္မဏိကစိတ်လဲ မည်ပါတယ်။ဒီစိတ်ဟာ-ကာယဒွါရကိုပိုင်ဆိုင်တဲ့ ဒွါရရှင် ဝိပါက်စိတ် မည်ပါတယ်။ ဒီစိတ်ဟာလဲ ဗုဒ္ဓဘာသိတ-စိတ်အဘိဓမ္မာ၊ စိတ်ပရမတ်စစ်စစ်ပါဘဲ။ဒီစိတ်ကိုစာပေလောကမှာကာယဝိညာဏ်စိတ်လို့ခေါ်ကြပါတယ်။

## ထိသိစိတ်သဘော

၅။ ထိတတ်တဲ့ ဖေါဋ္ဌဗ္ဗာရုံကိုသိတတ်လို့ ထိသိစိတ် ခေါ်ရတဲ့ ကာယဝိညာဏ်စိတ်ဟာ၊ ဖေါဋ္ဌဗ္ဗာရုံကို ကြည်ညိုလဲ မကြည်ညိုတတ်ဘူး။ချစ်လဲမချစ်တတ်ဘူး။ မုန်းလဲမမုန်းတတ်ဘူး။ တွေဝေလဲမတွေဝေတတ်ဘူး။ဖေါဋ္ဌဗ္ဗာရုံကို သိရုံသာ သိတတ်ပါတယ်။ ဖေါဋ္ဌဗ္ဗာရုံကိုသိတတ်တာကလွဲလို့ဘယ်ချပ်ကိုမှ ဖြစ်အောင်လုပ်မပေးတတ်ဘူး။ဖုသနကိစ္စတပ်တဲ့အလုပ်ပဲ သူရဲ့ကိစ္စ ရှိပါတယ်၊ ကာယဒွါရမှာဖြစ်ကြတဲ့ ဝီထိ စိတ်တွေ ထဲမှာလဲ၊ ဒီ စိတ် ဟာ

အားအငယ်ဆုံး အားအနည်းဆုံးပါဘဲ။ ဒီစိတ်ရဲ့ ရှေးနောက် ဒွါနတို့မှာဖြစ်ကြတဲ့ စိတ်တို့ ကတော့။ ထိသိစိတ်ထက် အား ကောင်းကြပါတယ်။ ဒီစိတ်ဟာ ကာယဒွါရိက စိတ်လောကမှာ အားအနည်းဆုံး ဖြစ်သော်လဲ။ ကာယာယတန ရှိကြတဲ့ သတ္တ လောကမှာတော့။ သူရှိမှ ဖောဋ္ဌဗ္ဗာရုံကို သိနိုင်တာကြောင့်။ ကာမေသုမိစ္ဆာစာရကံ့ အဗြဟ္မစရိယကံကို လွန်ကြူး သူတွေ ပေါများပါတယ်။ ကာယသမ္ဖဿရဲ့အစွမ်းအားဖြင့်။ ဖောဋ္ဌဗ္ဗ ဆိုတဲ့ အာရုံကိုသာယာလေ့ရှိတဲ့ လူတွေရဲ့သန္တာန်မှာ၊ဒီစိတ်ကို မှီပြီး ဖောဋ္ဌဗ္ဗဟာကျွာဖြစ်ကြပါတယ်။

## စေတသိက်

၆။ ထိသိစိတ်ဟာ-ဖောဋ္ဌဗ္ဗါရုံကိုအာရုံပြု၍၊ကာယဝတ္ထု-ကာ ယဒွါရရုပ်ကအထင်အရှားဖြစ်ပေါ်ခဲ့သော်။ ထိသိစိတ်ရဲ့ ဥပါဒ် ခဏနဲ့ပြိုင်တူ ဖဿ-သုခဝေဒနာစတဲ့ စေတသိက် ၇လေးပါးတို့ ဟာ၊စိတ်ရဲ့နောက်လိုက်နောက်ပါ အခြံအရံအဖြစ်ဖြင့်။ ထိသိ စိတ်အာရုံပြုတဲ့ ဖောဋ္ဌဗ္ဗာရုံကို အာရုံပြု၍။ ထိသိစိတ် ထွက်လာ ခဲ့တဲ့ ကာယဝတ္ထုရုပ်ထဲကဘဲ ဖြစ်ထွက်လာကြပါတယ်။ ဒီစေတ သိက်တို့ဟာ။အဟိတ်ဝိပါက် ထိသိစိတ်နဲ့ယှဉ်ကြရလို့။ ဝိပါက် စေတသိက်တွေမည်ကြပါတယ်။ဒီစေတသိက်တို့ကိုလဲ။ထိသိစိတ် နဲ့အတူ ကာယဒွါရိက စေတသိက် ဖောဋ္ဌဗ္ဗာ ရမ္မဏိက စေတ သိက်တွေလို့မှတ်ယူရပါတယ်။ ဒီစေတသိက်တွေဟာလဲ၊ ဗုဒ္ဓ ဘာသိတ-စေတသိက်။ အဘိဓမ္မာ စေတသိက် ပရမတ်စစ်စစ် တွေပါဘဲ။

## ဖေါဋ္ဌဗ္ဗာရုံအထူး

၇။ ဖေါဋ္ဌဗ္ဗာရုံဟာ။ ကိုယ်ရဲ့အတွင်းဘက်က-ကိုယ် အကြည် ရုပ်မှာ။သုခသဟဂုတ် ကာယဝိညာဏ်စိတ်ဖြစ်အောင်ထိခတ်တဲ့ အတွင်း ဣဋ္ဌဖေါဋ္ဌဗ္ဗ၊ ဒုက္ခသဟဂုတ် ကာယဝိညာဏ်စိတ် ဖြစ် အောင်ထိခတ်တဲ့အတွင်းအနိဋ္ဌဖေါဋ္ဌဗ္ဗအားဖြင့်နှစ်ပါးရှိပါတယ် ကိုယ်ရဲ့အပြင်ဘက်က ကိုယ်အကြည်ရုပ်မှာလဲ။ သုခသဟဂုတ် ကာယဝိညာဏ်စိတ် ဖြစ်အောင် ထိခတ်တဲ့ အပြင် ဣဋ္ဌဖေါဋ္ဌဗ္ဗ။ ဒုက္ခသဟဂုတ် ကာယဝိညာဏ်စိတ်ဖြစ်အောင်ထိခတ်တဲ့ အပြင် အနိဋ္ဌဖေါဋ္ဌဗ္ဗအားဖြင့် နှစ်ပါးရှိပါတယ်။

၈။ ဒီဖေါဋ္ဌဗ္ဗာရုံတွေက-ကိုယ်အကြည်ရုပ်တို့ကို ထိခတ်ကြလို့ ထိသိစိတ်တွေ ဖြစ်ကြဟန်ကို၊ ကိုယ်တွေ့ ဉာဏ်တွေ့ အားဖြင့် သိလွယ်အောင်။သုခဝေဒနာဒဏ်ချက်။ ဒုက္ခဝေဒနာ ဒဏ်ချက် တွေထိပုံနဲ့ယှဉ်တွဲပြီး ထင်ရှားအောင်ပြမယ်။

အစာဆာတာ, ရေငတ်တာ, ကျင်ကြီးစွန့်ချင်-ကျင်ငယ် စွန့်ချင်တာတွေဟာ။ ကိုယ်အတွင်းဘက်-ကိုယ် အကြည်ရုပ်ကို အနိဋ္ဌဖေါဋ္ဌဗ္ဗာရုံတွေ ထိ ခတ် ကြ လို့၊ ဒုက္ခသဟဂုတ် ကာယ ဝိညာဏ်စိတ်တွေဖြစ်ကြတာဘဲ။ ။အစာဆာလို့ အစာကို အာသာပြေအောင်စားလိုက်ယင်။ ရေငတ်လို့ ရေကိုဝအောင် သောက်လိုက်ယင်။ ကျင်ကြီးကျင်ငယ်တို့ကိုစွန့်ချင်လို့ ကျင်စွန့် ပြီးယင်။ အတွင်း ကိုယ်အကြည်ရုပ်တို့ကို-ဣဋ္ဌ ဖေါဋ္ဌဗ္ဗာရုံ တွေ ထိခတ်ကြလို့ကိုယ်အကြည်ရုပ်က-သုခသဟဂုတ်ကာယဝိညာဏ် စိတ်တွေဖြစ်လာကြတာဘဲ။ ၊ဒုက္ခဒဏ်ချက် အဟောင်း ချုပ်လို့ သုခဒဏ်ချက်အသစ် ဉပါဒ်တာဘဲ။

သွားကိုက်တာ,မျက်ရိုးကိုက်တာ,ခေါင်းကိုက်တာ,ဇက်လေးတာ,ခဲတာ, တောင့်တင်းတာ, လက်ကိုက်တာ, ထုံတာ, ကျဉ်တာ,နာတာ,ကျော-ရင် တောင့်တာ။အောင့်တာ,နာတာ ခါးညောင်းတာ,တောင့်တင်းတာ,ကိုက်တာ,နာတာ။ဝမ်းဗိုက်တောင့်တင်းတာ-နာတာ။ပေါင်-သလုံး-ခြေတွေ ညောင်းတာ တောင့်တင်းတာ၊ထုံကျဉ်တာ,ကိုက်ခဲတာ။နာဘာတွေဟာလဲ ကိုယ်အတွင်းဘက်က ကိုယ်အကြည်ရုပ်ကို။ အနိဋ္ဌ ဖေါဋ္ဌဗ္ဗာရုံတွေထိခတ်လို့။ ကိုယ်အကြည်ရုပ်တွေက-ဒုက္ခသဟဂုတ် ကာယဝိညာဏ်စိတ်တွေဖြစ်ကြတာဘဲ။အဲဒီနာမှု-ကျဉ်မှု-ကိုက်ခဲမှုစတဲ့ တရားတွေချုပ်ပျောက်ကြယင်၊အတွင်းကိုယ်အကြည်ရုပ်တွေကို ဣဋ္ဌဖေါဋ္ဌဗ္ဗာရုံတွေထိခတ်ကြလို့။သုခသဟဂုတ် ကာယဝိညာဏ်စိတ်တွေဖြစ်ပြန်ကြတာဘဲ။

မျက်စိယားတာ-နာတာ-ကျိန်းတာ ခုတာ-ကိုက်တာ အောင့်တာ၊ နားယားတာ-နာတာ-ကိုက်တာ၊နှာခေါင်း မွန်တာ-ယားတာ-နာတာ၊ လျှာယားတာ-နာတာ-ထုံကျဉ်တာ တွေဟာ။ ကိုယ်အကြည်ရုပ်ကို အတွင်း အပြင် အနိဋ္ဌဖေါဋ္ဌဗ္ဗာရုံတွေ ထိခတ်ကြလို့ ကိုယ်အကြည်ရုပ်တွေက-ဒုက္ခ သဟ ဂုတ် ကာယဝိညာဏ်စိတ်တွေဖြစ်ကြတာဘဲ။ မျက်စိစတဲ့ ရုပ်တွေမှာ ယားမှု-နာမှုစတဲ့ သဘောတွေချုပ်ပျောက်ကြယင်။ ကိုယ်အကြည်ရုပ်တွေကို အတွင်းအပြင်-ဣဋ္ဌဖေါဋ္ဌဗ္ဗာရုံတွေ ထိခတ်ကြလို့ ကိုယ် အကြည် ရုပ်တွေက-သုခသဟဂုတ် ကာယ ဝိညာဏ်စိတ်တွေဖြစ်ကြတာဘဲ။

ဖျားနာလို့ တကိုယ်ကောင်လုံး အတွင်းအေးအေးတာ အတွင်းပူ-ပူတာ။ ဆောင်းဥတုမှာ အအေးဥတုထိလို့ တကိုယ်

ကောင် လုံး ချမ်း တာ။ နွေဥတုမှာ အပူဥတု ထိ လို့ တ ကိုယ် ကောင်လုံးအိုက်တာ။ ရေချိုးလို့အေးတာ။ နေပူခံ-မီးပူခံလို့ ပူအိုက်တာတွေလဲ၊ ကိုယ်အကြည်ရုပ်ကို အတွင်းအပြင် အနိဋ္ဌ ဖေါဋ္ဌဗ္ဗာရုံတွေထိခတ်ကြလို့၊ ကိုယ်အကြည် ရုပ်တွေက ဒုက္ခ သဟဂုတ်ကာယဝိညာဏ်စိတ်တွေ ဖြစ်ကြတာဘဲ။ အဲဒီတရား တွေချုပ်ပျောက်ကြယင်။ကိုယ်အကြည်ရုပ်တွေကိုအတွင်းအပြင် ဣဋ္ဌဖေါဋ္ဌဗ္ဗာရုံတွေထိခတ်ကြလို့ ကိုယ်အကြည်ရုပ်တွေက သုခ သဟဂုတ် ကာယဝိညာဏ်စိတ်တွေဖြစ်ကြတာဘဲ။

၉။ ဣဋ္ဌ အနိဋ္ဌ ဖေါဋ္ဌဗ္ဗာရုံတို့ကို တပါးစီ တပါးစီ သရုပ် သ ကောင်ပေါ်အောင်ဖေါ်ပြီး တနည်းပြဦးမယ်။

အအေးအပူဥတု၊ အေးတဲ့ ဖေါဋ္ဌဗ္ဗာရုံ-ပူတဲ့ဖေါဋ္ဌဗ္ဗာရုံ၊ အအေးဓါတ် ဝင်နေတဲ့မြေပြင်။ အပူဓါတ် ဝင်နေတဲ့ မြေပြင်။ အေးတဲ့ရေ-ပူတဲ့ရေ။ အအေးဓါတ် ပါလာတဲ့လေ၊ အပူဓါတ်ပါ လာတဲ့လေ။ အအေးဓါတ်များတဲ့ ပုဆိုး-အင်္ကျီ ခြုံစောင် အစ ရှိတဲ့ အဝတ်အထည်။အနွေးဓါတ်-အပူဓါတ်များတဲ့ ပုဆိုးအင်္ကျီ ခြုံစောင်အစရှိတဲ့ အဝတ် အထည်။ နေပူ-မီးပူအစရှိတဲ့ ဝတ္ထု တွေဟာ။ ဖေါဋ္ဌဗ္ဗာရုံတွေပါဘဲ။ အဲဒီဖေါဋ္ဌဗ္ဗာရုံတို့ဟာ။ ရံခါ ဣဋ္ဌဖေါဋ္ဌဗ္ဗဖြစ်ကြပြီး။ရံခါ အနိဋ္ဌဖေါဋ္ဌဗ္ဗာရုံတွေဖြစ်ကြပါတယ်။

ဒီဖေါဋ္ဌဗ္ဗာရုံတို့တွင်။အအေးအပူဥတု။ အအေးဖေါဋ္ဌဗ္ဗ၊ အပူ ဖေါဋ္ဌဗ္ဗတွေဟာ။ကိုယ်အကြည်ကိုထိခတ်ပြီး ကိုယ်တွင်းသို့ ဝင်ကြယင်၊ အရေပါးမှ ခြင်ဆီရောက်အောင် ဝင်ကြပါတယ်၊ အအေးစတဲ့ ဖေါဋ္ဌဗ္ဗတွေဘဲ။ ကိုယ်က ထွက်ကြယင်လဲ။ ခြင်ဆီမှ အရေပါးရောက်အောင်ထွက်ကြပါတယ်။

တကိုယ်လုံး အိုက် ပူ နေဆဲမှာ၊ အအေးဥတု-အအေးဖေါဋ္ဌဗ္ဗ၊အအေးဓါတ်ဝင်နေတဲ့မြေပြင်၊ အေးတဲ့ရေ၊ အအေးဓါတ်ပါလာတဲ့လေ။အအေးဓါတ်ပါတဲ့ ပုဆိုး အင်္ကျီ ခြုံစောင်တွေ့ အဝတ်အထည်တို့ဟာ ဣဋ္ဌဖေါဋ္ဌဗ္ဗာရုံတွေဖြစ်ကြပြီး။ အပူဥတု-အပူဖေါဋ္ဌဗ္ဗ၊အပူဓါတ်ဝင်နေတဲ့မြေပြင်။ပူတဲ့ရေ၊အပူဓါတ်ပါလာတဲ့လေ၊အပူဓါတ်များတဲ့ပုဆိုး အင်္ကျီ ခြုံစောင် အစရှိတဲ့ အဝတ်အထည်၊ နေပူ-မီးပူ ဖေါဋ္ဌဗ္ဗာရုံတွေက တော့၊ အနိဋ္ဌဖေါဋ္ဌဗ္ဗာရုံတွေသာဖြစ်ရကြပါတယ်၊

တကိုယ်လုံးချမ်းနေဆဲမှာ၊ အပူဥတု-အပူဖေါဋ္ဌဗ္ဗ၊ အပူဓာတ်ဝင်နေတဲ့မြေပြင်။ပူတဲ့ရေ၊ အပူဓာတ်ပါလာတဲ့လေ၊ အပူဓါတ်များတဲ့ ပုဆိုး အင်္ကျီ ခြုံစောင် အစရှိတဲ့ အဝတ် အထည်၊ နေပူ-မီးပူ ဖေါဋ္ဌဗ္ဗတို့ဟာ။ ဣဋ္ဌဖေါဋ္ဌဗ္ဗာရုံတွေ ဖြစ်ကြပြီး။ အအေးဥတု-အအေးဖေါဋ္ဌဗ္ဗ၊ အအေးဓာတ် ဝင်နေတဲ့ မြေပြင်။ အေးတဲ့ရေ၊အအေးဓာတ်ပါလာတဲ့လေ၊အအေးဓာတ် များတဲ့ ပုဆိုး အင်္ကျီ ခြုံစောင်အစရှိတဲ့ အဝတ် အထည် တို့က တော့၊ အနိဋ္ဌဖေါဋ္ဌဗ္ဗာရုံတွေသာဖြစ်ရကြပါတယ်။

ဒီ ဣဋ္ဌဖေါဋ္ဌဗ္ဗာရုံတွေဟာ၊ ကိုယ်အကြည်ရုပ်ကို ထိခတ်ကြယင်၊ ကိုယ်အကြည်ရုပ်မှာ သုခဝေဒနာတရားဟာ၊ ကိုယ်ကောင်ကိုဖျံ့နှံ့သလိုဖြစ်ပါတယ်၊ သူဖြစ်ယင် တကိုယ်ကောင်လုံးချောက်ချားလျက်။ နှိပ်နင်းလျှပ်ပေါ်လျက်၊ ရေယဉ်စီးဆင်းသလိုစီးဆင်းလျက်၊ယစ်မူးလျက်၊ဖိုးလွှမ်းလျက်၊ ရေအေးအိုးနဲ့သွန်းလောင်းသလို သွန်းလောင်းလျက်ဖြစ်တတ်ပါတယ်။ အဲဒီဖြစ်စဉ်မှာ။ချောက်ချားတာ၊နှိပ်နင်းလျှပ်ပေါ်တာကိုးကာယိက

သုခရဲ့အစွမ်းနဲ့သိအပ်ပါတယ်။ ရေယဉ်စီးဆင်းသလိုစီးဆင်း ဖြစ်တာကို၊ ဈာန်ချမ်းသာရဲ့အစွမ်းနဲ့သိအပ်ပါတယ်။ ယစ်မူး တာ-ဖုံးလွှမ်းတာကို ကာမချမ်းသာရဲ့အစွမ်းနဲ့သိအပ်ပါတယ် သွန်းလောင်းသလိုဖြစ်တာကို။ကာယိကစေတသိက-ကာမသုခ တို့ရဲ့အစွမ်းနဲ့သိအပ်ပါတယ်။ ။ဒီစကားမှာ၊ သုခသဟ ဂုတ် ထိသိစိတ်နာမ်ကလာပ်ဖြစ်ပေါ်တာကို။ သုခဝေဒနာဖြစ် ပေါ်တာဟာ၊ ဒီလိုဘဲဖြစ်တယ်လို့ ထင်ရှားစွာ သိစေချင်လို့။ သုခဝေဒနာဖြစ်တယ်၊ဒီလောက်သာဆိုလိုက်ရပါတယ်။

အနိဋ္ဌဖေါဋ္ဌဗ္ဗာရုံတွေဟာ၊ကိုယ်အကြည်ရုပ်ကိုထိခတ်ကြ ယင်၊ ကိုယ်အကြည် ရုပ်မှာ ဒုက္ခဝေဒနာ တရားဟာ၊ ကိုယ် ကောင်ကို ပျံ့နှံ့သလို ဖြစ်ပါတယ်။ သူဖြစ်ယင်တော့-တကိုယ် ကောင်လုံးလဲချောက်ချားတယ်။ မီးထဲရဲအောင် ဖုတ်ထားတဲ့ ထယ်သံတုံးကြီးကို အတွင်း သွင်းလိုက်သလို၊ မြက်မီး ရှူး နဲ့ အပြင်ဘက်ကရှို့မြှိုက်လိုက်သလို၊ ပူပူလောင်လောင်လဲ ဖြစ်ပါ တယ်။ ဒီစကားနဲ့ ဝေဒနာဒုက္ခ-အရိယဒုက္ခ-သစ္စာတရားတွေ ရဲ့ ပူလောင်တဲ့ကိစ္စရသကို မှတ်ယူရပါတယ်။ ဒီ ဒုက္ခဝေဒနာ ဖြစ်တယ်ဆိုတဲ့ စကားကိုလဲ။ ရှေးနည်းနဲ့အတူ-ဒုက္ခသဟဂုတ် ထိသိစိတ်နာမ်ကလာပ်ဖြစ်တာလို့ဘဲမှတ်ယူရတယ်။

ဒီလို ကိုယ်ကောင်ရဲ့အတွင်းဘက်,အပြင်ဘက်မှာ ရှိကြ တဲ့-ကိုယ် အကြည် ရုပ်တွေကို။ အ တွင်း အ ပြင် ဣဋ္ဌ - အနိဋ္ဌ ဖေါဋ္ဌဗ္ဗာရုံတွေက ထိခတ်ကြလို့၊ ကိုယ်အကြည် ရုပ် တွေမှာ၊ သုခသဟဂုတ် ထိသိစိတ် နာမ်ကလာပ်။ ဒုက္ခသဟဂုတ် ထိသိ စိတ် နာမ်ကလာပ်တွေဟာ။ ကိုယ်တွေ-ဥာဏ်တွေ အားဖြင့်။

သိမြင်လွယ်အောင်ဖြစ်ပေါ်ကြပါတယ်။ ဒီနာမ်ကလာပ်တွေကို ခန္ဓာဖွဲ့ပြီး-ခန္ဓာတွေရဲ့ဖြစ်တာပျက်တာကို။ အောက်မှာ ပြခဲ့တဲ့ နည်းနဲ့အတူ။ လက္ခဏာရေးတင်၍-နှလုံးသွင်း ပွါးများရပါ တော့တယ်။

၁၀။ အဆင်းသိစိတ်-အသံသိစိတ်-အနံ့သိစိတ်-အရသာသိ စိတ်-ထိသိစိတ်တွေဟာ၊ကုသလဝိပါက်စိတ်ငါးပါး။ အကုသလ ဝိပါက်စိတ်ငါးပါးရှိကြလို့။စိတ်ပေါင်း ဆယ်ပါး ရှိကြပါတယ်။ ဒီစိတ်ဆယ်ပါးတို့ဟာ။မိမိကိုယ်က ရူပ-သဒ္ဒ-ဂန္ဓ-ရသ-ဖေါဋ္ဌဗ္ဗ တို့ကိုအာရုံပြု၍ဖြစ်ကြယင်၊ အဇ္ဈတ္တာရုံစိတ် မည်ကြပါ တယ်။ သူတပါးတို့ရဲ့ကိုယ်က-ရူပ စတဲ့ အာရုံငါးပါးတို့ကို အာရုံပြု၍၊ ဖြစ်ကြယင်တော့။ဗဟိဒ္ဓါရုံစိတ်တွေမည်ကြပါတယ်။

အဆင်းသိစိတ်နာမ်ကလာပ်-နာမက္ခန္ဓာတို့ကအစ။ ထိ သိစိတ်နာမ်ကလာပ် နာမက္ခန္ဓာအဆုံးရှိကြတဲ့။ နာမ်ကလာပ် နာမက္ခန္ဓာတို့ဟာ။ကံအကြောင်းကြောင့်ဖြစ်ကြရလို့။ ဥပါဒိန္န နာမ်ကလာပ်။ဥပါဒိန္န နာမက္ခန္ဓာမည်ကြပါတယ်။ ။အဲဒီ နာမ်ကလပ် နာမက္ခန္ဓာတွေရဲ့မှီရာ မျက်စိအစ-ကိုယ်အဆုံးရှိတဲ့ ရုပ်ငါးပါးတို့ဟာလဲ။ကံအကြောင်းကြောင့်ဖြစ်ကြရလို၊ဥပါဒိန္န ရုပ်ကလာပ်၊ဥပါဒိန္နရူပက္ခန္ဓာတို့မည်ကြပါတယ်။ ။ရူပအစ ဖေါဋ္ဌဗ္ဗ အဆုံးရှိတဲ့ အာရုံငါးပါးတို့တွင်။ ကံကြောင့် ဖြစ်ကြတဲ့ အာရုံရုပ်တို့ဟာ။ဥပါဒိန္နအာရုံရုပ်,ဥပါဒိန္နအာရုံ ရူပက္ခန္ဓာတွေ မည်ကြပါတယ်။ ကံမှတပါး-စိတ်စတဲ့ အကြောင်း တရား တို့ ကြောင့်ဖြစ်ကြတဲ့အာရုံရုပ်တို့ကတော့။ အနုပါဒိန္န အာရုံရုပ် အနုပါဒိန္နအာရုံရူပက္ခန္ဓာများမည်ကြပါတယ်။

## နှလုံးရုပ်

၁။ ဒို့ကိုယ်မှာ ပရမတ္တအားဖြင့်ထင်ရှားရှိတဲ့ နှလုံးရုပ်ဟာ၊ ဒို့ကျောက်ကုန်းရင်ဘတ်တွေရဲ့အတွင်းဘက်, သားမြတ် နှစ်ပါးတို့ အလယ်မှာ ရှိပါတယ်။ ဒီရုပ်ဟာ-မနောဒွါရ-မနောဝိညာဏဓါတ်တို့ရဲ့ မှီရာဖြစ်သောကြောင့်။ ဟဒယ ဝတ္ထုရုပ် မည်ပါတယ်။

ဒီရုပ်မှာမှီကြတဲ့-ဘဝင်စိတ်-မနောဒွါရာဝဇ္ဇန်းစိတ် နှစ်ပါးတို့ဟာ။ဓမ္မာရုံတွေရဲ့ဝင်ရာ မနောဒွါရိက စိတ် စေတသိက်တို့ရဲ့ ထွက်ရာ တံခါးသဘွယ် ဖြစ်သောကြောင့်။ မနောဒွါရ မည်ပါတယ်။

အဲဒီမနောဒွါရစိတ်နာမ်ရဲ့မှီရာဖြစ်လို့၊ ဟဒယဝတ္ထုရုပ်ကိုရည်၍၊ ဌာနီဉပစာရအားဖြင့် - မနောဒွါရလို့ ဆိုရတယ်။ မနောဒွါရလို့ ဆိုယင်တော့-ဟဒယဝတ္ထုရုပ်ကိုပါ တပါထဲ ဆိုတာဘဲလို့မှတ်ယူရတယ်။

## ဓမ္မာရုံ

၂။ မနောဒွါရနဲ့ ကြံစည် တွေးတော-စိတ်ကူး ကောင်းသမျှ အာရုံတွေဟာ။မြင်ပြီး ရူပ၊ကြားပြီး သဒ္ဒ၊ နမ်းပြီး ဂန္ဓ၊ လျက်ပြီး ရသ၊ ထိပြီး ဖေါဋ္ဌဗ္ဗ၊ မျက်စိ-နား-နှာခေါင်း-လျှာ-ကိုယ် နှလုံး-စိတ်-စေတသိက်-ပညတ်။ ဒီလို အမျိုးမျိုး ရှိကြပါတယ်။ ဒီအာရုံတို့တွင်၊အာရုံတခုတခုဟာ၊ဓမ္မာရုံ တပါးစီတပါးစီ ဖြစ်ကြပါတယ်။ဒီဓမ္မာရုံတို့ဟာ၊ဇ္ဈတ္တ,အနိဋ္ဌ,မဇ္ဈတ္တအားဖြင့်၊သုံးပါး ရှိကြပါတယ်။ဒီသုံးပါးတို့တွင်၊အလိုရှိအပ်နှစ်သက်အပ်တဲ့ဓမ္မါရုံ

ဟာ၊ ဇာဋ္ဌဓမ္မာရုံမည်ပါတယ်။ အလိုမရှိအပ်-မနှစ်သက် အပ်တဲ့ ဓမ္မာရုံဟာ-အနိဋ္ဌဓမ္မာရုံမည်ပါတယ်။အလိုရှိအပ်တာလဲမဟုတ် အလိုမရှိအပ်တာလဲမဟုတ်၊အလတ်စားဓမ္မာရုံကတော့၊မဇ္ဈတ္တ ဓမ္မာရုံမည်ပါတယ်။ ဒီဓမ္မာရုံတွေဟာ-မနောဒွါရမှာ ထင်ခြင်း သဘောရှိကြပါတယ်။

## စိတ်စေတသိက်

၃။ ဓမ္မာရုံဟာ-မနောဒွါရမှာ ထင်ခဲ့ပါယင်၊ မနောဒွါရက ဖဿ,သောမနဿ, ဒေါမနဿ, ဥပေက္ခာ ဒီဝေဒနာသုံးပါး ထဲက တပါး ပါး သော ဝေဒနာ, သညာ, စေ တ နာ ဆိုတဲ့ သမ္ပယုတ် စေတသိက် လေးပါးတို့နဲ့အတူ၊ ကြည်ညိုတတ်တဲ့ ကုသိုလ်စိတ်၊လိုချင်တတ် ချစ်တတ်တဲ့-အကုသိုလ်လောဘမူစိတ် စိတ်ဆိုးတတ်မုန်းတတ်တဲ့-အကုသိုလ်ဒေါသမူစိတ်။ဓမ္မသဘာဝ ကို ယထာဘူတမသိတတ်-တွေဝေတတ်တဲ့ အကုသိုလ် မောဟ မူစိတ်၊ ဒီတွေးသိစိတ်လေးပါးတို့တွင်၊ တွေးသိစိတ်တပါးပါး ဟာ။ ဓမ္မာရုံအားလျော်စွာ ဖြစ်ပေါ်ရပါတယ်၊ ဒီစေတသိက် စိတ်တွေရဲ့အပေါင်းအစည်းဟာ၊ တွေးသိစိတ် နာမ် ကလာပ် မည်ပါတယ်။

## တွေးသိစိတ်

၄၊ အဲဒီနာမ်ကလာပ်ထဲမှာ၊ ရှေးဆောင်ရှေးသွားအဖြစ်နဲ့ ပါလာတဲ့တွေးသိစိတ်ဟာ။မနောဒွါရမှာမှီ၍ ဖြစ်တတ် သော ကြောင့်။မနောဒွါရိကစိတ်လဲမည်ပါတယ်။ ဓမ္မာရုံကိုအာရုံပြု၍ ဖြစ်တတ်သောကြောင့်။ ဓမ္မာရမ္မဏိက စိတ်လဲ မည်ပါတယ်။ ဒီ စိတ်ဟာ-ဗုဒ္ဓဘာသိတ **စိတ်** အဘိဓမ္မာ-စိတ်ပရမတ် စစ်စစ် ပါဘဲ။

## တွေးသိစိတ်တို့ရဲ့သဘော

၅။ တွေးသိစိတ်လေးမျိုးတို့ဟာ၊ မနောဒွါရမှာ ဖြစ်ကြခိုက် ဓမ္မာရုံတို့ကိုလဲ သိဇာတ်ကြပါတယ်။ စိတ်အကြောင်းကြောင့် ဖြစ်ကြတဲ့ စိတ္တဇ-ဩဇဋ္ဌမကရုပ်ကလာပ်တွေကိုလဲ ဖြစ်စေနိုင် ကြပါတယ်။အလုပ်ကိုလုပ်တဲ့ ကာယဝိညတ်ရုပ်။စကားပြောတဲ့ ဝစီဝိညတ်ရုပ်၊ လျောင်းခြင်း-ထိုင်ခြင်း-ရပ်ခြင်း-သွားခြင်းဆို တဲ့ ဣရိယာပုထ်တွေကိုလဲဖြစ်စေနိုင်ကြပါတယ်။ ။ဒိစိတ်တွေ ဘဲ-ပဥ္စဒွါရတို့မှာ-ပဥ္စဝိညာဏ်တို့ နောင်စိတ်သုံးလုံးရဲ့အလွန် မှာဖြစ်ကြယင်တော့။စိတ္တဇဩဇဋ္ဌမက ရုပ်ကလာပ်တွေမျှသာ ဖြစ်စေနိုင်ကြပါတယ်။ ဝိညတ်ရုပ်-ဣရိယာပုထ်တွေ ကို တော့ မဖြစ်စေနိုင်ကြဘူး။ပဥ္စဒွါရမှာဖြစ်ကြယင်၊ အားအလတ်မျှသာ ရှိကြပါတယ်။မနောဒွါရမှာဖြစ်ကြယင်တော့၊လွန်စွာအားကြီး ကြပါတယ်။

၆။ တွေးသိစိတ်လေးပါးတွေထဲက၊ကုသိုလ်စိတ်ဖြစ်ခပါတာ ကို အလှူကိုပေးလှူမယ်၊ သီလကိုဆောက်တည်မယ်၊ ဘာဝနာ ကမ္မဋ္ဌာန်းကိုစီးဖြန်းမယ် စသည်ဖြင့် ကြံစည်-တွေးတော-စိတ် ကူးတာနဲ့လဲ သိနိုင်ပါတယ်။ အလှူကို ပေးဝေတာ-သီလ ကို ဆောက်တည်တာ-ဘာဝနာကမ္မဋ္ဌာန်းကို စီးဖြန်းပွါးများတာ ကာယသုစရိုက်-ဝစီသုစရိုက်-မနော သုစရိုက် တို့ ကို ဆောက် တည်ကျင့်သုံးတာ။ဒီလိုစသည်ဖြင့် ထင်ရှားဖြစ်နေသဲ ကောင်း မှုတွေနဲ့လဲသိနိုင်ပါတယ်။

၇။ အကုသိုလ်စိတ်သုံးမျိုးတို့ရဲ့ဖြစ်ပေါ်တာကို၊အကုသိုလ်တို့ ကိုမပြုရသေးမီ။ရှေးအဘို့က ကြံစည် တွေးတော စိတ်ကူး တာ နဲ့ သိနိုင်ပါတယ်။ ။အဲဒီ-အကုသိုလ်စိတ် သုံးမျိုးတို့တွင်။

အကုသိုလ်လောဘစိတ်-မောဟ စိတ်တွေ ဖြစ်ပေါ် ကြတာကို။ ကာမေသုမိစ္ဆာစာရ-အဘိဇ္ဈာ-မိစ္ဆာဒိဋ္ဌိဆိုတဲ့အကုသိုလ် ကာယကံ-မနောကံ တွေ ဖြစ်ကြတာနဲ့ သိနိုင်ပါတယ်။

အကုသိုလ်-ဒေါသစိတ် မောဟစိတ်တွေဖြစ်ပေါ်ကြတာကို။ ပါဏာတိပါတ-ဖရုသဝါစာ-ဗျာပါဒ ဆိုတဲ့၊ကာယကံ-ဝစီကံ-မနောကံ အကုသိုလ်တွေဖြစ်ကြတာနဲ့ သိနိုင်ပါတယ်။

အကုသိုလ်,လောဘစိတ်,ဒေါသစိတ်, မောဟ စိတ်တွေ ဖြစ်ပေါ်ကြတာကိုတော့။အဒိန္နာဒါန,မုသာဝါဒ,ပိသုဏာဝါစာ သမ္ဖပ္ပလာပ ဆိုတဲ့-အကုသိုလ်ကာယကံ,ဝစီကံတွေ ဖြစ်ကြတာနဲ့ သိနိုင်ပါတယ်။

ကုသိုလ်ဘက်က-ကုသိုလ်တရားတွေ၊ အကုသိုလ်ဘက်က အကုသိုလ်တရားတွေဖြစ်ပေါ်ကြရတာဟာ၊ ဒွါရ ခြောက်ပါးတို့မှာဖြစ်ကြတဲ့-တွေးသိစိတ်တို့ကြောင့်သာဖြစ်ကြရတာချည်းဘဲ။ ပဉ္စဒွါရမှာ ဖြစ်ကြယင်တော့၊ ကမ္မပထ မ မြောက် ကြ ပါဘူး။ မနောဒွါရမှာဖြစ်ကြယင်တော့၊ ကမ္မပထ မြောက် တာ ချည်း ပါဘဲ။တွေးသိစိတ်တွေဟာ၊ မနောဒွါရိက စိတ်လောကမှာလဲ အားကောင်းကြပါတယ်။ မနာယတနရှိကြတဲ့-သတ္တ လောက မှာလဲ သူတို့ပါယင် ဘယ် ကောင်း မှု - ဘယ်မကောင်း တွေမှ မဖြစ်ကြတာမရှိဘူး။

၈။ ဒီတွေးသိစိတ်လေးမျိုးတို့ဟာ၊ဇောကိစ္စတာပ်ကြလို့-ကိစ္စပညတ်အားဖြင့် ဇောစိတ်တွေမည်ကြပါတယ်။ သူတို့ဟာ-ဒွါရ ခြောက်ပါးတို့မှာဖြစ်ခိုက် ပကတိအချိန်မှာ၊ ခုနစ်ကြိမ်-ခုနစ်ခါစီ အသီးအသီးဖြစ်ရကြတယ်။ မေ့နေ-မြောနေတဲ့အခါ၊ သေ

ခါနီး မရဏာသန္နအခါတို့မှာတော့၊ ငါးကြိမ် ငါးခါစီ ဖြစ်ရကြပါတယ်။ ။အိပ်ပျော်ခါနီးငိုက်တဲ့အခါ၊အိမ်ရာကနိုးခါနီးငိုက်တဲ့အခါတို့မှာ။ မနောဒွါရ၌ အကုသိုလ်-သသင်္ခါရိက စိတ်တို့ဟာ၊ဇောကိစ္စတပ်၍-ငါးကြိမ်ငါးခါဖြစ်ရကြတယ်။ ။ဒီနည်းကတော့၊ဝိသုဒ္ဓိမဂ်ဋီကာမှာလာတဲ့နည်းပါဘဲ။

## အိပ်ပျော်ခြင်း

၉။ ကာမ ဘဝင်စိတ် ဆယ်ပါးတို့ဟာ၊ ကံ-ကမ္မနိမိတ်-ဂတိနိမိတ်အာရုံတို့တွင်။တခုခုကိုအာရုံပြု၍ နှလုံးရုပ်မှာမှီပြီးဖြစ်နေကြယင်၊ ကာမ တဆယ့်တဘုံသားတွေဟာ၊ အိပ်ပျော်ကြရပါတယ်။

## အိပ်ရာကနိုးခြင်း

၁၀။ ကာမဘုံသားတွေ အိမ်ရာကနိုးကြတာကတော့။ အိပ်ပျော်နေသူရဲ့ ပဉ္စဒွါရကို-ပဉ္စာရုံထိခတ်ယင်၊ ပဌမ-မနောဒွါရမှာ အဝိဘူတာရုံဝီထိ။ဒုတိယ-ပဉ္စဒွါရမှာ-မဟန္တာရုံဝီထိ၊ တတိယ မနောဒွါရမှာ-အဝိဘူတာရုံဝီထိ၊ ဒီလိုဝီထိတွေဟာ ဖြစ်ကြရပါတယ်။အဲဒီဝီထိတို့တွင်၊နောက်ဆုံး တတိယမနောဒွါရ-အဝိဘူတာရုံ ဝီထိစိတ်တွေ ဖြစ်နေဆဲမှာ။ အိပ်ပျော်နေတဲ့ ပုဂ္ဂိုလ်တွေဟာ၊အိပ်ရာကနိုးရကြပါတယ်။ ။ဒီနည်းကတော့၊ဝိဘင်းအဋ္ဌကထာကြီးမှာ-အကျယ်ပြဆိုတဲ့စကားများကို အကျဥ်း ချုံး၍ ပြတဲ့နည်းပါဘဲ။

## စေတသိက်

၁၁။ တွေးသိစိတ်တို့ဟာ-ဓမ္မာရုံတို့ကိုအာရုံပြု၍။ မနောဒွါရမှာ အထင်အရှား ဖြစ်လာ ကြယင်။ တွေးသိစိတ်တို့ရဲ့ ဉပါဒ်

ခဏနဲ့ပြိုင်တူ၊ ဖဿ-သောမနဿဝေဒနာ အစရှိတဲ့ စေတသိက်လေးပါးတို့ဟာ၊ တွေးသိစိတ်တွေရဲ့ နောက်လိုက်နောက်ပါအခြံအရံအဖြစ်နဲ့၊ တွေးသိစိတ်များ အာရုံပြုကြတဲ့ ဓမ္မာရုံတို့ကိုအာရုံပြုကြ၍၊ တွေးသိစိတ်တွေထွက်လာခဲ့တဲ့ ဟဒယဝတ္ထုရုပ်ထဲကဘဲဖြစ်ထွက်လာကြပါတယ်။

ကုသိုလ်စိတ်ဟာ-အာရုံ ခြောက်ပါးတို့ကို အာရုံ ပြု၍။ ဒွါရခြောက်ပါးတို့မှာ ဖြစ်ပေါ်ခဲ့ယင်။ သောမနဿ ဝေဒနာ ဥပေက္ခာဝေဒနာ နှစ်ပါးတို့တွင်၊ ဝေဒနာ တပါးပါးနဲ့ ယှဉ်၍ ဖြစ်တတ်ပါတယ်။ အကုသိုလ်လောဘမူစိတ် ဖြစ်ပေါ် ယင်လဲ၊ ကုသိုလ်စိတ်နဲ့အတူဘဲ-ဝေဒနာ နှစ်ပါး တို့တွင်၊ တပါးပါးနဲ့ ယှဉ်၍ဖြစ်တာပါဘဲ။ အကုသိုလ်ဒေါသမူစိတ် ဖြစ်ပေါ်ခဲ့ယင်။ ဒေါမနဿ ဝေဒနာနဲ့ယှဉ်၍ ဖြစ်တတ်ပါတယ်။ အကုသိုလ်မောဟမူစိတ်ဖြစ်ပေါ်ယင်တော့။ ဥပေက္ခာ ဝေဒနာနဲ့သာ ယှဉ်ပြီး ဖြစ်တတ်ပါတယ်။ ဒါကြောင့်-ကုသိုလ်စိတ်-အကုသိုလ် စိတ်တို့နဲ့ယှဉ်ကြတဲ့ စေတသိက်တို့ကို။ကုသိုလ်စေတသိက်-အကုသိုလ်လောဘမူစေတသိက်,ဒေါသမူစေတသိက်,မောဟမူစေတသိက်တွေလို့၊အသီးသီးခွဲ၍မှတ်ယူရပါတယ်။

စေတသိက်တို့ဟာ၊မနောဒွါရမှာဖြစ်ခိုက်-မနောဒွါရိက စေတသိက် ဓမ္မာရုံကို အာရုံပြုခိုက်။ ဓမ္မာရမ္မဏိက စေတသိက် မည်ကြပါတယ်။ ဒီစေတသိက်တွေလဲ-ဗုဒ္ဓဘာသိတ စေတသိက် အဘိဓမ္မာစေတသိက် ပရမတ်စစ်စစ်တွေပါဘဲ။

၁၂။ တွေးသိစိတ် နာမ်ကလာပ်တို့တွင်။ ကုသိုလ်စိတ် နာမ်ကလာပ်မှာ။အတွင်းဝင်ကြတဲ့စေတသိက်တို့ဟာ။ကုသိုလ်ဖဿ

ကုသိုလ် သောမနဿ - ကုသိုလ် ဥပေက္ခာ - ကုသိုလ် သညာ ကုသိုလ်စေတနာမည်ကြပါတယ်။ ။ကုသိုလ်ဝိညာဏက္ခန္ဓာနဲ့ ယှဉ်ကြတဲ့-နာမက္ခန္ဓာတွေဟာလဲ၊ကုသိုလ်ဝေဒနက္ခန္ဓာ-ကုသိုလ် သညက္ခန္ဓာ-ကုသိုလ်သင်္ခါရက္ခန္ဓာမည်ကြပါတယ်။အကုသိုလ်စိတ် နာမ်ကလာပ်,နာမက္ခန္ဓာတို့ကိုလဲ၊ဒီနည်းနဲ့ အတူဘဲဆိုရမယ်။

တွေးသိစိတ် နာမ်ကလာပ် နာမက္ခန္ဓာတွေဟာ၊ ကံအ ကြောင်းကြောင့်မဖြစ်ကြ၊ကံမှတပါး ယောနိသောမနသိကာရ အယောနိသော မနသိကာရဆိုတဲ့ အနန္တရ စိတ် အကြောင်း ကြောင့်ဖြစ်ကြရလို့၊ အနုပါဒိန္န နာမ် ကလာပ်၊ အနုပါဒိန္န နာမက္ခန္ဓာ များမည်ကြပါတယ်၊

တွေးသိစိတ်နာမ်ကလာပ်, နာမက္ခန္ဓာတို့ရဲ့မှီရာ-နှလုံး ရုပ်ဟာ။ ကံအကြောင်းကြောင့် ဖြစ်ပေါ်ရလို့-ဥပါဒိန္န ရုပ်က လာပ်-ဥပါဒိန္န ရူပက္ခန္ဓာမည်ပါတယ်။

ဓမ္မာရုံဖြစ်ကြတဲ့ ဝိသယရုပ်,ပသာဒရုပ်,နှလုံးရုပ်, တွေ ဟာ၊ဓမ္မာရုံရုပ်-ဓမ္မာရုံရူပက္ခန္ဓာမည်ကြပါတယ်။ ။မနော ဒွါရိက တွေးသိစိတ်တို့ အာရုံပြု၍သိကြတဲ့၊ ဆဒွါရိက စိတ်စေတ သိက်ဓမ္မာရုံတို့ကတော့။ နာမ်ဓမ္မာရုံများ ဖြစ်ကြလို့၊ ဓမ္မာရုံ နာမ်ကလာပ်တွေသာဖြစ်ကြပါတယ်။ ။ခွဲဖွဲ့ရန်ကတော့ ဓမ္မာရုံရုပ်ကိုအာရုံပြု၍ မနောဒွါရမှာ တွေးသိစိတ်တွေ ဖြစ်ကြ ယင်၊ဓမ္မာရုံရုပ်-နှလုံးရုပ်တို့ကိုရူပက္ခန္ဓာဖွဲ့ရပါတယ်။ ။ဓမ္မာရုံ နာမ်ကလာပ်တို့ကိုသါအာရုံပြု၍မနောဒွါရမှာတွေးသိစိတ်တွေ ဖြစ်ကြယင်တော့၊နှလုံးရုပ်ကိုသာ-ရူပက္ခန္ဓာဖွဲ့၍၊ ဓမ္မာရုံ နာမ် ကလာပ်နဲ့-မနောဒွါရိက တွေးသိစိတ် နာမ်ကလာပ် တို့ကို။ နာမက္ခန္ဓာဖွဲ့ရမယ်။

## ရုပ်နာမ်ဓမ္မာရုံကို မနောဒွါရိက တွေးသိစိတ်ကသိပုံ။

၁၃။ မနောဒွါရမှာဖြစ်ကြတဲ့တွေးသိစိတ်တွေဟာ။ အောက်မှာပြခဲ့တဲ့-ပသာဒရုပ်၊ နှလုံးရုပ်၊ အာရုံရုပ်၊ ပဥ္စဒွါရမှာဖြစ်ကြတဲ့ နာမ်ကလာပ်လို့ဆိုရတဲ့ ဓမ္မာရုံတွေကိုလဲသိကြတယ်။ မနောဒွါရမှာဘဲ ရှေးခဏကဖြစ်နှင့်တဲ့ တွေးသိစိတ် နာမ်ကလာပ်ဆိုတဲ့ ဓမ္မာရုံကိုလဲ မနောဒွါရက နောက်ထပ်အသစ် ဖြစ်လာတဲ့ တွေးသိစိတ်ကိုကဘဲသိကြပြန်တာဘဲ။

၁၄။ ပသာဒရုပ်စတဲ့ ရုပ်နာမ်ဓမ္မာရုံတွေကိုသိဟန်ကား၊ မျက်စိဟာရုပ်။ ရူပါရုံဟာလဲရုပ်ပဲ၊ မျက်စိရုပ်က ဖြစ်ပေါ်တဲ့ (တွေ့ထိခံစား၊ မှတ်သားနှိုးဆော်၊ စိတ်နဲ့ဖျော်၊ ငါးဖေါ်နာမ်ကလာပ်) ကတော့ နာမ်ဘဲ။ မျက်စိ ရုပ်ဟာ-အနိစ္စ၊ ရူပါရုံဟာ-အနိစ္စ၊ နာမ်ကလာပ်လဲအနိစ္စဘဲ အစရှိသည်ဖြင့် သိတာဟာ၊ တွေးသိကုသိုလ်စိတ်နဲ့သိတာဘဲ။ ဉာဏ်သိနဲ့သိတာဘဲ။ ရုပ်နာမ်စတဲ့ တရားတွေကို ဟုတ်တိုင်းမှန်စွာ ဉာဏ်နဲ့သိလို့ ယထာ ဘူတ သိတာဘဲ။

၁၅။ ဒီလိုယထာဘူတဉာဏ်နဲ့မသိဘဲ။ ငါ့မျက်စိဟာသတ္တဝါဘဲ၊ ငါဘဲ၊ တင့်တယ်တာဘဲ၊ ရူပါရုံကလဲလှတာဘဲ၊ နာမ်ကလာပ်ဟာ သတ္တဝါဘဲ၊ ဒီလိုအနတ္တတရားစစ်ကို၊ အတ္တလို့မှားသောအားဖြင့်သုံးသပ်၍သိတာ၊ သာယာ၍သိတာ၊ နှစ်သက်၍သိတာကတော့-တွေးသိအကုသိုလ် လောဘမူ စိတ်သိနဲ့ သိတာဘဲ။ ဒိဋ္ဌိဂတသမ္ပယုတ်စိတ်သိနဲ့သိတာဘဲ။

၁၆။ ဒီအသိမျိုးမဟုတ်ဘဲ၊ မျက်စိ-ရူပါရုံ-နာမ်ကလာပ် ဟာ လှပတယ်-တင့်တယ်တယ်လို့၊ သာယာ၍, နှစ်သက်၍, သိယင် တော့၊ ဒိဋ္ဌိဂတ ဝိပ္ပယုတ်စိတ်သိနဲ့သိတာဘဲ။ အဲဒီလိုဒိဋ္ဌိဂတ သမ္ပယုတ်စိတ်နဲ့ အာရုံကို သာယာနှစ်သက်၍သိတာကို၊ဒိဋ္ဌါဘိ နန္ဒနတရား၊ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ်နဲ့အာရုံကိုသာယာနှစ်သက်၍ သိတာကိုတော့၊တဏှာဘိနန္ဒနတရားလို့-အဘိဓမ္မာအဋ္ဌကထာ ကြီး၊သုတ္တန်အဋ္ဌကထာကြီးတို့မှာပြဆိုကြပါတယ်၊

အဲဒီအသိတို့တွင်။ဉာဏ်သိနဲ့သိခြင်းဟာ၊ ပွါးများအပ် တဲ့ဘာဝေတဗ္ဗတရားဘဲ။ဒိဋ္ဌိသိ-တဏှာသိ နှစ်ပါးနဲ့ သိခြင်း က တော့။ပယ်သတ်အပ်တဲ့ ပဟာတဗ္ဗတရားပေါ့။ ပွါးများ အပ်တဲ့ တရားကိုပွါးများတာ။ ပယ်သတ်အပ်တဲ့တရားကို ပယ်သတ်တာ ဟာ-ဒို့ရဲ့လုပ်ငန်းပါဘဲ။

## ရှေးဖြစ်နှင့်တဲ့တွေးသိစိတ်ကို နောက်ဖြစ်တဲ့-တွေးသိစိတ်ကသိပုံ။

၁၇။ မနောဒွါရမှာဘဲ-ရှေးခဏကဖြစ်နှင့်တဲ့ တွေး သိ စိတ် ဓမ္မာရုံကို အာရုံပြု၍။ နောက်ထပ် အသစ်ဖြစ်ပေါ်တဲ့-တွေးသိ စိတ်ကသိဟန်မှာ။ ။ရှေးခဏကဖြစ်နှင့်တဲ့-ယထာဘူတ ဉာဏ သမ္ပယုတ်စိတ်ဆိုတဲ့ဓမ္မာရုံကို အာရုံပြု၍။ ဒီစိတ်ဟာ-ရုပ်နာမ် တရားတွေကို ဟုတ်တိုင်းမှန်စွာသိပါကလားလို့။ အဲဒီရှေးစိတ် ဖြစ်ပေါ်တဲ့အမူအရာကိုသိ၍။မနောဒွါရက နောက်ထပ် တဘန် တွေးသိကုသိုလ် ဉာဏသမ္ပယုတ်စိတ်သစ်ဟာ ဖြစ်ပေါ်ရတယ်။

ဒီလိုရှေးကဖြစ်တဲ့ မနောဒွါရိက ကုသိုလ် စိတ်ဟောင်းကို

အာရုံပြု၍။ နောက်မှဖြစ်ပေါ်တဲ့-မနောဒွါရိက-ကုသိုလ် စိတ်သစ်နဲ့သိဟန်ကို ဉာဏ်နဲ့သိအပ်ပါတယ်။

၁၈။ မနောဒွါရဆိုတဲ့အမည်ကိုရကြတဲ့ စိတ်နှစ်ပါး တို့တွင်။ ဘဝင်အမည်ရှိတဲ့ရှေးစိတ်ဟာ၊ အဝိဇ္ဇာ-တဏှာ-သ-ဟေတုက ကံ၊ဒီအကြောင်း သုံးပါးတို့ကြောင့်ဖြစ်ရလို့၊ သဟိတ်ဝိပါက် စိတ်မည်ပါတယ်၊ဒီစိတ်ဟာ၊ ကံ-ကမ္မနိမိတ်-ဂတိနိမိတ်-အာရုံ သုံးပါးတို့တွင်။ တပါးပါးကို အာရုံပြု၍-နှလုံးရုပ်မှာ ဖြစ်ယင်၊ ဖဿ-သောမနဿ ဝေဒနာ-ဥပေက္ခာဝေဒနာ-သညာ-စေတနာ ဆိုတဲ့သမ္ပယုတ်စေတသိက်လေးပါးတို့နဲ့ ပြိုင်တူဖြစ်ပါတယ် ဒီစေတသိက် စိတ်ငါးပါး အပေါင်းအစည်းဟာ၊ ဘဝင် စိတ် နာမ်ကလာပ်မည်ပါတယ်။ဖဿပဉ္စမက နာမ်ကလာပ်လဲ မည်ပါတယ်။စိတ္တုပ္ပါဒ်လဲမည်ပါတယ်။

ဒီဘဝင်စိတ်ဟာ၊ ဘဝင်ကိစ္စတပ်၍၊ ဒွါရခြောက်ပါးမှ လွတ်နေတဲ့နှလုံးမှာမှီ၍ ဖြစ်တတ်သောကြောင့်။ ဒွါရဝိမုတ်စိတ် မည်ပါတယ်။စိတ်ကိုက ဒွါရဝိမုတ်စိတ်ဖြစ်နေတော့၊အဲဒီစိတ်နဲ့ ယှဉ်ကြတဲ့စေတသိက်တွေဟာလဲ။ ဒွါရဝိမုတ် စေတသိက်တွေ မည်ရကြတော့တာပေါ့။

အဲဒီရုပ်နာမ်များကို ခန္ဓာဖွဲ့ယင်။ဘဝင်စိတ်နာမ်ကလာပ်ရဲ့မှီရာ နှလုံးရုပ်ဟာ,ရူပက္ခန္ဓာ,သောမနဿဝေဒနာ,ဥပေက္ခာဝေဒနာဟာ-ဝေဒနက္ခန္ဓာ။ သညာဟာ-သညက္ခန္ဓာ။ ဖဿ စေတနာ တွေက - သင်္ခါရက္ခန္ဓာ ၊ ဘဝင်စိတ် က တော့ ဝိညာဏက္ခန္ဓာ မည်ပါတယ်။

ဒိခန္ဓာတို့တွင်၊ရူပက္ခန္ဓာက-သဟေတုက ကံအကြောင်း ကြောင့်ဖြစ်ရလို့။ဥပါဒိန္န ရူပက္ခန္ဓာ-နာမက္ခန္ဓာတွေကလဲ၊ သဟေတုကကံအကြောင်းကြောင့်ဖြစ်ရကြလို့။ဥပါဒိန္န-နာမက္ခန္ဓာတွေပါဘဲ။ အောက်မှာပြခဲ့တဲ့-စက္ခုဒွါရအစရှိတဲ့-ဒွါရရုပ် တွေမှာဖြစ်တဲ့၊ ခန္ဓာငါးပါး-ငါးလီတို့ ဟာလဲ။ ဥပါဒိန္န ရူပက္ခန္ဓာ နာမက္ခန္ဓာတွေဘဲ ဖြစ်ကြ ပါတယ်။ ဒိဥပါဒိန္န ခန္ဓာတွေ ဟာ၊ အဝိဇ္ဇာ-တဏှာ ဆိုယဲ့ ကိလေသာ-အဟေတုကကံ-သဟေတုက ကံတွေရဲ့ ပြုပြင်တိုင်း-စီမံတိုင်းခံကြရလို့၊ လွန်လွန် ကဲကဲ ဒုက္ခအဖြစ်နဲ့ ယောဂီရဲ့ဉာဏ်အားထင်တတ်ပါတယ်။

၁၉။ မနောဒွါရ အမည် ရတဲ့ - မနောဒွါရာဝဇ္ဇန်း ဆိုတဲ့ နောက်စိတ်ကတော့၊ဥပေက္ခာသဟဂုတ်-အဟေတုက ကိရိယာစိတ်ပါဘဲ။ဒိစိတ်ကို-ရုပ်တရားလို-ဝိပါတ်စိတ်တရားလို၊ ဒိတရားဟာ-ဇနကအကြောင်းဘဲလို့။မှချအားဖြင့်ဆိုဘို့ရာဟာ မလွယ်ကူလှပါဘူး။ပရိယာယ်အားဖြင့် တော့၊အနန္တရပစ္စည်းတပ်ကြတဲ့အဟိတ်ဝိပါက်သန္တိရဏစိတ်, ဘဝင်စိတ်တွေဘဲ။ ဝုဋ္ဌောစိတ်၊ ဝါ၊ မနောဒွါရာဝဇ္ဇန်းစိတ်ရဲ့အကြောင်းတွေဘဲလို့ ဆိုထိုက်ပါတယ်၊ ။ဒါကြောင့်၊ ဒိစိတ်ကိုလဲ တွေးသိ စိတ်တွေနဲ့ အတူ အနုပါဒိန္နစိတ်ပဲလို့ မှတ်အပ် ပါတယ်။ ဒိ မနောဒွါရာဝဇ္ဇန်းစိတ်ဟာ၊ပဉ္စဒွါရမှာ-ရှေးသန္တိရဏစိတ်ကြောင့်။ မနောဒွါရအမည်ရခိုက်မှာ၊ ရှေး ဘဝင်္ဂုပစ္ဆေဒစိတ်ကြောင့် ဖြစ်ယင် ဒိစိတ်ရဲ့ ဥပါဒ် ခဏနဲ့ ပြိုင်၍ ဖဿ ဥပေက္ခာ ဝေဒနာ-သညာ စေတနာဆိုတဲ့ သမ္ပယုတ်စေတသိက်လေးပါးတို့ဟာ။စိတ်အာရုံပြုတဲ့ ဆဋ္ဌာရုံကို အာရုံပြု၍ စိတ်ထွက်လာခဲ့တဲ့ ဟဒယဝတ္ထုရုပ်ကဘဲ ဖြစ်ထွက်လာကြပါတယ်။ ဒိစေတသိက်စိတ်တို့ကိုလဲ၊ ရှေး

နည်းတွေနဲ့အတူ နာမက္ခန္ဓာဖွဲ့၊ နှလုံး ရုပ် ကို-ရူပက္ခန္ဓာ ဖွဲ့၍၊ ခန္ဓာငါးပါးတို့ကိုယူလေ။

၂၀။ ဒီစာမှာပြခဲ့တဲ့အစဉ်ကိုမှီ၍၊ မိမိတို့ကိုယ်မှာ ရှိကြတဲ့ ဒွါရခြောက်ပါး-အာရုံခြောက်ပါး-နာမ် ကလာပ် တဆယ့် တစည်းတို့ကို၊ ဉာဏ်နဲ့တသပ်စီတသပ်စီ ခွဲ၍ခွဲ၍ ရှုဆင်ခြင်ယင် မိမိရဲ့တကိုယ်ကောင်လုံးဟာ စိတ်စေတသိက် ရုပ်တရားမျှသာ ခန္ဓာငါးပါးမျှသာ-ရုပ်တရား-နာမ်တရားမျှသာ၊ ခန္ဓာ တွေရဲ့ တသုတ်စီ တသုတ်စီ-ဖြစ်ခြင်း ပျက်ခြင်း မျှသာ-အနိစ္စ တရားစု ဒုက္ခတရားစု-အနတ္တတရားစုမျှသာ-သစ္စာလေး ချက်မျှသာ-မိမိ ရဲ့ဉာဏ်အားထင်လာစေရတယ်။ မထင်မချင်း အကြိမ်များစွာ အဘန်ဘန်အထပ်ထပ်ရှု။

၂၁။ အောက်မှာပြခဲ့တဲ့ဉာဏ်စဉ်တို့တွင်။ နာမရူပပရိစ္ဆေဒ ဉာဏ်နဲ့ သက္ကာယဒိဋ္ဌိကို ပယ်သတ်နိုင်ပါတယ်။ ပစ္စယပရိဂ္ဂဟ ဉာဏ်နဲ့-အဟေတုကဒိဋ္ဌိ-ဝိသမဟေတုဒိဋ္ဌိ တို့ကို ပယ်သတ် နိုင် ပါတယ်။ ။ဒီဉာဏ်နှစ်ပါးနဲ့ပြည့်စုံတဲ့ ဝိပဿကယောဂီ ပုဂ္ဂိုလ်ဟာ၊မြတ်စွာဘုရားရဲ့သာသနာတော်အတွင်းမှာ၊ရအပ် တဲ့ သက်သာယာမှု၊ ရအပ်တဲ့ထောက်တည်ရာရှိပြီး။ အပါယ် လေးပါးသို့မလားမကပ်ဘဲ၊လားရာဂတိမြဲလို့၊ စူဠသောတာပန် ပုဂ္ဂိုလ်မည်ပါတော့တယ်လို့၊ဝိသုဒ္ဓိမဂ်-ဝိဘင်းအဋ္ဌကထာကြီး တို့မှာ ပြတော်မူကြပါတယ်။ ။အဲဒီ-ဉာဏ်နှစ်ပါးတို့ရဲ့ နောက်၊ခန္ဓာငါးပါးတို့ ဖြစ်တာကိုမြင်တဲ့ ဥဒယဒဿန ဉာဏ် နဲ့ ဥစ္ဆေဒဒိဋ္ဌိကို၊ခန္ဓာငါးပါးတို့ပျက်တာကိုမြင်တဲ့-ဝယဒဿန ဉာဏ်နဲ့၊သဿတဒိဋ္ဌိကိုပယ်သတ်နိုင်ပါတော့တယ်။ ဒိဋ္ဌိတရား

ကိုပယ်သတ်နိုင်ခဲ့ယင်၊ ဝိစိကိစ္ဆာတရားနဲ့ အတူဘဲပယ်သတ်တာ ပါဘဲ။ ဝိစိကိစ္ဆာကိုခွါပြန်ယင်လဲ၊ ဒိဋ္ဌိနဲ့ အတူဘဲခွါရပါတယ်။

ဝိစိကိစ္ဆာကိုခွါတယ်ဆိုတာဟာ၊ ခမ္မဝတ္ထာန ဉာဏ်နဲ့ ယုံမှားတဲ့ ဘုရားတို့ကိုပယ်သတ်တာကိုဆိုပါတယ်။ ခမ္မဝဝတ္ထာန ဉာဏ်ဆိုတာ၊ ကုသိုလ်စတဲ့ တရားတွေကို ဟုတ်တိုင်း မှန် စွာ ဆုံးဖြတ်ချက်ချနိုင်တာကိုဆိုတာပါဘဲ။ ရှေးရှေးကျမ်းတတ် အ ကျော် ဆရာတော်မြတ်တို့က၊ သပ္ပစ္စယနာမရူပဝဝတ္ထာန ဉာဏ် နဲ့ ဝိစိကိစ္ဆာတရားကို ခွါနိုင်တယ်လို့ မိန့်တော် မူကြပါတယ်။

## ဉာဏ်တို့ကိုပြခြင်း။

၂၂။ ဉာဏ်ဟာ၊ သုတမယဉာဏ်-စိန္တာမယဉာဏ်-ဘာဝနာ မယဉာဏ် ဒီလိုသုံးပါးရှိပါတယ်။ ဒီသုံးပါးတို့တွင်၊ သူတပါးတို့ ထံက နာရ ကြားရ၍ ရအပ်တဲ့ဉာဏ်ဟာ၊ နာကြားခြင်းရဲ့ အ စွမ်းအားဖြင့်ဖြစ်သောကြောင့်။ သုတမယဉာဏ် မည်ပါတယ်။ သူတပါးတို့ထံမှ မနာရ မကြားရဘဲ ရအပ်တဲ့ ဉာဏ်ဟာ၊ မိမိ ကိုယ်ပိုင် အကြံအစီရဲ့ အစွမ်းအားဖြင့်ဖြစ်သောကြောင့်၊ စိန္တာ မယဉာဏ်မည်ပါတယ်။ သူတပါးတို့ထံမှ အဆုံးအမကိုနာကြား ရလို့ဖြစ်စေ၊ မနာကြားရလို့ဘဲဖြစ်စေ၊ ကိုယ်တိုင်ဘဲဘာဝနာကို ပွါးများအားထုတ်တဲ့ ပုဂ္ဂိုလ်ရဲ့ ဘာဝနာ၏ အစွမ်း အားဖြင့် ဖြစ်တဲ့၊ အပ္ပနာသို့ရောက်နေတဲ့ဉာဏ်ဟာ၊ ဘာဝနာ မယဉာဏ် မည်ပါတယ်။ ဒီနေရာမှာ-အပ္ပနာသို့ ရောက်တဲ့ ဉာဏ် ဆို တဲ့ စကားကို အထွဋ်အထိပ်အမြင့်ဆုံးသို့ရောက်တဲ့ ဘာဝနာ မယ ဉာဏ်ကိုပြခြင်းငှါဆိုရပါတယ်။ အပ္ပနာသို့ ရောက်နေတဲ့ ဉာဏ် သည်သာ။ ဘာဝနာ မယဉာဏ် မဟုတ် ပါသေး။ အပ္ပနာသို့

မရောက်ရသေးမီ ပွါးများ ရတဲ့ ဉာဏ်ဟာလဲ၊ ဘာဝနာ မယ ဉာဏ်ဘဲမည်ပါတယ်။

ပရမတ္ထတရားတွေရဲ့လက္ခဏာဟာ။သဘာဝလက္ခဏာ၊ သာမညလက္ခဏာအားဖြင့်-နှစ်ပါးရှိပါတယ်။ ဒီနှစ်ပါးတို့တွင် မျက်စိရုပ်ရဲ့ကြည့်ခြင်း, ရူပါရုံရဲ့ စက္ခုဒွါရကို ထိခတ်ခြင်း, အဆင်းသိစိတ်ရဲ့ရူပါရုံကိုသိခြင်း အစရှိတဲ့လက္ခဏာဟာ၊ သဘာဝ လက္ခဏာမည်ပါတယ်၊ရူပက္ခန္ဓာဟာ-အနိစ္စ-ဒုက္ခ-အနတ္တ ပါဘဲ။နာမက္ခန္ဓာတို့ဟာလဲ၊ အနိစ္စ-ဒုက္ခ-အနတ္တ-တွေပါဘဲ။ ဒီလို ရုပ်တိုင်း နာမ်တိုင်းနဲ့ ဆက်ဆန်တဲ့-အနိစ္စစတဲ့ လက္ခဏာ ဟာ၊ သာမည လက္ခဏာမည်ပါတယ်။ ဒီနှစ်ပါး တို့တွင်။ သဘာဝ လက္ခဏာကို၊ မျက်မှောက်သိ -တိုက်ရိုက် သိတဲ့ ဉာဏ်ဟာ။ ပစ္စက္ခဉာဏ်မည်ပါတယ်။ သာမညလက္ခဏာကို-မှန်းဆပြီးသိတဲ့ ဉာဏ်ဟာ၊ အနုမာနဉာဏ်မည်ပါတယ်။ မြတ်စွာဘုရား ဟောကြားတော်မူအပ်တဲ့ ပါဠိကျမ်းဂန် အာဂုံဟာ-သုတမယဉာဏ်ကိုဖြစ်စေတတ်လို့။ အနုမာနဉာဏ်သို့ ပို့ဆောင်နိုင် ပါတယ်။ နာကြားအပ်ပြီးတဲ့တရားတော်ရဲ့ထင်လာတဲ့အမူအရာသဘောကို၊ဒီလိုဖြစ်လိမ့်မယ်၊ဒီလိုလဲဖြစ်လိမ့်မယ်လို့စူးစမ်းဆင်ခြင်တာနဲ့ ကပ်၍ရှုတဲ့ဉာဏ်မှာတည်နေတဲ့ပုဂ္ဂိုလ်ဟာ၊ စိန္တာမယဉာဏ်ကိုဖြစ်စေပါစေ၍၊ အစဉ်အားဖြင့် - ဘာဝနာနဲ့ ပစ္စက္ခဉာဏ်ကို ရနိုင်ပါတော့တယ်။

# နိဂုံး

ကမ္ဘမြို့၊ ရေခဲတောင်ဆရာ-ငါသည်၊ စိရင်ရေးသားအပ်သော၊ ကိုယ်တွင်းဗုဒ္ဓဘာသိတရုပ်နာမ်အဘိဓမ္မာနှင့်၊ ဝိပဿနာ စက္ခုကျမ်းသည်။ မြန်မာသက္ကရာဇ်(၁၃၂၄)ခု တပေါင်းလပြည့် စနေနေ့နံနက်-စက်(၉)နာရီ အချိန်၌၊ ပြီး ဆုံး ခြင်း သို့ ရောက် သတည်း။

# အမှားအမှန်ပြင်ဆင်ချက်။

| စာမျက်နှာနံပါတ် | စာကြောင်းရေ | အမှား | အမှန် |
|---|---|---|---|
| ၂ | ၈-၁၀-၁၃ | သဏ္ဍှာန် | သဏ္ဍာန်(ဝါ)သဏ္ဌာန် |
| ၃ | ၅ | ပစ္စယပဋ္ဌိဂ္ဂဟာဉာဏ် | ပစ္စယပရိဂ္ဂဟဉာဏ် |
| ၄ | ၂ | ပစ္စယပဋ္ဌိဂ္ဂဟာဉာဏ် | ပစ္စယပရိဂ္ဂဟဉာဏ် |
| ၈ | ၁၁ | အာရမဏိက | အာရမ္မဏိက |
| ၁၄ | ၁၆-၁၇ | ဝိဘာက်ကိရိယာ | ဝိပါက်ကိရိယာ |
| ၂၅ | ၆ | ရုပ်ဘဲလို | နာမ်ဘဲလို |
| ၂၇ | ၂၃ | ဖြစ်နေတုးဘဲ | ဖြစ်နေတုန်းဘဲ |
| ၃၅ | ၄ | သညာဆိုတဲ့ | သညာ၊ စေတနာဆိုတဲ့ |
| ၃၆ | ၃ | သောတဝိဉာဏ် | သောတဝိညာဏ် |
| ၄၀ | ၇ | ဂန္ဓာရမဏိက | ဂန္ဓာရမ္မဏိက |
| ၄၃ | ၆ | ရသာရုံကိုထိခတ်တဲ့ | ရသာရုံကိုသိတတ်တဲ့ |
| ၄၇ | ၁၅ | ကာယဝိဉာဏ် | ကာယဝိညာဏ် |

မန္တလေးဒါနရှင်တို့၏-ရွာအမည်နှင့်-ကုသိုလ်ရှင်တို့၏ အမည်များ။

| အမှတ်စဉ် | အလှူ့ရှင်အမည် | ရွာအမည် |
|---|---|---|
| ၁ | ဒေါ်သော့ | ဂေါ်ပင်တောင်ရွာ |
| ၂ | ဦးထွန်းစိန် | ॥ |
| ၃ | ॥ အုန်းရွှေ | ॥ |
| ၄ | ॥ ရွှေဆိတ် | ॥ |
| ၅ | ॥ ကျော်ခ | ॥ |
| ၆ | ॥ သောင်း | ॥ |
| ၇ | ॥ ညီပု | ॥ |
| ၈ | ॥ သံချောင်း | ॥ |
| ၉ | ॥ ဘိုးရန် | ॥ |
| ၁၀ | ॥ ချစ်ဘိုး | ॥ |
| ၁၁ | ॥ အောင်သိန်း | ॥ |
| ၁၂ | ॥ ဘိုးညွန့် | ॥ |
| ၁၃ | ॥ ညိုရောင် | ॥ |
| ၁၄ | ॥ စံတင် | ॥ |
| ၁၅ | ॥ အောင်တင် | ॥ |
| ၁၆ | ॥ ထွန်းသင် | ॥ |
| ၁၇ | ॥ ဘိုးစိုး | ॥ |
| ၁၈ | ॥ ထွန်းအောင် | ॥ |
| ၁၉ | ॥ ကျော်သောင်း | ॥ |
| ၂၀ | ဒေါ်တင်စိန် | ॥ |
| ၂၁ | ဒေါ်အုံး | ॥ |
| ၂၂ | မခင်ငွေ | ॥ |

ဓမ္မဒါနရှင်တို့၏-ရွာအမည်နှင့်-ဘုသိုလ်ရှင်တို့၏ အမည်များ။

| အမှတ်စဉ် | အလှူ့ရှင်အမည် | ရွာအမည် |
|---|---|---|
| ၂၃ | ဒေါ်အေး | ဂေါ်ပင်တောင်ရွာ |
| ၂၄ | ဦးမိုးသီး | မြင်းစုကျေးရွာ |
| ၂၅ | ״ ဘိုးဆင့် | ״ |
| ၂၆ | ״ သန်းအေး | ״ |
| ၂၇ | ״ ခင်သန်း | ״ |
| ၂၈ | ״ ဝမ်းမောင် | ״ |
| ၂၉ | ״ လှကြီး | ״ |
| ၃၀ | ״ ကျော်ဘိုး | ״ |
| ၃၁ | ״ တုတ်ဖြူ | ״ |
| ၃၂ | ״ လှမောင်လတ် | ״ |
| ၃၃ | ״ တင်မောင် | ״ |
| ၃၄ | ״ အုန်းမောင် | ״ |
| ၃၅ | ״ မှူ | ״ |
| ၃၆ | ״ တင်ရှိန် | ״ |
| ၃၇ | ״ ကျော်ဒင် | ״ |
| ၃၈ | ״ လှရှိန်လေး | ״ |
| ၃၉ | ״ အေးမောင်ကြီး | ״ |
| ၄၀ | ״ သောင်း | ״ |
| ၄၁ | ״ ဘိုး | ״ |
| ၄၂ | ״ ဘိုးလှ | ״ |
| ၄၃ | ״ လှရှိန်ကြီး | ״ |
| ၄၄ | ״ ကျော်ငြိမ်း | ״ |

## ဓမ္မဒါနရှင်တို့၏-ရွာအမည်နှင့်-ကုသိုလ်ရှင်တို့၏-အမည်များ။

| အမှတ်စဉ် | အလှူရှင်အမည် | ရွာအမည် |
|---|---|---|
| ၄၅ | ဦးမြှိုင် | မြင်းစု |
| ၄၆ | 〃 ကြွယ်ကြီး | |
| ၄၇ | ကိုကျော်ရွှေ | |
| ၄၈ | ကိုအောင်ခိုင် | |
| ၄၉ | ကိုနွေးပု | |
| ၅၀ | ကိုသင် | |
| ၅၁ | ကိုမောင်တင် | |
| ၅၂ | ကိုကြွက် | |
| ၅၃ | ဦးစံသိုက် | ပြည် |
| ၅၄ | 〃 ဟံတိန် | |
| ၅၅ | 〃 ကျော်စိန် | |
| ၅၆ | 〃 ချစ်တီး | |
| ၅၇ | 〃 အောင်ညွှန့် | |
| ၅၈ | 〃 လှမောင်လေး | |
| ၅၉ | ကိုမြရွှေ | |
| ၆၀ | ဦးသာဟန် | |
| ၆၁ | 〃 စိန်ထွန်း | |
| ၆၂ | 〃 မှုံကြီး | |
| ၆၃ | ဒေါ်ပိုးချို | |
| ၆၄ | ဒေါ်ရှမ်း | |
| ၆၅ | ဒေါ်တင်လှ | |
| ၆၆ | ဒေါ်သင်းထုံ | |

မွန်ပါနရှင်တို့၏-ရွာအမည်နှင့်-ကုသိုလ်ရှင်တို့၏ အမည်များ။

| အမှတ်စဉ် | အလှူရှင်အမည် | ရွာအမည် |
|---|---|---|
| ၆၇ | ဒေါ်ကျင်မြ | ပြည် |
| ၆၈ | ဒေါ်သိုင်း | |
| ၆၉ | ဒေါ်မြသန်း | |
| ၇၀ | ဒေါ်ရေသွယ် | |
| ၇၁ | မအုံးကြည် | |
| ၇၂ | မပု | |
| ၇၃ | မတင်အေး | |
| ၇၄ | မခေါ် | |
| ၇၅ | မညွန့်စိန် | |
| ၇၆ | မမြခွေ | |
| ၇၇ | မသိန်းညွန့် | |
| ၇၈ | မလှကျင် | |
| ၇၉ | မဝင်းတင် | |
| ၈၀ | မခင်ရွှေ | |
| ၈၁ | မကြည်ကြည်လှိုင် | |
| ၈၂ | မတင်ကြူး | |
| ၈၃ | မအစို | |
| ၈၄ | မနီ | |
| ၈၅ | ဒေါ်အေးငွေ | |
| ၈၆ | ဒေါ်ပန်းမြင့် | |
| ၈၇ | ဒေါ်ကွန် | |
| ၈၈ | ဒေါ်ပုလေး | |

မန္တလေးရှင်တို့၏-ရွာအမည်နှင့်-ကုသိုလ်ရှင်တို့၏ အမည်များ။

| အမှတ်စဉ် | အလှူ့ရှင်အမည် | ရွာအမည် |
|---|---|---|
| ၈၉ | ဒေါ်ကျင်ရွှေ | ပြည် |
| ၉၀ | ဒေါ်အေးမေ | |
| ၉၁ | ဦးဘိုးလွင် | ထောက်ရှာကုန်းရွာ |
| ၉၂ | ဦးပန်းပွင့် | ။ |
| ၉၃ | ဦးကျော်စိန် | ။ |
| ၉၄ | ဦးဟံသိန်း | ။ |
| ၉၅ | ဦးခကျော်ငြိမ်း | ။ |
| ၉၆ | ဦးရွှေကြီး | ။ |
| ၉၇ | ဦးသာပို | ။ |
| ၉၈ | ဦးကျော်ဟန် | ။ |
| ၉၉ | ဦးမြမောင် | ။ |
| ၁၀၀ | ဦးလှတင် | ။ |
| ၁၀၁ | ကိုအုန်းမောင် | ။ |
| ၁၀၂ | ကိုပြော့ | ။ |
| ၁၀၃ | ဒေါ်စောခင် | ။ |
| ၁၀၄ | ဒေါ်သန်းကြည် | ။ |
| ၁၀၅ | ဒေါ်အေးမြင့် | ။ |
| ၁၀၆ | ဒေါ်တုတ်ခိုင် | ။ |
| ၁၀၇ | မခင်ကြည် | ။ |
| ၁၀၈ | မဆယ်တင် | ။ |
| ၁၀၉ | မအုံးစိန်ခလေး | ။ |
| ၁၁၀ | မဖွါးရီ | ။ |

## မွေ့ဒါနရှင်တို့၏-ရွာအမည်နှင့်-ကုသိုလ်ရှင်တို့၏ အမည်များ။

| အမှတ်စဉ် | အလှူ့ရှင်အမည် | ရွာအမည် |
|---|---|---|
| ၁၁၁ | မသန်းတင် | ထောက်ရှာကုန်းရွာ |
| ၁၁၂ | ဦးတလုပ် | ညောင်ပင်ဆိပ် |
| ၁၁၃ | ဦးဘိုးပြုန့် | ။ |
| ၁၁၄ | ဦးအောင်တင် | ။ |
| ၁၁၅ | ဦးကျောက်ပြား | ။ |
| ၁၁၆ | ဦးအောင်လှ | ။ |
| ၁၁၇ | ဦးဘိုးသန့် | ။ |
| ၁၁၈ | ကိုသောကြာ | ။ |
| ၁၁၉ | ဦးဘအုန်း | ။ |
| ၁၂၀ | ။ ဘိုးခဝ | ။ |
| ၁၂၁ | ။ ချမ်းငြိမ်း | ။ |
| ၁၂၂ | ။ ဘိုးရှိန် | ။ |
| ၁၂၃ | ။ စံငွေ | ။ |
| ၁၂၄ | ။ မောင်ဟန် | ။ |
| ၁၂၅ | ။ မြဘော် | ။ |
| ၁၂၆ | ။ မြသန်း | ။ |
| ၁၂၇ | ။ ဉာဏ်တင် | ။ |
| ၁၂၈ | ။ အေးမောင်လေး | ။ |
| ၁၂၉ | ။ သာချင် | ။ |
| ၁၃၀ | ။ ညီမောင် | ။ |
| ၁၃၁ | ။ ကိုကြီး | ။ |
| ၁၃၂ | ။ ကုလား | ။ |

ဓမ္မဒါနရှင်တို့၏-ရွာအမည်နှင့်-ကုသိုလ်ရှင်တို့၏ အမည်များ။

| အမှတ်စဉ် | အလှူရှင်အမည် | ရွာအမည် |
|---|---|---|
| ၁၃၃ | ဦးကုလား | ညောင်ပင်ဆိပ် |
| ၁၃၄ | ဦးလှကြင် | 〃 |
| ၁၃၅ | ကိုကာသိန်း | 〃 |
| ၁၃၆ | ကိုအုန်းကြွယ် | 〃 |
| ၁၃၇ | ဒေါ်စိန်းရင် | 〃 |
| ၁၃၈ | ဒေါ်အေးသင် | 〃 |
| ၁၃၉ | ဒေါ်မြညိမ် | 〃 |
| ၁၄၀ | ဒေါ်ရွှေသိုက် | 〃 |
| ၁၄၁ | ဒေါ်ပုလေး | 〃 |
| ၁၄၂ | ဒေါ်အုံးရင် | 〃 |
| ၁၄၃ | ဒေါ်လေး | 〃 |
| ၁၄၄ | ဦးဘိုးသာ | ထန်းလေးပင်ရွာ |
| ၁၄၅ | 〃 တင်အုန်း | |
| ၁၄၆ | 〃 ထွန်းလင်း | |
| ၁၄၇ | 〃 ဘိုးသီး | |
| ၁၄၈ | 〃 ထော် | |
| ၁၄၉ | 〃 သံကျောက် | |
| ၁၅၀ | 〃 စံချိန် | |
| ၁၅၁ | 〃 တူ | |
| ၁၅၂ | 〃 လွန်းမောင် | |
| ၁၅၃ | 〃 မြင့် | |
| ၁၅၄ | 〃 သာကျော့ | |

ခွေဒါနရှင်တို့၏-ရွာအမည်နှင့်-ကုသိုလ်ရှင်တို့၏-အမည်များ။

| အမှတ်စဉ် | အလှူ့ရှင်အမည် | ရွာအမည် |
|---|---|---|
| ၁၅၅ | ဦးကျော်ခင် | ထန်းလေးပင်ရွာ |
| ၁၅၆ | ״ ကျော်ဟန် | |
| ၁၅၇ | ״ ချစ် | |
| ၁၅၈ | ဒေါ်အုန်းသင် | |
| ၁၅၉ | ဒေါ်ပန်းငြိမ်း | |
| ၁၆၀ | ဒေါ်စိန် | |
| ၁၆၁ | ဒေါ်အုံးမြိုင် | |
| ၁၆၂ | ကိုတင်မောင် | ပြည်လို |
| ၁၆၃ | ပြည်လိုမြင့်ဘုန်းကြီး | ״ |
| ၁၆၄ | ဦးဣန္ဒာဘာသ | ״ |
| ၁၆၅ | ဦးဘိုး ရှင် | ״ |
| ၁၆၆ | ״ မြမောင် | ״ |
| ၁၆၇ | ״ ဘိုးတင် | ״ |
| ၁၆၈ | ״ အောင်သိန်း | ״ |
| ၁၆၉ | ״ ငယ်ပု | ״ |
| ၁၇၀ | ״ မှတ်စ | ״ |
| ၁၇၁ | ״ ဝါစွန် | ״ |
| ၁၇၂ | ״ သိန်းမောင် | ״ |
| ၁၇၃ | ״ သန်းကြီး | ״ |
| ၁၇၄ | ״ ထွန်းပိုင် | ״ |
| ၁၇၅ | ״ ကျော်အုန်းကြီး | ״ |
| ၁၇၆ | မောင်ဘခင် | ״ |

မမ္ဗဒါနရှင်တို့၏-ရွာအမည်နှင့်-ကုသိုလ်ရှင်တို့၏ အမည်များ။

| အမှတ်စဉ် | အလှူ့ရှင်အမည် | ရွာအမည် |
| --- | --- | --- |
| ၁၇၇ | မောင်အေး | ပြလို |
| ၁၇၈ | ဒေါ်စိန်ဝါ | ။ |
| ၁၇၉ | ဒေါ်ရှင် | ။ |
| ၁၈၀ | ဒေါ်အေးကြည် | ။ |
| ၁၈၁ | ဦးတိဿ | မှဉ်းပင်လှ |
| ၁၈၂ | ။ ညီငယ် | ။ |
| ၁၈၃ | ။ ကြင်မောင် | ။ |
| ၁၈၄ | ။ ကုလား | ။ |
| ၁၈၅ | ။ ချစ်ထွန်း | ။ |
| ၁၈၆ | ။ အောင်နု | ။ |
| ၁၈၇ | ။ ထွန်းရင် | ။ |
| ၁၈၈ | ။ အကာ်တို | ။ |
| ၁၈၉ | ။ အုန်းခိုင် | ။ |
| ၁၉၀ | ။ ထိုက် | ။ |
| ၁၉၁ | ။ စို | ။ |
| ၁၉၂ | ။ ထွန်းရုံ | ။ |
| ၁၉၃ | ။ သာလှိုင် | ။ |
| ၁၉၄ | ။ ဘိုးထော် | ။ |
| ၁၉၅ | ။ ဘိုးအုံ | ။ |
| ၁၉၆ | ။ လှစိုး | ။ |
| ၁၉၇ | ။ အောင်ကြိုင် | ။ |
| ၁၉၈ | ။ မြသူ | ။ |

မြွေဒါနရှင်တို့၏-ရွာအမည်နှင့်-ကုသိုလ်ရှင်တို့၏ အမည်များ။

| အမှတ်စဉ် | အလှူ့ရှင်အမည် | ရွာအမည် |
|---|---|---|
| ၁၉၉ | ဦးသိန်းရွှေ | ပျဉ်းပင်လှ |
| ၂၀၀ | ״ သာဇံ | ״ |
| ၂၀၁ | ״ စံသိန်း | ״ |
| ၂၀၂ | ״ စိန် | ״ |
| ၂၀၃ | ״ ကျန်မောင် | ״ |
| ၂၀၄ | ״ ဘိုးစိန် | ״ |
| ၂၀၅ | ဒေါ်မိညွှတ် | ״ |
| ၂၀၆ | ဦးထွန်းဟံ | ״ |
| ၂၀၇ | ״ သိန်းအောင် | ״ |
| ၂၀၈ | ״ မော့ | ״ |
| ၂၀၉ | ״ ဘိုးပို | ״ |
| ၂၁၀ | ״ သာခ | ״ |
| ၂၁၁ | ကိုကျော်အုန်း | ״ |
| ၂၁၂ | ဦးကျော်ဒင် | ״ |
| ၂၁၃ | ״ ကျော်ရင် | ״ |
| ၂၁၄ | ״ သာစိန် | ״ |
| ၂၁၅ | မတင်ထွေး | ״ |
| ၂၁၆ | ဦးကြာ | ״ |
| ၂၁၇ | ״ ကျော်စိန် | ״ |
| ၂၁၈ | ״ အောင်ရင် | ״ |
| ၂၁၉ | ဒေါ်ရှမ်း | ״ |
| ၂၂၀ | ဒေါ်ကြည် | ״ |

မမွဒါနရှင်တို့၏-ရွာအမည်နှင့်-ကုသိုလ်ရှင်တို့၏ အမည်များ။

| အမှတ်စဉ် | အလှူ့ရှင်အမည် | ရွာအမည် |
|---|---|---|
| ၂၂၁ | ဒေါ်စံမယ် | ပျဉ်းပင်လှ |
| ၂၂၂ | ဒေါ်သာမယ် | ॥ |
| ၂၂၃ | မခင်တင့် | ॥ |
| ၂၂၄ | ဒေါ်လှစိန် | ॥ |
| ၂၂၅ | ဒေါ်ရွှေကျင် | ॥ |
| ၂၂၆ | ဒေါ်ပုမ | ॥ |
| ၂၂၇ | မအေးလှ | ॥ |
| ၂၂၈ | ဦးလုံးဖိ | ကညင်တိုင်း |
| ၂၂၉ | ॥ မြဘူး | । |
| ၂၃၀ | ॥ အေးမောင် | ॥ |
| ၂၃၁ | ॥ သောင်းစိန် | ॥ |
| ၂၃၂ | ॥ ဘိုးရုံ | ॥ |
| ၂၃၃ | ॥ မြဘူး | ॥ |
| ၂၃၄ | ॥ ဘိုးစံ | ॥ |
| ၂၃၅ | ဒေါ်အိမ်မယ် | ॥ |
| ၂၃၆ | ဒေါ်ငွေခင် | ॥ |
| ၂၃၇ | ဦးတင့် | ကွမ်းခြံ |
| ၂၃၈ | ॥ စံရ | ထုံးကြီး |
| ၂၃၉ | ॥ ဘိုးညွန့် | |
| ၂၄၀ | ॥ တင်အုန်း | ကညင်တိုင်း |
| ၂၄၁ | ॥ အောင်တင် | ॥ |
| ၂၄၂ | ဒေါ်ငွေဆင် | ॥ |

## ဓမ္မဒါနရှင်တို့၏-ရွာအမည်နှင့်-ကုသိုလ်ရှင်တို့၏-အမည်များ။

| အမှတ်စဉ် | အလှူရှင်အမည် | ရွာအမည် |
|---|---|---|
| ၂၄၃ | ဦးအုန်းကြိုင် | ကမ္မမြို |
| ၂၄၄ | ဒေါ်ထားပု | ။ |
| ၂၄၅ | ဒေါ်ငွေကျော့ | ။ |
| ၂၄၆ | ဒေါ်ပိုက် | ။ |
| ၂၄၇ | ဒေါ်ပုတု | ။ |
| ၂၄၈ | ဒေါ်ရွှေပု | ။ |
| ၂၄၉ | ဒေါ်စိန်းရင် | ။ |
| ၂၅၀ | ဦးအုန်းမောင် | ။ |
| ၂၅၁ | ဦးအောင်ညွန့် | ။ |
| ၂၅၂ | ဒေါ်အုံးသင် | ။ |
| ၂၅၃ | ဒေါ်စန်းရင် | ။ |
| ၂၅၄ | ဒေါ်သန်းမြင့် | ။ |
| ၂၅၅ | ဦးစိန်းမောင် | ။ |
| ၂၅၆ | ကမ္မ | ။ |
| ၂၅၇ | ဦးဉာဏ်ကြီး | အုပ်သျှစ်ချို |
| ၂၅၈ | ဦးစိန် | |

မှတ်ပုံတင်အရာရှိ(ခရိုင်တရားသူကြီး)၏-ခွင့်ပြုချက်အရ
ကမ္မမြို့ ရေခဲတောင်ဆရာတော်
ရှင်ဇနန္ဒာစာရ - ထုတ်ဝေသည်။

ပြည်မြို့၊ထီးစုလမ်း၊
အလင်းရောင်စာပုံနှိပ်တိုက်မှာရိုက်နှိပ်သည်။
ယာယီမှတ်ပုံတင်အမှတ်(၅)